# Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.79(1318-
1332)ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဖျက်ဆီးခြင်း

၁၃၁၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၁၈ - ငါ့အတွက်

များပြားတဲ့သွေးတွေလိုအပ်တယ်

"ငါ မင်းကို အပြည့်အဝ

ထိန်းချုပ်ချင်လို့လေ" ကောင်းကင်အုတ်ဂူက

ဆက်ပြောသည် “ငါက ဓားတစ်လက်ပဲ။ ငါ့ရဲ့

စစ်မှန်တဲ့ ခွန်အားကို

ထုတ်ဖော်ချင်တယ်ဆိုရင်တော့
ကြားခံအဖြစ် ဆောင်ရွက်နိုင်တဲ့
လူတစ်ယောက် လိုအပ်တယ်။ မင်းက
ဓားသမားဖြစ်သလို သတ်ဖြတ်
ခြင်းစိတ်ဆန္ဒကိုပါ
ပိုင်ဆိုင်ထားတယ်။ ဒီတော့ ငါ မင်းကို
အပြည့်အ၀ ထိန်းနိုင်ရင် ငါ့ရဲ့ခွန်အားတွေ
တိုးလာဖို့ မင်းကို ငါ အသုံးချနိုင်ပြီ။ ဒါပေမဲ့
မင်းရဲ့ စိတ်ဆန္ဒက
ငါမျှော်လင့်ထားသလိုမဟုတ်ဘဲ
ငါ့ရဲ့စိတ်ဆန္ဒကို

ခံနိုင်ရည်မရှိတော့ဘူး။ ဒါတောင်မှ မင်းငါ့ကို အပြည့်အဝ ထိန်းချုပ်နိုင်ဖို့ လုံလောက်ဖို့ ဝေးနေသေးတယ်”

"မင်းကမတည်ငြိမ်တော့ဘူး" ယန်ယဲ့က ဆက်ပြောလိုက်သည် "ငါထင်တာမမှားရင် မင်းငါ့ကို လုံးလုံးလျားလျား ထိန်းချုပ်လို့ မရဘူးဆိုတာ မင်းလည်း သတိထားမိတယ် မဟုတ်လား"

ကောင်းကင်အုတ်ဂူက “အဲဒီအမျိုးသမီးက မင်းအပိုင်လား ငါမသိဘူး။ သူမက မင်းငါ့ကို ထိန်းချုပ်ဖို့ မကူညီနိုင်ပေမဲ့ ငါ့ကို ဖျက်ဆီးဖို့ ဒါမှမဟုတ် ချိတ်ပိတ်ထားနိုင်စွမ်းရှိတယ်။ ဒါ့အပြင် မင်းခန္ဓာကိုယ်ထဲက သေးငယ်တဲ့ကန်လေးကလည်း ငါ့ကို ဖျက်ဆီးနိုင်သလို ချိတ်ပိတ်ထားနိုင်တယ်။ မင်းပြောသလိုပဲ ငါတို့ လက်တွဲလုပ်ရမယ်။ ဒါပေမဲ့ မင်းဟာ ငါ့ရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့ မကောင်းဆိုးဝါးစွမ်းအင်ကို

ခုခံနိုင်မလားဆိုတဲ့ အပေါ်မှာပဲ
မူတည်တယ်”

ယန်ယဲ့က ခဏကြာ တိတ်ဆိတ်သွား၏။
ထို့နောက် သူက “ကောင်းပြီ…
ကိုယ့်ကိုယ်ကို ပြပါ။ စမ်းကြည့်ရအောင်"

"မင်းဆန္ဒအတိုင်းပဲ " စကားပြောပြီးသည်နှင့်
ပတ်ဝန်းကျင်တစ်ခုလုံးဟာ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖြင့်
ဖိနှိပ်ခံလိုက်ရလေသည်။

တစ်ချိန်တည်းမှာပင် သွေးတိုင်လုံးများက ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့သည်။

ယန်ယဲ့၏ ခန္ဓာကိုယ်ဟာ ချက်ချင်းပင် သွေးခန္ဓာကိုယ်တစ်ခုသဖွယ် ပြောင်းလဲသွားသည်။ ထို့နောက်တွင် သူ့လက်ထဲ၌ သွေးဓားတစ်ချောင်း ပေါ်လာသည်။ ယန်ယဲ့၏ လက်မှသွေးချည်မျှင်များ ဆက်တိုက် ထွက်လာပြီး ကောင်းကင်အုတ်ဂူ ထံသို့ အဆက်မပြတ် စီးဝင်သွားခဲ့သည်။

"ဘာလို့ ငါ့သွေးကို
စုပ်ယူနေတာလဲ" ထိုစကားများပြောပြီးသ
ည်နှင့် ယန်ယဲ့၏ မျက်လုံးများက
သွေးရောင်အတိပြောင်းသွားတော့သည်။

ကောင်းကင်အုတ်ဂူက "ငါ့ရဲ့သဘာဝကိုက
သတ်ဖြတ်ခြင်းရဲ့နိယာမလေ။ ဒီတော့
သွေးဆာနေတာကလည်း
ငါ့သဘောသဘာဝရဲ့
တစ်စိတ်တစ်ပိုင်းလို့ဆိုနိုင်တယ်။ ငါ့ရန်သူရဲ့

သွေး ဒါမှမဟုတ် ငါ့ပိုင်ရှင်ရဲ့သွေးကို စုပ်ယူလို့ရတယ်။ မင်းသတိထားရမှာက ငါ့ကိုထုတ်ဖော်ရင် သွေးလိုအပ်မယ်ဆိုတာ သတိရပါ။တခြားသူတွေရဲ့သွေးမရှိရင် မင်းရဲ့သွေးတွေကိုပဲ စုပ်ယူရလိမ့်မယ်”

ယန်ယဲ့သည် စကားပြန်မပြောတော့ပေ၊ ဤအချိန်တွင် သူ့မျက်လုံးများက သွေးရောင်အတိလွှမ်းနေပါပြီ။

တစ်ချိန်တည်းမှာပင်
သူ့ခန္ဓာကိုယ်ထဲကနေလည်း အတိုင်းအဆမဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
မကောင်းဆိုးရွားစွမ်းအင်များ
အဆက်မပြတ်စိမ့်ထွက်နေခဲ့သည်။
ထို့နောက်တွင် ယန်ယဲ့၏ခန္ဓာကိုယ်ဟာ
ပြင်းထန်စွာတုန်လှုပ်သွားပြီး ၅
ကီလိုမီတာအကွာရှိ သစ်ပင်ကြီးများကို
အပိုင်းပိုင်းပြတ်ကာ ပြိုလဲကျသွားစေသည်။

သို့သော်လည်း ယန်ယဲ့သည် ယခင်ကကဲ့သို့ ရှုံးသွပ်သွားခြင်း မရှိခဲ့ပေ။

နောက်ထပ် ၄ နာရီနီးပါးကြာသွားသည့်တိုင် ယန်ယဲ့သည် သူ၏အသိစိတ်ကို ထိန်းချုပ်ထားနိုင်ဆဲပါ။သို့သော် သူ၏ညာဖက်မျက်လုံးက သွေးမျက်လုံးအဖြစ်ပြောင်းလဲသွားခဲ့သည်။ သိပ်မကြာခင်မှာပဲ သွေးရောင်များ ပျောက်ကွယ်သွားပြီး တဖန်ကြည်လင်လာခဲ့၏။ သို့သော်လည်း

သူ၏ညာမျက်လုံးက နောက်ထပ်တစ်ဖန်
သွေးရောင်အတိလွှမ်းသွားပြန်သည်။
ထိုကဲ့သို့ပင် ယန်ယဲ့၏
ညာဖက်မျက်လုံးသည်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ဖိနှိပ်လိုက်၊
ထိန်းချုပ်လိုက်ဖြင့် အဆက်မပြတ်
လည်ပတ်နေခဲ့သည်။

မကြာခင်မှာပဲ ယန်ယဲ့သည် သူနှင့်
မလှမ်းမကမ်းတွင် ရပ်နေသော

သိုင်းသူတော်စင်အဆင့် ဓားအစေခံကို
စိုက်ကြည့်နေခဲ့သည်။

“သတ်စမ်း "

“မဟုတ်ဘူး”

“သတ်”

“မဟုတ်ဘူး…”

"သွားပြီ....၊ ဒီလူသားတော့
ရှုံးသွားပြီ....” ကောင်းကင်အုတ်ဂူက
အသံတိုးတိုးဖြင့်ရေရွတ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့၏
ဘယ်ဖက်မျက်လုံးသည်
သွေးရောင်အတိလွှမ်းနေပြီး
ညာဖက်မျက်လုံးကတော့ ထူးဆန်းစွာပင်
ကြည်လင်နေခဲ့သည်။

သူ့ခန္ဓာကိုယ်ထဲကနေ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒနှင့်
မကောင်းဆိုးဝါးစွမ်းအင်ကို
ထုတ်လွှတ်နေသော်လည်း ထူးဆန်းသည်မှာ
ထိုစွမ်းအင်နှစ်ခုစလုံးက
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
မဆန့်ကျင်ခဲ့ပေ။ ထိုအရာက
အနည်းငယ်တော့ ထူးဆန်းပေသည်။

ဤအခိုက်တွင် ယန်ယွဲ့သည် မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်၏။

အချိန်တော်တော်ကြာသွားပြီးနောက်

သူ့လက်ထဲ၌ဆုပ်ကိုင်ထားသော သွေးဓားက

ဖျတ်ခနဲပျောက်ကွယ်သွားခဲ့သည်။ နောက်

ထပ်တစ်နာရီကြာပြီးနောက်တွင်

သူ့ခန္ဓာကိုယ်ထဲကနေ ထွက်ပေါ်နေသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

မကောင်းဆိုးရွားစွမ်းအင်များက

လုံးလုံးလျားလျား

ပျောက်ကွယ်သွားခဲ့သည်။ သို့သော်

သူ့ခန္ဓာကိုယ်ကတော့ အချိန်အတော်ကြာပြီး

မှသာ ပုံမှန်ပြန်ဖြစ်သွား၏။

ထို့နောက်တွင် ကောင်းကင်အုတ်ဂူကို
သူ၏နှလုံးသားထဲသို့
တစ်ဖန်ပြန်ပို့လိုက်သည် ။ ဤတစ်ကြိမ်တွင်
ကောင်းကင်အုတ်ဂူက
ငြင်းဆန်နေခြင်းမရှိသဖြင့်
သူ့နှလုံးသားထဲကို
အလွယ်တကူဝင်ရောက်သွားခဲ့သည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့၏
မျက်လုံးများက
ဖြည်းညှင်းစွာပွင့်လာပါသည်။

သူ့လက်ဖဝါးပေါ် ရှိ ဓားဒဏ်ရာမှ
စီးကျနေသောသွေးများကို ကြည့်ပြီး "မင်းရဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့
မကောင်းဆိုးရွားစွမ်းအင်ကို ငါ အပြည့်အဝ
မခုခံနိုင်သေးဘူး"

"တကယ်တော့
မင်းမဆိုးပါဘူး" ဤအတောအတွင်း
ကောင်းကင်အုတ်ဂူက ပြောလိုက်သည်
“အနည်းဆုံးတော့ ငါ့ရဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့
မကောင်းဆိုးဝါးစွမ်းအင်တွေကို လုံးဝ
မခုခံနိုင်ခဲ့တာ မဟုတ်ဘူးလေ”

ယန်ယဲ့က စိတ်ဝင်တစားနှင့်ပြောလိုက်၏
"မင်းငါ့ကို ထိန်းချုပ်ဖို့
မမျှော်လင့်ထားဘူးလား"

ကောင်းကင်အုတ်ဂူက "လူသား၊ ငါဟာ ကိုယ်ပိုင်အသိစိတ်ရှိတဲ့ ဝိညာဉ်တစ်ခုပဲ။ ငါက ငါ့အတွက် အကျိုးအရှိဆုံး ရွေးချယ်မှုတွေပဲ လုပ်တတ်တယ်ဆိုတာ မင်း သတိရရမယ်"

"ကိုယ်ပိုင်အသိစိတ် ပိုင်ဆိုင်ထားတယ်" ယန်ယဲ့သည် ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။ ခဏအကြာတွင် ခေါင်းယမ်းကာ “ဘာပဲဖြစ်ဖြစ်

အတူတူအလုပ်လုပ်တာက
ငါတို့နှစ်ယောက်စလုံးအတွက်
အကျိုးရှိတယ်။ ကံမကောင်းစွာပဲ၊
မင်းပိုင်ဆိုင်ထားတဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
နဲ့ မကောင်းဆိုးဝါးစွမ်းအင်ကို ငါ
အပြည့်အဝ ခုခံနိုင်စွမ်းမရှိခဲ့ဘူး။ ဒါကြောင့်
မင်းကိုခေါ်ပြီး ငါ့ရန်သူတွေကို
တိုက်ခိုက်ခိုင်းဖို့က ငါ့အတွက်
တော်တော်အန္တရာယ်များသေးတယ်"

မှန်ပါသည်၊ ကောင်းကင်အုတ်ဂူ
ပြောခဲ့သလိုပါပဲ။
သူ၏စိတ်အာရုံအသိတစ်ဝက်
ပျောက်ဆုံးသွားသော် လည်း
ကျန်တစ်ဝက်ကိုတော့
ရှင်းရှင်းလင်းလင်းပင်
ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။
ထိုအချိန်တွင် အရာအားလုံးကို
ဖျက်ဆီးပစ်ဖို့အဆက်မပြတ်ပြောနေသည့်
အသံတစ်ခု
ထွက်ပေါ်လာသည်။ သို့သော်လည်း

နောက်ထပ်အသံတစ်ခုက သူ့စိတ်ထဲ၌
ပေါ်လာပြီး မသတ်ဖို့ တားခဲ့သည်။
ယန်ယဲ့ဟာ ယာယီနိုးထလာပြီးနောက်
တစ်စုံတစ်ခု ပျောက်ဆုံးသွားသည့်အလား
အခြေအနေမျိုးတွင် ရှိနေသည်ဟု
ဆိုနိုင်သည်။

ဤအခြေအနေမျိုးက
အလွန်အန္တရာယ်များ၏။
အကြောင်းအရင်းက သူ့စိတ်ဟာ

သတ်ခြင်းနှင့် မသတ်ခြင်း ကြား

အခြေအနေတွင် လွန်ဆွဲနေသောကြောင့်ပါ။

"ငါသွေးလိုတယ်၊

သွေးတွေအများကြီးလိုတယ်"

ဤအတောအတွင်း ကောင်းကင်အုတ်ဂူက

ရုတ်တရက် ပြောလာခဲ့သည်

“ကျင့်ကြံသူတွေရဲ့

သွေးအဆီအနှစ်ဖြစ်နေရင်တော့

အကောင်းဆုံးပဲ။ သွေးတွေရှိမှသာ ငါ့ကို

မြန်မြန်ပြန်ကောင်းလာစေမှာ။ ဒါ ငါ့မှာ

မင်းဆီကလိုချင်တဲ့ တစ်ခုတည်းသော တောင်းဆိုမှုပဲ။ မင်းငါ့ကိုသွေးတွေအဆက်မပြတ်ထောက်ပံ့ပေးရမယ်"

ယန်ယဲ့သည် တိုးညှင်းသောလေသံဖြင့် ပြန်ပြောလိုက်သည် "ပထမတော့ မင်းနဲ့ငါက အားနည်းလွန်းတယ်ဆိုတာ မင်းသဘောပေါက်ရမယ်။ ငါသာ တကယ်ပဲမင်းရဲ့ကျွန်ဖြစ်သွားရင် ဒါမှမဟုတ် မင်းဟာအထိန်းအကွပ်မဲ့သွားခဲ့ရင် ငါတို့နှစ်ယောက်လုံးသေရမယ်ဆိုတာ

ငါအားမခံတယ်။

ဒါပေမယ်လို့ သွေးရှိရင်တော့

မင်းကိုသေချာပေါက် ပေးမယ်လို့

အာမခံပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါ့မှာ

ရန်သူနည်းနည်းရှိတယ်ဆိုတာ

မင်းလည်းသိထားမှာပါ"

"ကောင်းပြီ" ကောင်းကင်အုတ်ဂူက

စကားပြန်ပြောပြီးနောက်

အသံထွက်မလာတော့ဘဲ

တိတ်ဆိတ်သွားပါတော့သည်။

ဤအခိုက်တွင် ယန်ယဲ့သည်
ခေါင်းညိတ်လိုက်ပြီးနောက် ခေါင်းမော့ကာ
မြောက်ပိုင်းဒေသ သို့
လှမ်းမျှော်ကြည့်လိုက်လေသည်။

အချိန်အနည်းငယ် ကြာသွားပြီးနောက်
သူ့နှလုံးသားထဲကနေ စိတ်ဆန္ဒတစ်ခုကို
ထုတ်ဖော်၍ ဓားနက်အတောင်ပံကို
သူ့ခန္ဓာကိုယ်မှ ခွဲထုတ်လိုက်သည်။ထို့နောက်
ယန်ယဲ့သည် ဓားနက်အတောင်ပံများကို

တိတ်ဆိတ်စွာ စိုက်ကြည့်ပြီးနောက်
ဖန်ဆင်းခြင်းသစ်သီးတစ်လုံး
ထုတ်ယူလိုက်သည်။

“ဝါးမျိုလိုက်” ယန်ယဲ့ ထံမှ
စိတ်ဆန္ဒတစ်ခုထပ်မံထွက်ပေါ်လာပြီးနော
က် ဓားနက်အတောင်ပံကနေ
အလင်းတန်းများ လင်းလက်လာပြီး
ဖန်ဆင်းခြင်းသစ်သီးကို
ဖုံးအုပ်လိုက်ပါသည်။ ခဏအကြာတွင်
ဖန်ဆင်းခြင်းသစ်သီးက

ရွှေရောင်စွမ်းအင်အမှုန်များအဖြစ်
ပြောင်းလဲကာ ဓားနက်အတောင်ပံများ
ထဲသို့ စိမ့်ဝင်သွားတော့သည်။
ရွှေရောင်စွမ်းအင်များ
ဝင်ရောက်လာသည်နှင့်
ဓားနက်အတောင်ပံများသည် ချက်ချင်းပင်
ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။
ထို့နောက် ၎င်း၏ပတ်ပတ်လည်တွင်
ရွှေရောင်အလင်းတန်းအလွှာတစ်ခုသာ
ပေါ်လာသည်။

ယန်ယဲ့၏ မျက်နှာသည်

အနည်းငယ်တင်းမာလာသည်။

ဆန်းကြယ်သောအမျိုးသမီးက

ဖန်ဆင်းခြင်းသစ်သီးဟာ

ရတနာလက်နက်တစ်ခု၏အရည်အသွေးကို

မြှင့်တင်နိုင်သည်ဟု

ပြောခဲ့သည်။ အကယ်၍ သူမ သာ

အမှန်အတိုင်းပြောပါက

အဆင်ပြေပါလိမ့်မည်။ ထိုသို့မဟုတ်လျှင်

သူသည် သေချာပေါက် ဆုံးရှုံးမှုကြီးတစ်ခု

ခံစားရပါလိမ့်မည်။ သူ့တွင်

ဖန်ဆင်းခြင်းသစ်သီး (၅)လုံးသာ ရှိတော့သည်။ ပထမတစ်လုံးက လုဝမ်အား ကို ပေးပြီး သူက တစ်လုံး ဝါးမျိုထားခဲ့၍ ၃ လုံးသာ ကျန်တော့သည်။

ယခုမူကား နောက်ထပ်သုံးလိုက်သည့်နောက် ဖန်ဆင်းခြင်းသစ်သီး ၂ လုံးသာ ကျန်တော့၏။ ဖန်ဆင်းခြင်းသစ်သီးက ထူးခြားဆန်းကြယ်ပြီး သန့်စင်သောစွမ်းအင်များပါရှိသည်။ ထိုအ

ရာ

သူတော်စင်တစ်ပိုင်းအဆင့်ကိုအသာထား၊ သိုင်းသူတော်စင်များ အတွက်ပင် လုံးဝ အဖိုးတန်ပေသည်။

ထို့အပြင် သူသည် စွန့်စားပြီး ဓားနက်အတောင်ပံများကို အဆင်မြှင့်တင်ရခြင်းက နောက်ထပ် တစ်လခွဲအကြာတွင် ရင်ဆိုင်ရတော့မည့် တိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းပင်။ သူသည်

ကောင်းကင်ဘုံနတ်ဘုရားခန်းမ သို့မဟုတ် လော့ချန်းရှောင်ကို မကြောက်သော်လည်း ၎င်းတို့အား လုံးဝ လျှော့မတွက်ထားပေ။

၁၃၁၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၁၉ - မြေခွေးမျိုးနွယ်၏ မင်းသမီး

ယွန်ဟာန်ထျန်း

မြောက်ပိုင်းဒေသတွင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ယှဉ်နိုင်သည့် အဆုံးမဲ့နတ်ဆိုးဂိုဏ်းတော့
ရှိနေပေသည်။

သို့သော်လည်း ယန်ယဲ့သည်
သူ၏မျှော်လင့်ချက်ကို အခြားသူများအပေါ်
မည်သည့်အခါမှ မထားခဲ့ပါ။

လောကတွင် မိမိကိုယ်ကို
အားကိုးခြင်းသည်သာ အမြဲတမ်း
အကောင်းဆုံးဖြစ်ခဲ့သည်။

ယန်ယဲ့သည် ဓားနက်အတောင်ပံများ
တရွေ့ရွေ့ပို၍ပတုန်ခါလာသည်ကို
သတိပြုမိပြီးနောက် ပုံသဏ္ဍာန်က
တဖြည်းဖြည်း ပြောင်းလဲသွားသည်ကို
သတိပြုမိလိုက်လေသည်။ ယန်ယဲ့သည်
ဤမြင်ကွင်းကြောင့်
အလွန်ဝမ်းသာသွားခဲ့သည်။

ဓားနက်အတောင်ပံများသည်
နတ်ဘုရားအလယ်အလတ်အဆင့်ဖြစ်ပြီး

၎င်း၏အမြန်နှုန်းဖြင့်ဆိုပါက
သိုင်းသူတော်စင်များထက်
အဆပေါင်းများစွာ သာလွန်သွားပေသည်။
အကယ်၍ ဓားနက်အတောင်ပံများကို
နတ်ဘုရားအဆင့်မြင့်ရတနာလက်နက်အဖြ
စ် အဆင့်မြှင့်တင်နိုင်ပါက မည်မျှ
ကြောက်စရာကောင်းမည်နည်း။ သူ၏
အမြန်နှုန်းဥပဒေသကိုပါ တစ်ပြိုင်နက်
အသုံးပြုခံလျှင် မည်မျှလျင်မြန်မည်နည်း။

ယန်ယဲ့သည် ထိုဖြစ်နိုင်ချေများကို
တွေးမိလိုက်သောအခါတွင်တော့
စိတ်လှုပ်ရှားမှုကို မထိန်းနိုင်တော့ပေ။

သို့သော်လည်း ရတနာလက်နက်များသည်
ခွန်အား၏
အရန်အရင်းအမြစ်များသာဖြစ်သည်။
ယန်ယဲ့လည်း ထိုအချက်ကို သဘာဝကျကျ
နားလည်ထားပြီး ပြင်ပအရာများကိုသာ
အားကိုးနေမည်မဟုတ်ပေ။ သို့သော်
သူ့အမြင်တွင် ရတနာလက်နက်များကို

လုံးဝအသုံးမပြုသည်က
လူမိုက်သာဖြစ်သည်။

ဓားနက်အတောင်ပံများ
အသွင်ပြောင်းနေချိန်မှာပဲ ယန်ယဲ့ဟာ
မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေလျှထိုင်ချလိုက်လေသည်။
ထို့နောက်တွင် သူ၏ခန္ဓာကိုယ်ထဲသို့
ကြယ်တာယာစွမ်းအင်များကို
ဆက်လက်စုပ်ယူနေလေသည်။

သူ့ခန္ဓာကိုယ်က ပို၍သန်မာလာလေ
အဆုံးအစွန်သောနိယာမက
ပိုအားကောင်းလာပါလိမ့်မည်။

အတိုချုပ်ဆိုရသော် သူ၏ရည်မှန်းချက်က
သန်မာလာဖို့ပါ။ သူ၏တစ်ခုတည်းသော
ရည်ရွယ်ချက်က အတိတ်ကထက် ပိုပြီး
အားကောင်းလာဖို့ ဖြစ်သည်။

အချိန်များ တဖြည်းဖြည်း
ကုန်ဆုံးလာခဲ့ပါပြီ။ ယန်ယွဲ့သည်
ကြယ်တာယာစွမ်းအင်ဖြင့်

တန်ပြန်ရိုက်မှုကိုခံနေရသော်လည်း
သူ့ခန္ဓာကိုယ်ဟာ
ပို၍သန်မာလာခဲ့သည်။ ဓားအနက်အတောင်
ပံများ ကတော့
နတ်ဘုရားအဆင့်မြင့်ရတနာလက်နက်အဖြ
စ် အဆင့်မတက်သေးသော်လည်း
၎င်း၏ပတ်ပတ်လည်တွင်
ရွှေရောင်အလင်းတန်းများ
ရှိနေသည်။ ယန်ယွဲ့သည်
ဓားနက်အတောင်ပံများက
အတွင်းနှင့်အပြင် နှစ်ခုလုံး

တပြိုင်တည်းအသွင်ပြောင်းသွားသည်ကို
ခံစားမိလိုက်သည် ။

ထူးခြားမှုကို သတိပြုမိလိုက်မှသာ
ယန်ယဲ့လည်း စိတ်သက်သာရာရစွာ
သက်ပြင်းချလိုက်တော့သည်။
ထင်ရှားစွာပင်၊ ဖန်ဆင်းခြင်းသစ်သီးက
အမှန်တကယ် အလုပ်ဖြစ်ခဲ့ပြီး
မဖြုန်းတီးခဲ့ပေ။

ထို့နောက်တွင် ယန်ယဲ့သည်
ကြယ်တာယာစွမ်းအင်ဖြင့် သူ့ခန္ဓာကိုယ်ကို

အဆက်မပြတ်သန့်စင်ခဲ့သည်။
တစ်ချိန်တည်းတွင် သူသာ
အဆုံးအစွန်သောနိယာမကိုပါ
လေ့ကျင့်ခဲ့သည်။ လျှို့ဝှက်ဆန်းကြယ်သော
အမျိုးသမီးထံမှ ခွန်အားကို အသုံးချဖို့
နည်းလမ်းများကို သင်ယူထားသည့်အတိုင်း
လေ့ကျင့်ရာ ပို၍ထိရောက်သည်ကို
မြင်လာခဲ့သည်။

...

နောက်ထပ် ၁၀ ရက်ခန့်အကြာ....။

ယန်ယဲ့သည် ကျောက်တုံးကြီးပေါ်တွင်
ရပ်နေပြီး သူ့လက်ထဲ၌လည်း
ဟာကျူလီယံဓားကို ဆုပ်ကိုင်ထားပြီး
မြေပြင်ပေါ်တစ်နေရာသို့ ရုတ်တရက်
ညွှန်ပြလိုက်သည်။

သို့သော်လည်း သူ့မျက်လုံးများကို
မှိတ်ထားပြီး စျာန်ဝင်စားနေပုံရ၏။

ယန်ယဲ့သည် သူ့မျက်လုံးများကို ရုတ်တရက်
ဖွင့်လိုက်ပြီး ဟာကျူလီယံဓားကို
အသာယမ်းလိုက်သည်။

ရှိ!

ခါးထိပ်ဖျားက
အနက်ရောင်အစက်အပျောက်လေး
တစ်ခုပေါ်လာခဲ့သည်။
အနက်ရောင်အစက်လေးပေါ်လာသည်နှင့်
ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင်က
ကွဲအက်သွားလေသည်။

ယန်ယဲ့၏ မျက်နှာပေါ်တွင်
အပြုံးအနည်းငယ်ပေါ်လာသည်။ အကယ်၍
အတိတ်ကဖြစ်ခဲ့မည်ဆိုလျှင် သူ၏
ခါးမှစွမ်းအားက ပတ်ဝန်းကျင် မီတာ ၁၀၀
ကျော်အတွင်းရှိ အာကာသဟင်းလင်းပြင်ကို
သေချာပေါက် ပြိုကျသွားပါလိမ့်မည်။
ယခုအချိန်တွင်တော့ သူသည်
ခါးမှစွမ်းအားကို လုံးဝ
ပေါက်ကွဲထွက်မသွားအောင်
ထိန်းချုပ်ထားနိုင်ခဲ့သည်။ သို့မဟုတ်
ရှင်းရှင်းလင်းလင်းပြောရမည်ဆိုလျှင်

သူသည် အလုံးစုံခွန်အားကို
တစ်စုတစ်စည်းတည်း ထိန်းချုပ်နိုင်ပြီဟု
ဆိုနိုင်ပါသည်။

ဂင်းသည် မူလတူညီသော
ခွန်အားဖြစ်သော်လည်း မတူညီသောပုံစံဖြင့်
ထိန်းချုပ်လိုက်သောအခါ မူလနှင့်
လုံးဝခြားနားသော အဖျက်စွမ်းအားကို
ထုတ်ဖော်နိုင်သည်။

ယန်ယဲ့သည် ဟာကျူလီယံမားကို တစ်ချက်
ငုံ့ကြည့်ကာ တိုးတိုးလေးပြောလိုက်သည်
"ငါ့ရဲ့လက်ရှိခန္ဓာကိုယ်အဆင့်က
နတ်အဆင့်ရုပ်ခန္ဓာ ဒါမှမဟုတ်
နတ်ဘုရားအဆင့်ထက် မနိမ့်ကျတော့ဘူး။
ပြီးတော့ အဆုံးအစွန်သောနိယာမ ကလည်း
အရင်ကထက်အများကြီး ပိုတိုးတက်လာပြီ။
အခုနေ အဆုံးအစွန်သောနိယာမကို
ထုတ်သုံးမယ်ဆိုရင် ငါ့ရဲ့ရုပ်ခန္ဓာခွန်အားက
အဆ ၃၀ ကျော် ဒါမှမဟုတ် အဆ ၄၀
လောက် ဖြစ်နေမှာသေချာတယ်။ ငါသာ

ဆန်းကြယ်တိုက်ကြီးမှာ ရှိနေသေးရင်
ဒီလိုတိုက်ခိုက်မှုမျိုးက တိုက်ကြီးကိုတောင်
ဖျက်ဆီးပစ်နိုင်တယ်"

ယန်ယဲ့က "ဟားဟား....၊ အခုတော့
သိုင်းသူတော်စင်တွေ ငါ့အတွက်
ဘာမှမဟုတ်တော့ဘူး”ဟု
ရယ်မောလိုက်လေသည်။

အောင်း!

ရုတ်တရက်ဆိုသလိုပင်
ဓားအနက်အတောင်ပံများကနေ စူးရှသော
ဓားအူသံများ မြည်ဟီးလာခဲ့သည်။

ယန်ယဲ့သည် ထိတ်လန့်တုန်လှုပ်သွားပြီး
ဓားနက်အတောင်ပံမျညးကို စိုက်ကြည့်ရင်း
သူ့စိတ်ထဲ အလွန်အမင်း
ဝမ်းသာသွားသည်။ ဓားနက်အတောင်ပံများ
က ပုံသဏ္ဍာန်ပြောင်းလဲခြင်းမရှိပေ၊
တစ်ခုတည်းသော ခြားနားချက်မှာ ၎င်းကို
ရွှေအလွှာဖြင့် ဖုံးအုပ်ထားခဲ့သည်။

ယန်ယဲ့သည် သူနှလုံးသားထဲကနေ
စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်လိုက်ရာ
ဓားနက်အတောင်ပံများက ချက်ချင်းပင်
သူ့ဆီ ပျံသန်းလာခဲ့သည်။
ထို့နောက်တွင်တော့
ဓားနက်အတောင်ပံများက
သူ့ခန္ဓာနှင့်ပေါင်းစပ်သွားကာ
အနက်ရောင်အတောင်ပံတစ်စုံအဖြစ်
သူ့နောက်ကျောကနေ
ထွက်ပေါ်လာပါတော့သည်။

"သွားရအောင်" စကားပြောပြီးသည်နှင့်
ယန်ယွဲ့သည် နေရာတွင်ပင်
ဖျတ်ခနဲပျောက်ကွယ်သွားပြီး ကီလိုမီတာ
၅၀၀၀ အကွာတွင် ပြန်ပေါ်လာခဲ့သည်။
ထို့အပြင် သူ့နောက်တည့်တည့်၌
ကီလိုမီတာ ၅၀၀၀ ရှည်လျားသော
အာကာသအက်ကြောင်းကြီးပါရှိနေခဲ့သည်။
အာကာသဟင်းလင်းပြင်သည်ပင်
သူ့အရှိန်ကို မခံနိုင်တော့ပေ။

"ဘယ်လောက်တောင်မြန်လိုက်သလဲ" သူ၏
လက်ရှိအမြန်နှုန်းက
သိုင်းသူတော်စင်များပင် ယှဉ်ပြိုင်ဖို့
မဖြစ်နိုင်သော အရာဖြစ်သည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့ဟာ
မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများ
ထင်ရှားစွာပေါ်လာခဲ့လေသည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
မြောက်ပိုင်းဒေသသို့
လှမ်းကြည့်လိုက်သည်။ သူက "နန်ကျင်း၊
ငါ့ကို စောင့်ပါ" ဟု ပြောပြီး အေးစက်သော

အလင်းရောင်တစ်ခုက သူ့မျက်လုံးများမှ တောက်ပလာသည်။ "လော့ချန်းရှောင်၊ မင်း ခဏစောင့်။ မကြာခင် သေရမယ်"

“ဒါဟာ ထင်းရှူးစီရင်စုရဲ့နာမည်ကျော် သေမင်းနတ်ဘုရား ယန်ယွဲ့ လား။ အဲဒါ တော်တော် စိတ်ပျက်စရာပဲ” ရုတ်တရက် သူ့နံဘေးမှ အသံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယွဲ့သည် အသံထွက်လာရာဆီသို့ လှမ်းကြည့်လိုက်ရာ သူနှင့် မီတာ ၃၀၀

အကွာတွင် အမျိုးသမီးတစ်ဦး ရုတ်တရက်
ပေါ်လာသည်ကို သတိပြုမိခဲ့သည်။

သူ့ရှေ့မှ လှပသွယ်လျသော
အမျိုးသမီးသည် ပန်းရောင်ဂါဝန်ကို
ဝတ်ဆင်ထားပြီး သူမ၏
ခန္ဓာကိုယ်တစ်ခုလုံးဟာ ဆွဲဆောင်မှုရှိသော
ရောင်ဝါများ ထွက်ပေါ်လာသည်။

အမျိုးသမီးက လက်နှစ်ဖက်ကို စုလျက်
"မြေခွေးမျိုးနွယ်စုရဲ့ ယွန်ဟာန်ထျန်းမှ "

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ဒါဆို မင်းက လော့ချန်းရှောင်နဲ့ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူပေါ့"

သူမက "မှန်တယ်"

ယန်ယဲ့က ဆက်ပြောလိုက် "မင်းဟာ ဒီကို စကားစမြည်ပြောဖို့ လာတာလို့တော့ ငါမထင်ဘူး။ ဒါဆို လိုရင်းပဲ ချက်ချင်းပြော”

"ငါက လော့ချန်းရှောင်ကို
လက်မထပ်ချင်ဘူး" ယွန်ဟန်ထျန်းက
"ဒါပေမဲ့ ငါ့မြေခွေးကလန် မှာ ရွေးချယ်စရာ
မရှိခဲ့ဘူး”

ယန်ယဲ့က အနည်းငယ်မျက်ခုံးပင့်တင်ကာ
"ဒါက ငါနဲ့ ဘာမှမဆိုင်ဘူးလေ"

ယွန်ဟန်ထျန်းက "နင်သာသူ့ကိုသတ်နိုင်ရင်
ငါက သူ့ကိုလက်ထပ်ဖို့ မလိုတာ
သဘာဝအတိုင်းပဲ"

ယန်ယဲ့က
"မင်းဘာလို့ဒီကိုရောက်နေတာလဲ၊ ပြောရင်ပြော....၊ မပြောရင်တော့ အခုထွက်သွား အကောင်းဆုံးပဲ"

ယွန်ဟန်ထျန်းက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း "ငါတို့ အတူတူ လက်တွဲနိုင်မယ်လို့ ငါထင်ပါတယ်။ နင်လည်းအဲ့လိုမထင်ဘူးလား"

ယန်ယွဲ့သည် ရယ်မောလိုက်ပြီး “မင်းဟာ မရိုးသားဘူးလို့ ငါ့ရဲ့ပင်ကိုယ်က ပြောပြတယ်။ ဒါမှမဟုတ် မင်းငါ့ကိုသုံးဖို့ ရည်ရွယ်ထားလို့မဟုတ်လား။ လက်တွဲလုပ်ဆောင်နိုင်ပေမယ်လို့ အချင်းချင်းအပေါ် လုံလောက်တဲ့ ရိုးသားမှုရှိဖို့ မျှော်လင့်ပါတယ်။ငါယန်ယွဲ့က အကြံအစည်တွေနဲ့ လှည့်ကွက်တွေကို မကြိုက်ဘူး”

ယွန်ဟန်ထျန်းက "ငါတို့အတူတကွလုပ်ဆောင်သင့်လား

ဆုံးဖြတ်ဖို့ နှင့်ရဲ့စစ်မှန်တဲ့ခွန်အားကို ငါမြင်အောင်သက်သေပြရမယ်" “အဲဒါက နှင့်ရဲ့ခွန်အားအတိုင်းအတာ ဆိုရင် ငါတို့ စကားပြောစရာ မလိုတော့ဘူး” ဟု ပြောလိုက်သည်။

ယန်ယဲ့က "ဘာပဲဖြစ်ဖြစ် မင်းငါ့ရဲ့စစ်မှန်တဲ့ခွန်အားကို သက်သေပြချင်မှာမဟုတ်ဘူး"

သူမက "ငါတကယ်လိုချင်ရင် ဘယ်လိုလုပ်မလဲ"

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ "ငါအမှန်တိုင်းပြောရရင် မင်းသေရမှာကြောက်တယ်"

ယွန်ဟန်ထျန်းက ယန်ယဲ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။ စကားမပြောခင် အချိန်တော်တော်ကြာတိတ်ဆိတ်သွား၏။ ထို့နောက်မှသာ "လော့ချန်းရှောင်လိုပဲ နင်က

ကိုယ့်ကိုယ်ကို

အရမ်းယုံကြည်မှုရှိတယ်။ဒါပေမယ်လို့

သူက အစကတည်းက

ထိပ်ဆုံးရောက်ဖြစ်နေတော့

ယုံကြည်ချက်ရှိတာမှန်တယ်။ နင့်အနေနဲ့ ငါ

ရိုးရိုးသားသား ပြောရရင် နင်က

သိုင်းသူတော်စင်ကို သတ်နိုင်လို့

ကိုယ့်ကိုယ်ကို အရမ်းသန်မာတယ် လို့

ထင်နေလား"

ယန်ယဲ့က "မင်း အဲဒါကို
စမ်းကြည့်ချင်လို့လား"

သူမက "ငါတကယ်လုပ်တယ်"

သို့သော်လည်း ယန်ယဲ့သည် သူမရှေ့တွင်
ပေါ်လာသောကြောင့် ယွန်ဟန်ထျန်းက
စကားပင်မဆိုးသေး၊ မျက်လုံးများ
ကျဉ်းမြောင်းသွားပါတော့သည်။
တစ်ချိန်တည်းမှာပင် ဓားတစ်ချောင်းက

သူမ၏ မျက်ခုံးအလယ်တည့်တည့်သို့
ဖိကပ်သွားသည်။

ယန်ယဲ့က သူ့ဓားကို ပြန်သိမ်းလိုက်ပြီး
"ရိုးရိုးသားသား ပြောရရင်
မြေခွေးကလန်က ငါ့အတွက်
အထောက်အကူ ဖြစ်နိုင်မယ် မထင်ဘူး"

စကားပြောပြီးသည်နှင့် ယန်ယဲ့က
နောက်လှည့်၍ ထွက်သွားတော့သည်။

ယွန်ဟန်ထျန်းက

"ကောင်းကင်ဘုံမြို့တော်မှာ

ရှေးဟောင်းနတ်ဘုရားအဆင့်ဝက်ပါအစီအ

ရင်တစ်ခုရှိတယ်။ အဲဒါကို

အပြည့်အဝအသက်သွင်းလိုက်တာနဲ့

ဘယ်သူမှ ဝင်လို့မရသလို

ထွက်သွားနိုင်မှာလည်းမဟုတ်ဘူး။ ဒါ့အပြင်

အစီအရင်က သိုင်းသူတော်စင်တွေကို

ဖိနှိပ်ထားနိုင်တယ်။ သိုင်းသူတော်စင်

တစ်ဒါဇင်လောက် ပေါင်းထားရင်တောင်

အစီအရင်ကို ချိုးဖျက်နိုင်မှာမဟုတ်ဘူး။
ဒါပေမဲ့ ငါက ဖြေရှင်းနိုင်တယ်"

ယန်ယဲ့က ရပ်လိုက်ပြီး သူမကို
လှည့်ကြည့်လိုက်ကာ "ဘာလို့လဲ"

ယွန်ဟာန်ထျန်းက “အဲဒါကို ငါ
တို့မျိုးနွယ်စုရဲ့တည်ထောင်သူဘိုးဘေးက
ဖန်တီးခဲ့တာလေ။ ဒီတော့
တာအိုအစီအရင်တွေနဲ့ ပတ်သက်ရင်

မြေခွေးကလန်မှာ ငါက ထိပ်ဆုံးပဲ။ နင် ငါ့ကို မယုံရင် အခုစမ်းကြည့်လို့ရတယ်"

၁၃၂၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၀ - မထွက်ခွာခင်

ကြိုတင်ပြင်ဆင်ခြင်း

ယန်ယဲ့သည် ယွန်ဟန်ထျန်းကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ပြန်လှည့်၍
ရှေ့သို့ ခြေလှမ်းနှစ်လှမ်း
လှမ်းလိုက်သည်။ ရုတ်တရက်
သူ့ဘေးနားက အာကာသဟင်းလင်းပြင်ဟာ
စတင်တုန်ခါလာသဖြင့်
မျက်မှောင်ကြုတ်သွားသည်။

ယန်ယဲ့သည် ခဏလောက်
လေးလေးနက်နက် တွေးတောရင်း ဓားကို

ရုတ်တရက် ဆွဲထုတ်ပြီး
ခုတ်ပိုင်းချလိုက်သည်။

ဆူး!

ဓားစွမ်းအင် အလင်းတန်းတစ်ခု
လင်းလက်လာပြီး သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်က ချက်ချင်း
နှစ်ခြမ်းခွဲသွားသည် ။ သို့သော်
သိပ်မကြာလိုက်ပေ၊
အာကာသဟင်းလင်းပြင်က

ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။ ဤမြင်ကွင်းကို
မြင်လိုက်သောအခါ ယန်ယဲ့သည်
မျက်ခုံးကြောများပင်
တွန့်ကွေးသွားလေတော့သည်။

ထို့နောက် သူ့ခန္ဓာကိုယ်ပေါ် ရှိ ဓားချပ်ဝတ်မှ
အလင်းတန်းများ ထွက်ပေါ်လာပြီး သူ့ရှေ့ရှိ
အာကာသဟင်းလင်းပြင်ကို ထပ်မံ
ပိုင်းဖြတ်လိုက်ပြန်သည်။

သို့သော် လောက၏ နိယာမများက
ပြန်လည်ပြုပြင်လိုက်သဖြင့်
မူလအတိုင်းပြန်ဖြစ်သွားကာ
သူ့လမ်းကြောင်းကို ပိတ်ဆို့သွားတော့သည်။

ယန်ယဲ့က နောက်ကိုပြန်လှည့်ရင်း
ယွန်ဟန်ထျန်းကို စိုက်ကြည့်ကာ
"မြေခွေးသမီးပျိုက ငါ့ကို နည်းနည်းတော့
အံ့သြသွားစေတယ် "

ယွန်ဟန်ထျန်းက သူမ၏ ညာလက်ကို ဝှေ့ယမ်းလိုက်ရာ အရာအားလုံး ပုံမှန်ပြန်ဖြစ်သွားသည် "ဒါက သေးငယ်တဲ့ လှည့်ကွက်တစ်ခုပါပဲ။ နင်က ပွင့်ပွင့်လင်းလင်းသမားဆိုတော့ ငါလည်း ခြုံပုတ်တွေကို ပတ်ပြီး ရိုက်မှာမဟုတ်ဘူး။ နင် ကောင်းကင်ဘုံနတ်ဘုရားခန်းမကိုသွားတဲ့ အခါ လော့ချန်းရှောင်ကို သတ်နိုင်ရင် ငါနင့်ကိုချက်ချင်းကျေးဇူးဆပ်မယ်။ ဒါပေမယ့် နင်သူ့ကိုမသတ်နိုင်ရင်

ငါတောင်းပန်ပါတယ်။ ဒီနေ့ ငါတို့မတွေ့ဖူးသလိုပဲ လုပ်လိုက်ကြတာပေါ့"

ယန်ယဲ့က "မင်းဟာ မြေခွေးကလန်ကို ကိုယ်စားပြုတာလား ဒါမှမဟုတ် မင်းကိုယ်တိုင်ပဲလား"

"ငါကိုယ်တိုင်" ယွန်ဟာန်ထျန်းက "ဒါပေမဲ့ နင်က လော့ချန်းရှောင်ကို သတ်နိုင်ရင် ငါ့ကို

ယုံပါ... မြေခွေးကလန်က နင်နဲ့
သေချာပေါက် လက်တွဲမှာပါ"

ယန်ယဲ့က သူမကို အချိန်အကြာကြီး
စိုက်ကြည့်ပြီး "ကောင်းပြီလေ"

ယွန်ဟန်ထျန်းက
တိုးညှင်းသောလေသံဖြင့်ပြောလိုက်သည်
"ယန်ယဲ့၊ လော့ချန်းရှောင် နဲ့ နင့်ရဲ့တိုက်ပွဲဟာ
နင်တို့နှစ်ယောက်ကြားက
တိုက်ပွဲတစ်ခုပဲမဟုတ်ဘူးဆိုတာ

သဘောပေါက်ရမယ်။ နင်တို့ရဲ့တိုက်ပွဲဟာ
ထင်းရှူးစီရင်စုတစ်ခုလုံးရဲ့အနာဂတ်နဲ့
ဆက်စပ်နေတယ်။ အရှင်းဆုံးပြောရရင်
နင်သေတာနဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
ထင်းရှူးစီရင်စုကို
အုပ်စိုးလိမ့်မယ်။ အဲဒီအချိန်မှာ
ထင်းရှူးစီရင်စုမှာရှိတဲ့ ဘယ်အင်အားစုကမှ
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဆန့်ကျင်ဝံ့တော့မှာမဟုတ်ဘူး"

ယန်ယဲ့က "ငါ ထင်းရှူးစီရင်စုရဲ့ ကယ်တင်ရှင်ဖြစ်ဖို့ ဘယ်တုန်းကမှ မတွေးဖူးဘူး"

ယွန်ဟန်ထျန်းက ဆက်မပြောခင် အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေခဲ့ပြီး "ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ ပြန်တွေ့ကြတာပေါ့"ဟု ပြောပြီးသည်နှင့် လှည့်ထွက်ကာ ပျောက်ကွယ်သွားခဲ့သည်။

ယွန်ဟန်ထျန်း ထွက်သွားသည်နှင့်
ယန်ယဲ့သည်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းမှ
ထွက်လာကာ တိမ်ပင်လယ်မြို့တော်သို့
ပြန်လာခဲ့သည်။

တိမ်ပင်လယ်မြို့တော်သို့
ပြန်ရောက်သည်နှင့် ကျန့်ဝူချန်း၊
တာအိုသခင်ဂူ နှင့်
ရှေးဟောင်းဓားကျောင်းတော်၏
အဆင့်မြင့်အာဏာပိုင်များအားလုံး

ချက်ချင်းဆိုသလိုပင် သူ့ရှေ့တွင်
ပေါ်လာခဲ့ကြသည်။

ယန်ယဲ့ကို တွေ့သည်နှင့် ကျန့်ဝူချန်းက
"ငါတို့လည်း မင်းနဲ့အတူ
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
လိုက်ခဲ့မယ်"

ယန်ယဲ့က လူတိုင်းကို ခဏစိုက်ကြည့်ကာ
“ဒါက ဓားကျောင်းတော်နဲ့ ဘာမှ

မဆိုင်ပါဘူး။ မင်းတို့အားလုံး ဒါကို ရောထွေးနေဖို့ မလိုဘူး"

ကျန့်ဝူချန်းက "မင်းက ငါ့ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်ဖြစ်နေသေးလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဟုတ်ပါတယ်"

ကျန့်ဝူချန်းက  ပြုံးပြီး "မင်းက ငါ့ရဲ့ ရှေးဟောင်းဓားကျောင်းတော်ရဲ့

တပည့်တစ်ယောက်ဖြစ်နေမှတော့ ငါတို့နဲ့
မဆိုင်ဘူးလို့ ဘယ်လိုပြောနိုင်မှာလဲ။ ငါတို့
ဆုံးဖြတ်ချက်ချပြီးပြီမို့
အပိုစကားတွေပြောမနေနဲ့တော့။
မင်းရဲ့အလုပ်က လော့ချန်းရှောင်
ကိုအနိုင်ယူဖို့ပဲ။ မင်းအောင်မြင်ရင်
ငါတို့ရဲ့ဓားကျောင်းတော်က
ထင်းရှူးစီရင်စုတစ်ခုလုံးမှာ
ကျော်ကြားလာမှာ သေချာတယ်”

ယန်ယဲ့က "ငါ သူ့ကိုသတ်လိုက်ရင်
ဘယ်လိုလုပ်မလဲ"

ကျန့်ဝူချန်း နှင့် အာဏာပိုင်များ၏
မျက်နှာပေါ်မှ အပြုံးများဟာ တဖြည်းဖြည်း
ပျောက်ကွယ်သွားသည်။ ကျန့်ဝူချန်းက
"ဒါဆိုလည်း သူ့ကို သတ်လိုက်"

ယန်ယဲ့၏ မျက်လုံးများတွင် အံ့သြမှု
အရိပ်အယောင်များ ရှိနေသည်။

တစ်ချိန်တည်းမှာပဲ ကျန့်ဝူချန်းက "လော့ချန်းရှောင်က  မင်းကိုသတ်ဖို့ အခွင့်အရေးရရင် ကရုဏာပြမှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒီလိုမျိုးဆိုတော့ ဘာကြောင့် သူ့ကို ကရုဏာပြရမှာလဲ”

"ကျေးဇူးတင်ပါတယ်" ယန်ယဲ့က ပြောလိုက်သည်။ ကျန့်ဝူချန်းက သဘောတူနေသည်ဖြစ်ရာ ရှေးဟောင်း ဓားကျောင်းတော်တစ်ခုလုံး

သူ့နောက်တွင်ရှိနေသည်ဟု ဆိုနိုင်သည်။
သို့သော်
ရှေးဟောင်းဓားကျောင်းတော်အတွက်
ဤဆုံးဖြတ်ချက်မျိုး ချဖို့က
အလွန်ခက်ခဲ၏။ နောက်ဆုံးတွင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမဟာ
ထင်းရှူးစီရင်စု၏ နံပါတ်တစ်

အင်အားစုကြီး မဟုတ်ပါလား။

"ကလေး! ဒါကိုယူလိုက်” ဤအတောအတွ
င်း တာအိုသခင်ဂူ က သူညာဖက်လက်ကို
ရုတ်တရက် ဝှေ့ယမ်းလိုက်သည်။
ထို့နောက်တွင်
နက်ပြာရောင်ဓားသေတ္တာတစ်လုံးက
တဖျပ်ဖျပ်တောက်ပလျက် ယန်ယဲ့ရှေ့တွင်
ပေါ်လာသည်။

တာအိုသခင်ဂူ က ပြုံးပြီး "အဲဒါကိုဖွင့်ပြီး
ကိုယ့်ကိုကိုယ် ကြည့်ကြည့်လိုက်"

ယန်ယဲ့က ညင်သာစွာ ခေါင်းညိတ်လိုက်ပြီး

ဓားသေတ္တာကို ယူကာ

အမိန့်ပေးလိုက်သည်။

အောင်း!

ရုတ်တရက်ဆိုသလိုပဲ ဓားအူသံများ

ထွက်ပေါ်လာပြီးနောက် အလင်းတန်း

၃,၀၀၀ ကျော်ဟာ

ကောင်းကင်ယံအထက်သို့

ပျံတက်လာသည်။ အလင်းတန်းများ

ဖြာထွက်လာပြီးနောက် အရွယ်အစားတူ
ဓား ၃၀၀၀ ကျော်က လေထဲသို့
ပျံသန်းသွားသည်။

"အဆင့်မြင့်တာအိုအဆင့်ဓား ၃၆၀၀ ကျော်
" ယန်ယဲ့ဟာ မျက်လုံးထဲ၌
စိတ်လှုပ်ရှားမှုများ
တိုးလာသည်။တာအိုသခင်ဂူ က သူ့အတွက်
အဆင့်မြင့်သူတော်စင်လက်နက်များ
ဖန်တီးပေးထားသည်ဟု မမျှော်လင့်ခဲ့ပေ။

တာအိုသခင်ဂူ က “ဒီဓားသေတ္တာမှာ
သပ်သပ်ရေးထိုးထားတဲ့
ဓားအစီအရင်တစ်ခုပါ ရှိသေးတယ်။
အဲဒါကို
ကမ္ဘာပျက်သုဉ်းခြင်းဓားအစီအရင်လို့ခေါ်တ
ယ်။
ဒါကိုအပြည့်အဝအသက်သွင်းလိုက်တာနဲ့ ၃
ကီလိုမီတာအတွင်းမှာရှိတဲ့ အရာအားလုံး
ပျက်စီးသွားလိမ့်မယ်"

“ဒါဆို
အဆင့်မြင့်နတ်ဘုရားအဆင့်နည်းစနစ်နဲ့
ယှဉ်နိုင်တာပေါ့" ယန်ယဲ့သည်
အံ့အားသင့်သွားပြီး "ငါစမ်းကြည့်ပါရစေ"

ယန်ယဲ့သည် ဓားအစီအရင်ကို
အသက်သွင်းခါနီးရင် တာအိုသခင်ဂူ က
အော်ငေါက်လိုက်လေသည် "ဘောကိုပဲ
စမ်းကြည့်။ မင်း ဒီမြို့တစ်ခုလုံးကို ဖျက်ဆီးဖို့
ကြိုးစားနေတာလား"

ယန်ယဲ့သည် ထိုစကားကြောင့်
ဘာပြောရမှန်းပင်မသိတော့ပေ။

တာအိုသခင်ဂူ က
ဒေါသတကြီးပြောလိုက်သည်
"အစီအရင်က
အရမ်းအစွမ်းထက်လွန်းတယ်၊
အတိအကျပြောရရင်
သိုင်းသူတော်စင်တစ်ယောက်ကို
အသာလေးသတ်နိုင်တယ်။ ဒါပေမဲ့
အဲဒါကို ကိုယ့်ကိုကိုယ်

လုံခြုံအောင်ကာကွယ်ဖို့ ဖန်တီးထားတာ၊
နားလည်လား”

ယန်ယဲ့သည် ခေါင်းညိတ်လိုက်ပြီး
စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်ကာ
ကောင်းကင်ယံအထက်မှ ဓားများအားလုံး
နက်ပြာရောင်ဓားသေတ္တာထဲသို့ ချက်ချင်း
ပြန်ရောက်လာကြသည်။ ထို့နောက်တွင်
သူသည် နက်ပြာရောင်ဓားသေတ္တာကို
သိုလှောင်လက်စွပ်ထဲ သိမ်းလိုက်ပြီး
တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း

တို့နှစ်ယောက်အား ဦးညွှတ်ကာ "ကျေးဇူးတင်ပါတယ်"

ကျန့်ဝူချန်းက "မင်း ငါတို့ကို တကယ်ကျေးဇူးတင်ချင်တယ်ဆိုရင် အသက်ရှင်လျက် ပြန်လာပါ"

ယန်ယဲ့က ပြုံးပြီး "ဒါက လွယ်တဲ့အလုပ်ပဲ"

"ဟားဟား" ကျန့်ဝူချန်း အပါအဝင် အာဏာပိုင်များအားလုံး

ရယ်မောလိုက်ကြသည်။ အခြားမည်သည့်
အရာကိုမျှမပြောနှင့် ယန်ယဲ့၏
ယုံကြည်မှုကို သူတို့
သဘောကျနှစ်သက်ကြသည်။

.......

ယန်ယဲ့သည်
ရှေးဟောင်းစားကျောင်းတော်၏
အဆင့်မြင့်အာဏာပိုင်များနှင့်
ခဏကြာစကားပြောပြီးနောက်
တိမ်ပင်လယ်ခန်းမသို့ ပြန်လာခဲ့သည်။

ခန်းမထဲ၌ လူ ၃ ယောက်ရှိနေ၏။ ယန်ယဲ့၊
လုဝမ်အာ နှင့် ယုဝူရှမ် တို့ပင်။

ယန်ယဲ့က "မင်းတို့နှစ်ယောက်လုံး
လိုက်လာလို့မရဘူး။ ဒါပဲ ငါပြောမယ်"

"ငါတို့ မလိုက်ပါဘူး" ယုဝူရှမ်က "ဒါပေမဲ့
နင်ပြန်လာရမယ်"

ယန်ယဲ့က အံ့သြသွားပြီး "မင်း ဘယ်တုန်းက ဒီလောက် အယုံလွယ်သွားတာလဲ"

ယုဝူရှမ်က သူမ၏ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "ဒီအချိန် သိုင်းသူတော်စင်တွေချည်းပဲ သွားသင့်တယ်။ သွားလည်းသွားနေကြတာတွေလေ။ ငါတို့ လိုက်လာမယ်ဆိုရင် ဝန်ထုပ်ဝန်ပိုးပဲဖြစ်မယ်။ ဘာလို့လဲဆိုတော့ ငါတို့က အားနည်းလွန်းလို့ နင့်ကို

အကူအညီမပေးနိုင်ဘူး။ ငါတို့လုပ်နိုင်တာ
နင့်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲနဲ့
နင့်ကိုဒုက္ခမပေးရုံပဲ"

ယန်ယဲ့က သူ့လက်ကို ဆန့်ပြီး
ယုဝူရှမ်၏ခေါင်းကို ပွတ်သပ်လိုက်ကာ
"ငါထွက်သွားတာနဲ့
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်ရဲ့
သိုင်းသူတော်စင်တွေက မြို့တော်ကို
တိတ်တဆိတ်

ကာကွယ်ပေးလိမ့်မယ်။ ဒါကြောင့်
နှစ်ယောက်လုံး စိတ်ပူစရာ မလိုပါဘူး"

လုဝမ်အာက ရုတ်တရက်မေးလိုက်သည် "
တာအိုအမိန့်တော် က ဘာလဲ"

ယန်ယဲ့က "ဒါကို ငါဖြေရှင်းလိုက်ပါ့မယ်"

လုဝမ်အာက ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ပြီး
ခေါင်းညိတ်လိုက်သည်။

...

နောက်တစ်နေ့ရောက်သော်....။

ထင်းရှူးစီရင်စု၏ တောင်ပိုင်းဒေသ၊ တာအိုအမိန့်တော်.....။

"တာအိုအမိန့်တော်ရဲ့ တာအိုသခင်၊ ထွက်လာပြီး ငါ့ကိုလာတွေ့စမ်း" နံနက်စောစောပိုင်းသာဖြစ်သော်လည်းတာအိုအမိန့်တော်၏ အထက်ကောင်းကင်ယံ၌

ကြမ်းတမ်းသောအသံတစ်ခု ရုတ်တရက်ထွက်ပေါ်လာသည်။

တာအိုအမိန့်တော်၏ တပည့်များအားလုံး ထိတ်လန့်တုန်လှုပ်သွားကာ ကောင်းကင်သို့ ပျံတက်လာပြီး အသံလာရာဆီသို့ မျှော်ကြည့်လိုက်မိကြသည်။
ဤအခိုက်အတန့်တွင် အစိမ်းရောင်ဝတ်ရုံအမျိုးသားတစ်ဦးက တာအိုအမိန့်တော်၏ အဝင်ဝလေထဲ၌ ရပ်နေကြောင်း မြင်တွေ့လိုက်ကြသည်။

အစိမ်းရောင်ဝတ်ရုံအမျိုးသားက သူတို့နှင့်
စိမ်းသက်သက်ဖြစ်နေသော
မျက်နှာမဟုတ်ပေ။ ယန်ယဲ့
ဖြစ်နေသောကြောင့် အားလုံး
မျက်နှာပျက်သွားကြတော့သည်။

ဤအချိန်တွင် တာအိုတောင်ထိပ်မှ
အလင်းတန်းများ လင်းလက်လာပြီး
ယန်ယဲ့ရှေ့၌ သိုင်းသူတော်စင် ၆ ယောက်
ပေါ်လာကြသည်။ အဖွဲ့ကို

ဦးဆောင်လာသူက တာအိုအမိန့်တော်၏
တာအိုသခင် ဖြစ်သည်။

"ဘာလဲ...၊ ယန်ယဲ့... မင်းက
ငါ့တာအိုအမိန့်တော်ကို လွှတ်ပေးဖို့တောင်
မရည်ရွယ်ဘူးလား" တာအိုသခင်က
မှုန်ကုပ်ကုပ်လေသံဖြင့် ပြောလိုက်သည်။

ယန်ယဲ့က "မနက်ဖြန်မှာ လော့ချန်းရှောင်
နဲ့ကတိအတိုင်း မြောက်ပိုင်းဒေသကို
သွားတော့မယ်။ ဒါပေမဲ့

ရှေးဟောင်းဓားကျောင်းတော် နဲ့
တိမ်ပင်လယ်ကယ်ဒမီအတွက်
စိတ်ချရအောင်လာခဲ့တာ။ အကြောင်းပြချ
က်ကတော့ မင်းရဲ့တာအိုအမိန့်တော် ပဲ"

တာအိုသခင်က "ဒါဆိုလဲ
မင်းစိတ်ချလက်ချသာသွားပါ"

ယန်ယဲ့က "ဒါဆို ငါသွားပြီ၊ မင်းရဲ့
တာအိုအမိန့်တော် အခုအချိန်မှာ

ကိုယ့်နေရာနဲ့ကို သိလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

၁၃၂၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၁ - မြောက်ပိုင်းဒေသ၊ ကောင်းကင်ဘုံနတ်ဘုရားခန်းမ သို့ရောက်ရှိခြင်း

"ယန်ယဲ့၊ မင်းကိုယ်မင်း
ဘယ်သူထင်နေတာလဲ" တာအိုသခင်က
"မင်း ...."

ယန်ယဲ့က စကားဖြတ်ပြောလိုက်၏ "မင်း
လုပ်နိုင်မလား ဒါမှမဟုတ် မလုပ်နိုင်ရင်
ငါ့ကို ပြော. "

တယအိုသခင်က “ငါ မလုပ်နိုင်ရင်
ဘယ်လိုလုပ်မလဲ”

ယန်ယဲ့က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ သိုင်းသူတော်စင်အဆ
င့် အနက်ရောင်ရုပ်သေး ၁၀ ရုပ်၊
ရှေးဟောင်းဓားကျောင်းတော်၏
သိုင်းသူတော်စင် ၇ ဦးနှင့်
ကောင်းကင်ဝါးမျိုးကလန်မှ သိုင်းသူတော်စင်
၆ ဦးတို့ ချက်ချင်း ပေါ်လာကြသည်။

တာအိုအမိန့်တော်၏ အဖွဲ့ဝင်များအားလုံး
ဤမြင်ကွင်းကို မြင်လိုက်ရာ

အကြီးအကျယ်
ထိတ်လန့်သွားကြတော့သည်။

ယန်ယဲ့သည် တာအိုသခင်ကို
မျက်လုံးချင်းတည့်တည့်ကြည့်ကာ "ကဲ၊
လုပ်နိုင်မလား၊ မလုပ်နိုင်ဘူးလား"

တာအိုသခင်၏ အမူအရာသည်
အလွန်အမင်းကြည့်မကောင်းလောက်အော
င်ပင်ပင်၊ သူက အတော်လေး
မကျေမနပ်ဖြစ်သော်လည်း

အချိန်အနည်းငယ်ကြာပြီးနောက်
အဆုံးတွင်က် ခေါင်းညိတ်လိုက်ပါသည်။
သို့သော်လည်း ယန်ယဲ့က ထပ်ပြောလိုက်၏
"ငါရှာနေတာ
မင်းဆီကအာမခံချက်မဟုတ်ဘူး"

တာအိုသခင်က အနည်းငယ်
ထိတ်လန့်သွားသည်။ ဤအချိန်မှာပဲ
ထင်မှတ်မထားသော
အဘိုးအိုတစ်ယောက်က ဤနေရာတွင်
ရုတ်တရက်ပေါ်လာခဲ့သည်။

အဘိုးအိုကို မြင်လိုက်သည့်အခါ

တာအိုအမိန့်တော်၏

အဖွဲ့ဝင်များအားလုံးနှင့်

အဆင့်မြင့်အာဏာပိုင်များပါ

ဦးညွှတ်လိုက်ကြသည်။

"တည်ထောင်သူဘိုးဘေးကို

အရိုအသေပြုပါတယ်"

သို့သော် အဘိုးအိုက သူတို့ကို ဂရုမစိုက်ဘဲ

သူ့အကြည့်များက ယန်ယဲ့ ဆီ

တန်းပြီးရောက်လာခဲ့သည်။
အချိန်အတော်ကြာအောင်
စိုက်ကြည့်နေပြီးမှ ခေါင်းတညိတ်ညိတ်နှင့်
“မျှော်လင့်ထားသလိုပဲ၊ လူငယ်တွေက
လူအိုကြီးတွေထက် သာတယ်။
နောင်အနာဂတ်မှာ
ငါတို့လိုလူအိုကြီးတွေကတောင် မင်းကို
တားဖို့ အစွမ်းအစတွေ ကင်းမဲ့နေလိမ့်မယ်"

ယန်ယဲ့က "တည်ထောင်သူဘိုးဘေး၊
ငါယန်ယဲ့က တာအိုအမိန့်တော်နဲ့

ရန်သူဖြစ်ချင်တဲ့ ဆန္ဒမရှိသလို တောင်ဘက်
ဒါမှမဟုတ် ထင်းရှူးစီရင်စုကို
အုပ်စိုးဖို့လည်း
ဆန္ဒမရှိပါဘူး။ သေချာပါတယ်၊
ကြိုတင်သတ်မှတ်ချက်ကတော့
တာအိုအမိန့်တော်ဟာ ငါ့ကို
ပြဿနာမရှာမိစေဖို့ပဲ"

တာအိုအမိန့်တော်၏
တည်ထောင်သူဘိုးဘေးက ယန်ယွဲ့အား
အချိန်အတော်ကြာ စိုက်ကြည့်နေလေသည်။

ထို့နောက် "ငါ့ရဲ့တာအိုအမိန့်တော်က
မင်းအသက်ရှင်နေတဲ့အချိန်မှာ
ရှေးဟောင်းဓားကျောင်းတော်နဲ့
တိမ်ပင်လယ်အကယ်ဒမီကို
တိုက်ခိုက်မှာမဟုတ်ဘူး"

ယန်ယွဲ့သည် အဘိုးအိုအား
ခေါင်းညိတ်ပြပြီးနောက် သူ့နောက်မှ
လူများကို ခေါ်ကာ လှည့်ထွက်သွားခဲ့သည်။

အဘိုးအိုက ရုတ်တရက် “ဒါကို မင်းတို့အားလုံးကြားကြလား”

တာအိုသခင် နှင့် အဆင့်မြင့်အာဏာပိုင်များ၊ အဖွဲ့ဝင်များအားလုံးလည်း ကမန်းကတန်း ခေါင်းညိတ်ကြသည်။

"ဒီနေ့ကစပြီး ငါ့ရဲ့တာအိုအမိန့်တော်က ဒီကလေးအသက်ရှင်နေသေးသရွေ့ သူ့ကိုမျက်နှာသာပေးရမယ်"

စကားဆုံးသည်နှင့် အဘိုးအိုသည်
ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

...

နောက်တစ်နေ့....။

တိမ်ပင်လယ်မြို့တော်မှ
အလင်းတန်းပေါင်းများစွာ ရုတ်တရက်
ထွက်ပေါ်လာပြီး ကောင်းကင်ယံအထက်သို့
ပျံတက်သွားကာ ချက်ချင်းပင်
ပျောက်ကွယ်သွားခဲ့သည်။

"လော့ချန်းရှောင်၊ ငါယန်ယဲ့ လာပြီ..."

မြောက်ပိုင်းဒေသ၊ ကောင်းကင်မြို့တော်....။

တိမ်ပင်လယ်မြို့တော်က
တောင်ပိုင်းဒေသ၏
နံပါတ်တစ်မြို့ဖြစ်ခဲ့လျှင်
ကောင်းကင်မြို့တော်ဟာ
မြောက်ပိုင်းဒေသ၏
နံပါတ်တစ်မြို့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထင်းရှူးစီရင်စု၏ နံပါတ်တစ်

အင်အားစုကြီး

တည်ရှိရာနေရာဖြစ်သောကြောင့်

ကောင်းကင်မြို့တော်က အမှန်ပင်

ကြီးမားခဲ့သည်။ မြို့၏တည်နေပုံက

နာမည်အတိုင်းပင်

ကောင်းကင်ယံအထက်သို့

လွင့်မျောနေသယောင် ထင်ရ၏။

ထင်းရှူးစီရင်စု

စတင်ဖြစ်ပေါ်လာချိန်ကတည်းက

လူသားမျိုးနွယ်နှင့် နတ်ဆိုးမျိုးနွယ်တို့ပါ
တပြိုင်တည်းရောက်လာခဲ့ကြသည်။

မတူညီသောမျိုးနွယ်စုကြီးနှစ်ခုဖြစ်ရာ
အင်အားအရေအတွက်များလာသည်နှင့်
လူသားမျိုးနွယ်ဟာ နတ်ဆိုးမျိုးနွယ်ကို
အစစအရာရာတွင်
မည်သို့မျှမယှဉ်နိုင်တော့ပေ။
လူသားအင်အားစုတိုင်းက
၎င်းတို့နေထိုင်သည့် နေရာ သို့မဟုတ်
မြို့တော်ကိုသာ တောင့်တင်းခိုင်မာလာစေဖို့
ကြိုးစားခဲ့ကြသည်။ ထို့အပြင်

လူသားမျိုးနွယ်ဟာ ၎င်းတို့ရှိနေသောနေရာကို တိုက်ခိုက်ရေးနှင့် ခုခံခြင်းဝင်္ကပါအစီအရင်များဖြင့် ကာကွယ်ထားလေ့ရှိခဲ့သည်။ ထို့ကြောင့် ထင်းရှူးစီရင်စု၏ လူသားအင်အားစုများကြားတွင် ကောင်းကင်မြို့တော်ဟာ အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး မြို့ကြီးဖြစ်ခဲ့သည်။

ကောလာဟာလများအရဆိုလျှင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမသာ
မြို့စောင့်မဟာဝက်ပါအစီအရင်ကို
အသက်သွင်းလိုက်ပါက သိုင်းသူတော်စင် ၅
ယောက် ပူးပေါင်းထားလျှင်ပင်
မတတ်နိုင်ဘဲ လက်မှိုင်ချရပါလိမ့်မည်။

ကောင်းကင်မြို့တော်၏ အရှေ့နှင့်အနောက်၊
တောင်နှင့်မြောက်  ၄ ဖက်စလုံးတွင်
ဝင်ပေါက် ၅ ပေါက်စီရှိခဲ့သည်။

ဝင်ပေါက်တစ်ခုစီတိုင်းက မီတာ ၃၀၀ ခန့်ကျယ်သည်။

ဤအခိုက်အတန့်တွင် အဆိုပါ မြို့ဝင်ပေါက် ၂၀ လုံးဟာ ထင်းရှူးစီရင်စုတစ်ခုလုံးမှ လူသားမျိုးနွယ်၊ နတ်ဆိုးမျိုးနွယ်တို့ဖြင့် ပြည့်နှက်နေသည်။ ဤအခြေအနေကို ကြည့်လျှင် ဤနေ့ကား ထင်းရှူးစီရင်စုတစ်ခုလုံးအတွက် သေချာပေါက် အဆုံးအဖြတ်နေ့ဟု သိသာလေသည်။ အကြောင်းအရင်းက ဤနေ့တွင် ထင်းရှူးစီရင်စု၏

အကြီးကျယ်အခမ်းနားဆုံး ပါရမီရှင် ၂
ယောက် ယှဉ်ပြိုင်မည့်နေ့ ဖြစ်
သောကြောင့်ပါ။

"လော့ချန်းရှောင် ....၊
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
နတ်ဘုရားသားတော်...."

လော့ချန်းရှောင်သည်
အချိန်တော်တော်ကြာကတည်းက
ထင်းရှူးစီရင်စု၏ နံပါတ်တစ် ပါရမီရှင်

ဖြစ်ခဲ့သည်။ သူသည်
နာမည်ကျော်ကြားလာကတည်းက
သိုင်းသူတော်စင်တစ်ယောက်ကို
လက်ရည်တူ
တိုက်ခိုက်နိုင်ခဲ့သည်။ ထို့အပြင် သူသည်
ဗဟိုနတ်ဘုရားစီရင်စုကိုပင်
သွားပြီးလေ့ကျင့်ခဲ့သေးသည်။
ထို့အချက်ကိုကြည့်ပါက လော့ချန်းရှောင်၏
ခွန်အားကို ခန့်မှန်းနိုင်လေသည်။

"ယန်ယဲ့....၊ တိမ်ပင်လယ်အကယ်ဒမီ၏
သမိုင်းတစ်လျှောက် အသက်ငယ်ဆုံး
ဘွဲ့နှမ်း..."

ယန်ယဲ့ အနေနှင့် ၂ နှစ်သာ
ကျော်ကြားလာခဲ့သော် လည်း
သူ၏ဂုဏ်သတင်းသည် လော့ချန်းရှောင်
ထက်ပင်
ကျော်လွန်သွားခဲ့သည်။ တာအိုအမိန့်
တော်ကို တိုက်ရိုက်စိန်ခေါ် ခြင်း သို့မဟုတ်
တိမ်ပင်လယ်မြို့တော်၏အပြင်ဖက်၌

သန်းချီသောနတ်ဆိုးစစ်တပ်ကို
သတ်ဖြတ်ခဲ့သည် ဖြစ်စေ သူ့ခွန်အားက
မည်မျှထိ ကြောက်စရာကောင်းသည်ကို
သက်သေပြနေသည်။ မှန်သည်၊
အရေးကြီးဆုံးအချက်မှာ
သိုင်းသူတော်စင်တစ်ယောက်ကို
သတ်ဖြတ်ခဲ့ခြင်းပင်။

ကောင်းကင်အထက်တစ်နေရာ....။

"မြေခွေးကေရှီ၊ ယန်ယဲ့ အနိုင်ရမယ်လို့
မျှော်လင့်နေတာလား" နတ်ဆိုးခြင်္သေ့ဘုရင်
က “ငါ့အထင်ပြောရရင်
ဒါမဖြစ်နိုင်ပါဘူး။ မင်းရဲ့မြေခွေးကလန်၊
ကောင်းကင်နတ်ဆိုးကျားကလန် နဲ့
ရွှေဖျက်ကြွက်မျိုးနွယ် တို့က
ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့
မဟာမိတ်ဖြစ်မလာချင်ဘူးလား"

မြေခွေးကေရီက "ဟန်ထျန်းက
လော့ချန်းရှောင် ကို
လက်မထပ်ချင်ဘူးလေ"

နတ်ဆိုးခြသေ့်ဘုရင်က “သူမ
မှန်တယ်။ လော့ချန်းရှောင်က
လူသားတွေကြားက
နဂါးတစ်ကောင်ဆိုပေမဲ့
သူ့ကိုယ်ပိုင်ခွန်အားကို မြှင့်တင်ဖို့အတွက်ပဲ
အမျိုးသမီးတွေကို လက်ထပ်တာ။
မြေခွေးသမီးပျိုက သူ့ကိုလက်ထပ်ရင်

သူမအတွက်

အဆင်မပြေနိုင်ဘူးလေ။ ဒါပေမဲ့

ကောင်းကင်နတ်ဆိုးကျားကလန် နဲ့

ရွှေဖျက်ကြွက်မျိုးနွယ်က

ကောင်းကင်ဘုံနတ်ဘုရားခန်းမ ဖက်မှာ

ရပ်တည်နေတယ်။ ဒီတော့ မင်းရဲ့

မြေခွေးကလန်က

ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

ခုခံဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ မလုံလောက်ဘူး။

ငါ့ နတ်ဆိုးခြင်္သေ့ကလန်နဲ့

ပူးပေါင်းရင်တောင် မဖြစ်နိုင်သေးဘူး”

မြေခွေးကောရီက

ရုတ်တရက်မေးလိုက်သည် "ဒါပေမဲ့

ယန်ယဲ့သာ လော့ချန်းရှောင်ကို

သတ်နိုင်ခဲ့ရင် ဘာဖြစ်မလဲ"

"ဒါ ဖြစ်နိုင်တယ်လို့

မင်းထင်လား" နတ်ဆိုးခြသေ့ဘုရင်က

ဆက်ပြောသည် “သူက လော့ချန်းရှောင်ကို

အနိုင်ယူနိုင်ရင်တောင် သတ်ဖို့ဆိုတာ

မဖြစ်နိုင်ပါဘူး။ ဒါက

ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
နယ်မြေဆိုတာလည်း မမေ့ပါနဲ့။ ဒါ့အပြင်
ငါကြားတာတော့ လော့ချန်းရှောင်ဟာ
ဗဟိုနတ်ဘုရားစီရင်စုကနေ
အရမ်းကြောက်စရာကောင်းတဲ့
ရှေးဟောင်းအမွေအနှစ်တစ်ခုကို
ရခဲ့တယ်လို့ ကောလဟာလတွေက
ဆိုတယ်။ တကယ်လို့ ဒါသာ အမှန်ဆိုရင်
ယန်ယဲ့က အနိုင်ယူဖို့
အခွင့်အရေးရှိမှာမဟုတ်ဘူး”

"အမွေအနှစ်တစ်ခု၊ ငါလည်း အဲဒါကိုကြားမိတယ်။ ဒါပေမဲ့ သူရခဲ့တဲ့ အမွေအနှစ်က ဘာလဲတော့ မသိဘူး”

“အဲဒီလူက အမွေအနှစ်ကို ချန်ထားခဲ့နိုင်တယ်ဆိုတော့ ကိုယ်ပိုင်ဂိုဏ်း ဒါမှမဟုတ် အင်အားစုတစ်ခုရှိတယ်ဆိုတာ ကိုယ်စားပြုတယ်။ သူက ကိုယ်ပိုင်အင်အားစုရှိမှတော့ အဲဒီလူက အနည်းဆုံး သိုင်းသူတော်စင်အဆင့်ရဲ့ အထက်ဆင့်ပညာရှင် ဖြစ်နိုင်တယ်။

ဗဟိုနတ်ဘုရားစီရင်စုက
သိုင်းသူတော်စင်အဆင့်ရဲ့
အထက်ဆင့်ပညာရှင်တွေက
ငါတို့စိတ်ကူးတောင်မယဉ်နိုင်တဲ့အရာတွေ
လေ။ ဒါပေမဲ့ လော့ချန်းရှောင်က
အဲဒီအမွေအနှစ်ကို တကယ်ရယူနိုင်ခဲ့တယ်။
ဒါဆို သူ့ရဲ့ခွန်အားရ နဂိုထက်
ပိုပြီးကြောက်စရာကောင်းတဲ့ အဆင့်ကို
ရောက်သွားလောက်ပြီ” နတ်ဆိုးခြသေ့်ဘုရ
င်က “တိုတိုပြောရရင် ထင်းရှူးစီရင်စုက
ဒီနေ့ကစပြီး ပြောင်းလဲသွားလိမ့်မယ်” ဟု

တိုးညှင်းသောလေသံဖြင့်
ဆက်ပြောခဲ့သည်။

"သူ ဒီကိုရောက်လာပြီ" မြေခွေးကေရီက
ရုတ်တရက် မြေပြင်ဆီသို့
လှမ်းကြည့်လိုက်သည်။

...

ကောင်းကင်မြို့တော်....။

"ယန်ယဲ့... ဒီမှာ" မြို့ထဲမှ
တစ်စုံတစ်ယောက်က အော်ဟစ်လိုက်ရာ
မရေမတွက်နိုင်သော ကျင့်ကြံသူများက
မြို့ဝင်ပေါက်များထဲမှ တစ်ခုဆီသို့ ချက်ချင်း
မျှော်ကြည့်လိုက်ကြသည်။

ဤအခိုက်အတန့်တွင်
အစိမ်းရောင်ဝတ်ရုံအမျိုးသားတစ်ယောက်
က နက်ပြာရောင်ဓားသေတ္တာကို ထမ်းပြီး
မြို့ဖက်သို့ တစ်လှမ်းချင်း
လျှောက်လာနေခဲ့၏။

"ယန်ယဲ့၊... သူက ယန်ယဲ့ပဲ။ ငါ သူ့ကို တစ်ခါတွေ့ဖူးတယ်။ သူက သိုင်းသူတော်စင်တစ်ယောက်ကို ဓားတစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာ။ အဲဒီနေ့က သူ့ရဲ့ အရှိန်ကို ငါတောင် မမြင်နိုင်ခဲ့ဘူး"

"သူ့ရဲ့ခွန်အားအစစ်အမှန်က ဘယ်လိုလဲဆိုတာ ငါမသိပေမဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမကိုလာပြီး

လော့ချန်းရှောင်
ကိုတိုက်ခိုက်ဝံ့တယ်ဆိုတော့
ချီးကျူးစရာပါပဲ။ နောက်ဆုံးတော့
ဒီနေရာက ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
နယ်မြေလေ"

“ဓားသမားတွေက ဒီလိုပဲ! သူတို့ ဓားတွေ
ကိုင်ထားရင် ဘာကိုမှမကြောက်တတ်ဘူး”

"ဘာပဲဖြစ်ဖြစ် ဒီတိုက်ပွဲမှာ အနိုင်ရတဲ့သူက ထင်းရှူးစီရင်စုရဲ့သမိုင်းမှာ နာမည်တွင်သွားလိမ့်မယ်"

...

တိုက်ခိုက်ရေးကွင်းပြင်အထက်၌......။

ယန်ယဲ့ ရောက်လာသည်ကို မြင်လိုက်သောအခါ လော့ချန်းရှောင်၏ ပါးစပ်ထောင့်က အနည်းငယ်ထူးဆန်းသော အပြုံးတစ်ခု တောက်ပသွားပါသည်။

၁၃၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂ - လော့ချန်းရှောင်နှင့်တိုက်ခိုက်ခြင်း

လော့ချန်းရှောင်၏ ဘေးနားတွင် လူငယ် ၂ ယောက်ရှိနေသည်။ လက်ဝဲဘက်ရှိ

လူငယ်က
အစိမ်းရောင်ဝတ်ရုံဝတ်ဆင်ထားသည့်
ယန်ယဲ့ကို ကြည့်ကာ "အစ်ကိုချန်းရှောင်၊
ဒါက ယန်ယဲ့ လား။ သေချာကြည့်တော့
သူက လုံးဝ
ထူးထူးခြားခြားလည်းမဟုတ်ပါဘူး"

လော့ချန်းရှောင်၏ ညာဖက်ရှိ လူငယ်က
လှောင်ပြောင်ရယ်မောလိုက်ပြီး "ဟူယ၊
သူ့ကို လျှော့မတွက်နဲ့။ သူက

သိုင်းသူတော်စင်တစ်ယောက်ကို သတ်လိုက်ပြီ”

"သိုငသူတော်စင် ကိုသတ်လိုက်တာလား" ဟူယ၏ ပါးစပ်ထောင့်တွင် အထင်အမြင်သေးသောအမူအရာအချို့ ထွက်ပေါ်လာပြီး "ယွန်ရှန်း၊ မင်းက သိုင်းသူတော်စင်တွေကို ကြောက်နေတာလား။ ငါတို့ ၃ ယောက်က ဗဟိုနတ်ဘုရားစီရင်စုကို ခရီးထွက်ပြီးပြီလေ။ အဲဒီတုန်းက ငါတို့ထဲက

ဘယ်သူကများ သိုင်း သူတော်စင်ကို မသတ်ဖူးလို့လဲ”

ယွန်ရှန်း ဟုခေါ်သောလူငယ်က ရယ်မောလိုက်သော် လည်း ဘာမှပြန်မပြောပေ။

ဟူယ က အေးစက်စွာ ရယ်မောရင်း “ရယ်စရာကောင်းတာက သိုင်းသူတော်စင်တစ်ယောက်ကို သတ်နိုင်လိုက်တော့ သူ့ကိုယ်သူ

ပြိုင်ဖက်ကင်းလို့ ထင်နေပုံပဲ။ တကယ့်ကို ရယ်စရာကောင်းလိုက်တာ”

“မသိနားမလည်တာကကြောက်စရာမဟုတ်ဘူး၊ ကြောက်စရာကောင်းတဲ့ အရာကို သတိမထားမိတာကသာ ကြောက်စရာကောင်းတယ်" ယွန်ရှန်းက သူ့ကို  လျစ်လျူရှုရင်း “သူ့ကို အထင်မသေးနဲ့။ ထင်းရှူးစီရင်စုတစ်ခုလုံးမှာ သူ့ရဲ့ခွန်အားက တကယ်မဆိုးဘူး။ ဒါ့အပြင် ထင်းရှူးစီရင်စုမှာ

အစ်ကိုချန်းရှောင် ကို
တိုက်ခိုက်ဖို့အရည်အချင်းပြည့်မီတဲ့သူတစ်
ယောက်ရှိနေရင် အဲဒီလူက သေချာပေါက်
သူပဲ ဖြစ်နိုင်တယ်"

“ငါမမှားရင် သူက အစ်ကိုချန်းရှောင် ကို
တိုက်ခိုက်ဖို့ အရည်အချင်းမရှိဘူးလို့
ထင်ပါတယ်။ ဒါကို
သက်သေပြခွင့်ပြုပါ" စကားပြောပြီးသည်နှ
င့် သူ့ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး

ယန်ယဲ့ရှေ့သို့ ရောက်သွားကာ လမ်းကို ပိတ်ရပ်လိုက်သည်။

“ဒါက ငါတို့စီရင်စုရဲ့နံပါတ် ၁ နတ်ဆိုးဘုရင်ပဲ။ သူက ယန်ယဲ့ ရှေ့မှာ ဘာလို့ တားတာလဲ။ ကြည့်ရတာ သူက ယန်ယဲ့ကို အရင်တိုက်ခိုက်ချင်နေတာလားမသိ"

"ဟူယ က လော့ချန်းရှောင်ကို သူ့အစ်ကိုလို့ အသိအမှတ်ပြုထားတယ်။ တစ်နည်းပြောရ

ရင်တော့ သူ့ရဲ့ခွန်အားက လော့ချန်းရှောင်
ထက်နိမ့်ကျတယ်။ ယန်ယဲ့က သူ့ကိုတောင်
အနိုင်မယူနိုင်ရင် လော့ချန်းရှောင်
နဲ့တိုက်ခိုက်ဖို့ မလိုတော့ဘူးလေ"

“ဟူယ ကို အနိုင်ယူဖို့က သူ့အတွက်
ပြဿနာမဟုတ်သလို၊ ဒါက
အချိန်တစ်ခုပဲလိုမှာပါ။ ဒါပေမယ်လို့
နှစ်ယောက်စလုံးက
ထိပ်ဆုံးရောက်ပါရမီရှင်တွေချည်းပဲ။
တကယ်သာ တိုက်ခိုက်ရင်

ငါတို့သေချာပေါက် ပြပွဲကောင်းတစ်ခု ကြည့်ရဦးမယ်"

“ဒါက တကယ်တော့ ကောင်းပါတယ်။ ငါတို့က ယန်ယွဲ့ရဲ့စစ်မှန်တဲ့ခွန်အားကို မြင်တွေ့ရတာပေါ့လေ"

ယန်ယွဲ့က ရပ်လိုက်ပြီး သူ့ရှေ့ပိတ်ရပ်ထားသည့် ဟူယ ကို တစ်ချက်ကြည့်ကာ "မင်းတစ်ခုခုလိုသေးလို့လား"

ဟူယ က ပြုံးပြီး “မင်းက
အစ်ကိုချန်းရှောင်နဲ့ တိုက်ဖို့ အရည်အချင်း
မရှိဘူးလို့
ငါထင်တယ်။ မင်းဘယ်လိုထင်လဲ"

ယန်ယွဲ့က ပုံမှန်အတိုင်းသာ
ပြန်ပြောလိုက်၏ "ငါပြောချင်တာကတော့
မင်းဘေးဖယ်နေလိုက်တာ
အကောင်းဆုံးပဲလို့ ငါထင်တယ်"

ဟူယ က သူ့ရင်ဘတ်သူပုတ်ပြပြီး “ငါ့ကို သတ်ပြီး မင်း ကျော်သွားနိုင်တယ်” ဟု ပြောလိုက်လေသည်။

"ကောင်းပြီလေ....၊ ဒါဆိုလည်း..." ယန်ယွဲ့သည် ပေါ့ပေါ့ပါးပါး ခေါင်းညိတ်လိုက်ပြီး သူ့ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။ ထို့နောက် ဓားကိုပြန်သိမ်းလိုက်ကာ ဟူယ ကို ကွေ့ပတ်ပြီး ရှေ့သို့ ဆက်သွားခဲ့သည်။

ဟူယ ကတော့ နေရာတွင်သာ
ထိတ်လန့်သွားပြီး ယန်ယဲ့ကို မတားခဲ့ပေ။

အားလုံး အံ့အားသင့်သွားပြီး ဟူယ ကို
ပဟေဋ္ဌိဆန်သော အမူအရာများဖြင့်
စိုက်ကြည့်နေကြသည်။

ဤအချိန်တွင် လော့ချန်းရှောင်၏
မျက်လုံးများသည်ကျဉ်းမြောင်းသွားပြီး
သူ့မျက်နှာပေါ် ရှိ အပြုံးသည်ပင်
ပျောက်ကွယ်သွားခဲ့သည်။ သူက

တိုးတိုးလေးပြောလိုက်သည် "အခုတော့ နည်းနည်းစိတ်ဝင်စားဖို့ကောင်းလာပြီ"

ဆူး!

ဤအခိုက်တွင် ဟူယ၏ ခန္ဓာကိုယ်ဟာ ရုတ်တရက် ၂ ပိုင်းကွဲသွားပြီး သွေးများ စမ်းရေကဲ့သို့ ပန်းထွက်လာသည်။

ဤမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ဟာ သုသာန်တစ်စပြင်ကဲ့သို့ လုံးဝတိတ်ဆိတ်သွားတော့သည်။

"ဟူယက ချက်ချင်းပဲ အသတ်ခံရတယ်လား "

ဤအချိန်တွင် ယန်ယဲ့သည် တိုက်ခိုက်ရေးစင်မြင့်အစပ်နားသို့ ရောက်လာခဲ့သည်။

လော့ချန်းရှောင်က ယန်ယဲ့ကို ငုံ့ကြည့်ပြီး "မင်းမှာ တကယ်အရည်အချင်းရှိတယ်..."

"ဘာလို့ စကားများအ
ချိန်ဖြုန်းချနေတာလဲ။ လာ! အခုပဲစလိုက်ရ
အောင်" စကားပြောပြီးသည်နှင့်
ယန်ယဲ့သည် သူ့ဓားကို ရုတ်တရက်
ဆွဲထုတ်လိုက်သည်။ မိုးချိန်းသံကဲ့သို့
စူးရှသော ဓားအူသံကြီး ထွက်ပေါ်လာပြီး
ဓားစွမ်းအင်အလင်းတန်းတစ်ခုဟာ
ရှေ့သို့ပြေးထွက်လာခဲ့သည်။

"ကောင်းကင်ဘုံဖျက်ဆီးခြင်းစားကြိုး ၉၀
ထပ် "

ဤတိုက်ခိုက်မှုသည်
အလွန်တရာလျင်မြန်လှသည်သာမကဘဲ
သိုင်းသူတော်စင်များပင်လျှင် ၎င်းကို
မမြင်နိုင်ခဲ့ပေ။

အားလုံးက လော့ချန်းရှောင်
ထံပြေးဝင်သွားသော

အလင်းအမှုန်အမွှားများကိုသာ
ခံစားလိုက်ရသည်။ ထို့နောက်ဆွင်
လောချန်းရှောင်၏ အနောက်တွင် ရှိနေသော
ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ
ကောင်းကင်ကိုပင် တုန်ခါသွားစေသော
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

သို့သော် စွမ်းအင်အတားအဆီးတစ်ခု
ရုတ်တရက်ပေါ်လာပြီး ယန်ယဲ့၏
တိုက်ခိုက်မှုကို
တားဆီးထားလိုက်သောကြောင့်

ကောင်းကင်ဘုံနတ်ဘုရားခန်းမသည်
ပျက်စီးသွားခြင်းမရှိပေ။

သို့သော်လည်း စွမ်းအင်အတားအဆီးက
အက်ကွဲကြောင်းများဖြင့်
ဖုံးလွှမ်းထားသည်။ ဤအချိန်တွင်
လေပြင်းများ ရုတ်တရက်
တိုက်ခတ်လာခဲ့ပါသည်။

ခွမ်း!

ကျယ်လောင်သောပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်
စွမ်းအင်အတားအဆီးဟာ အပိုင်းအစများ
အဖြစ် ကွဲအက်သွားလေတော့သည်။

မှန်သည်၊ ဤအချိန်တွင် မည်သူမျှ
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
စွမ်းအင်အတားအဆီးကို
အာရုံစိုက်မနေကြပေ။ အားလုံး၏
အကြည့်များသည် လော့ချန်းရှောင်
အပေါ်တွင်သာ ကျရောက်နေခဲ့သည်။

သာမာန်အဆင့်နိမ့်ကျင့်ကြံသူများကတော့
အဖြစ်အပျက်ကို
သတိမထားမိသောကြောင့်
အံ့အားသင့်နေကြဆဲဖြစ်သည်။

ဤနေရာရှိ
သိုင်းသူတော်စင်များအတွက်ကား သူတို့၏
မျက်နှာအမူအရာက သိသိသာသာပင်
လေးနက်လာခဲ့ကြသည်။ အကြောင်းမှာ
သူတို့ဟာ ယန်ယွဲ့ ထုတ်ဖော်လိုက်သော

တိုက်ခိုက်မှုအား
ခုခံနိုင်စွမ်းကိုယုံကြည်မှုမရှိကြသောကြောင့်ပင်။

သို့သော်လည်း
သိုင်းသူတော်စင်များအားလုံး၏
အကြည့်များသည် ယန်ယဲ့ အပေါ်တွင်
ရှိမနေခဲ့ပေ။ သူတို့က
လော့ချန်းရှောင်ကိုသာ ကြည့်နေကြသည်။

လော့ချန်းရှောင်က အထိအခိုက်မရှိဘဲ
ရပ်နေသောကြောင့်ပါ။

ပတ်ဝန်းကျင်က တစ်ခဏမျှ
တိတ်ဆိတ်သွားပြီးနောက်
လော့ချန်းရှောင်က ရုတ်တရက် ခေါင်းခါကာ
ပြုံးလိုက်ပြီး "ယန်ယွဲ့၊ မင်းရဲ့
ဒီတိုက်ခိုက်မှုက မင်းအဲဒီနေ့က
တိုက်ခိုက်တာထက် အများကြီး
ပိုပြင်းထန်တယ်။ ကြည့်လိုက်၊
ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမတောင်

မင်းကြောင့်

ပျက်စီးလုနီးပါးဖြစ်နေပြီ။တကယ်တော့

အဲဒီစွမ်းအင်အတားအဆီးက အနည်းဆုံး

သိုင်းသူတော်စင် ၅ ယောက်ရဲ့

ပူးပေါင်းတိုက်ခိုက်မှုကို ခုခံနိုင်တယ်။

ဒါပေမဲ့ အခုအချိန်မှာတော့

မင်းရဲ့ဓားတစ်ချက်တည်းနဲ့

ဖျက်ဆီးခံလိုက်ရပြီ”

ဤအချိန်တွင် ကျန့်ဝူချန်းက "ဒဏ္ဍာရီလာ

စိတ်ဝိညာဉ်ဥပဒေသ"

ကျန့်ဝူချန်း၏ နောက်တွင် ရပ်နေသည့်
နောက်ထပ်
သိုင်းသူတော်စင်တစ်ယောက်ကတော့
"စိတ်ဝိညာဉ် ဥပဒေသ လား"

ကျန့်ဝူချန်းက အသက်ပြင်းပြင်းရှုပြီး
“ဒီဥပဒေသကို ငါကြားဖူးပေမဲ့ တစ်ခါမှ
မတွေ့ဖူးဘူး။ ဒီနေ့တွေ့မယ်လို့
ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ သူ့မှာက

တစ်ခုပဲရှိတယ်။ မူလခွန်အားကို
အကန့်အသတ်ဖို့
မြှင့်တင်ဖို့ပဲ။ အရှင်းဆုံးရှင်းပြရရင်
မီးကိုထိရင် လက်ကို
အလိုလိုပြန်ဆွဲရလိမ့်မယ်။ ဒါကြောင့်
ပိုရိုးရှင်းတဲ့ပုံစံနဲ့ ဖော်ပြဖို့၊ သူ့အတွက်
အားနည်းချက်ရှိနေသရွေ့တော့
ဖြစ်နိုင်ချေရှိတဲ့ အခိုက် အတန့်မှာ သူက
သဘောတရားကို နားလည်နိုင်တယ်။
ပြောရရင်တော့ စိတ်ဝိညာဉ်ဥပဒေသကို
နားလည်တာနဲ့

အလိုလိုခွန်အားမြင့်တက်လာပြီးသားလို့ ဆိုနိုင်တယ်"

ကျန့်ဝူချန်းက ဤအထိပြောပြီးနောက် စကားကို ခဏရပ်လိုက်ပြီး "ဒီတော့ စိတ်ဝိညာဉ်ဉပဒေသကို ပိုင်ဆိုင်ထားတဲ့သူက အထွတ်အထိပ်အခြေအနေမှာ ရှိနေပြီ။သူ့ပြိုင်ဘက်က လုံးဝ ခွန်အားမရှိရင်။ မဟုတ်ရင်...."

ဤစကားကို ကြားသောအခါ
ရှေးဟောင်းဓားကျောင်းတော်မှ
အဆင့်မြင့်အာဏာပိုင်များအားလုံး
မျက်နှာပျက်သွားသည်။

အောက်မြေပြင်ပေါ်တွင်....။

ယန်ယွဲ့သည် လော့ချန်းရှောင်ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
စင်မြင့်ပေါ်သို့ ခုန်တက်ကာ

"ပြောစရာမလိုပါဘူး၊ ငါ မင်းကို လျှော့တွက်ခဲ့မိတယ်"

"ငါလည်းပဲ" လော့ချန်းရှောင်က ပြုံးပြီး "ဒါပေမဲ့ ငါ့အတွက် နည်းနည်းလောက်ပဲ အံ့သြစရာပါ"

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင် သူ့အကြည့်များသည် ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

အဝင်ဝတွင်ရပ်နေသောအဖွဲ့ဆီသို့

ရောက်သွားခဲ့သည်။

ဝင်ပေါက်၏ ဘယ်ဖက်တွင်

အဖြူရောင်ဝတ်ရုံအဘိုးအို ၁၅ ယောက်နှင့်

သန်မာသော လူလတ်ပိုင်း အမျိုးသား ၂

ဦးက ရှေ့ဆုံးတွင် ရပ်နေခဲ့သည်။ အားလုံးက

သိုင်းသူတော်စင်များ ဖြစ်ကြသည်။

ဘယ်ဖက်ရှိ သန်မာသော

လူလတ်ပိုင်းအမျိုးသား၏ အသွင်အပြင်က

စောစောက သူ သတ်ပစ်ခဲ့သော ဟူယ နှင့်

အလွန်ဆင်တူသည်။ ဤအခိုက်အတန့်တွင်

ထိုလူလတ်ပိုင်းက
ရက်စက်သောအမူအရာဖြင့် သူ့အား
ကြည့်နေသည်ကို သတိထားမိလိုက်သည်။

ဝင်ပေါက်၏ ညာဖက်ခြမ်းတွင်မူ
အစိမ်းရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်
သာ ရှိနေသည်။ အဘိုးအိုက
ရှက်ကိုးရှက်ကန်း အသွင်အပြင်နှင့်
မက်မောသော အကြည့်ဖြင့် ပတ်ဝန်းကျင်ရှိ
အမျိုးသမီးများကို အဆက်မပြတ်
ပွတ်သပ်ကိုင်တွယ်နေလေသည်။

အဘိုးအိုက ယန်ယဲ့ကြည့်နေသည်ကို
သတိထားမိဟန်ဖြင့်
ချက်ချင်းလှည့်ကြည့်ကာ သူ၏
အဝါရောင်သွားနှစ်တန်းပေါ်အောင်
ပြုံးပြလိုက်သည်။

ယန်ယဲ့ဟာ ချက်ချင်းပင် မျက်လုံးများ
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ အဘိုးအိုက သူ့ကို
အလွန် စိတ်မသက်မသာဖြစ်စေပြီး

အန္တရာယ်များသော ခံစားချက်မျိုး

ပေးနေခဲ့သည်။

အဘိုးအိုကို အချိန်တော်တော်ကြာသည်ထိ

ကြည့်နေပြီးနောက်

ကောင်းပင်ဘုံနတ်ဘုရားခန်းမတွင်

သိုင်းသူတော်စင် ၁၈ ယောက် ရှိနေကြောင်း

သတိထားမိလာခဲ့သည်။ သို့သော်လည်း

သူ့စိတ်ထဲ၌

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

စစ်မှန်သောခွန်အားမဟုတ်သေးကြောင်း
အလိုလိုခံစားမိနေခဲ့သည်။

သို့သော် ယန်ယဲ့က ရုတ်တရက်
"အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့ပညာရှင်တွေကို
ဘာကြောင့်မတွေ့ရတာလဲ"

ယန်ယဲ့သည် အဆုံးမဲ့နတ်ဆိုးဂိုဏ်း၏
ပညာရှင်များ တစ်ယောက်တစ်လေမျှ
မတွေ့သောကြောင့်
မျက်မှောင်ကြုတ်လိုက်သည်။ ယုတ္တိရှိရှိ

ပြောရလျှင် အဆုံးမဲ့နတ်ဆိုးဂိုဏ်းသည် ကောင်းကင်ဘုံနတ်ဘုရားခန်းမသို့ တစ်စုံတစ်ဦးကို သေချာပေါက် စေလွှတ်ထားပေလိမ့်မည်။ ထို့အပြင် သူ မြောက်ပိုင်းဒေသသို့ ရောက်လာသည့်တိုင် အဆုံးမဲ့နတ်ဆိုးဂိုဏ်းထံမှ ဆက်သွယ်မှုတစ်စုံတစ်ရာပင် မရခဲ့ပေ။ ယန်ယွဲ့၏ စိတ်ထဲ ထိုအရာက အတော်လေး ထူးဆန်းနေသလို ခံစားလိုက်ရသည် "သူတို့ တစ်ခုခုဖြစ်သွားတာများလား"

၁၃၂၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၃ - အင်ပါယာတစ်ပိုင်းအဆင့်နည်းစနစ်

ယန်ယဲ့သည် အစိမ်းရောင်ဝတ်ရုံ့အဘိုးအိုကို လေးလေးနက်နက်ဖြင့် တစ်ချက်ကြည့်လိုက်သည်။ သို့သော်

အဘိုးအိုက ယန်ယဲ့အား

အထင်အမြင်သေးစွာဖြင့်သာ

ကြည့်လိုက်ပြီး လော့ချန်းရှောင် ကို

စိုက်ကြည့်ရင်း "ချန်းရှောင်၊ အဲဒါကို

မြန်မြန်ပြီးအောင်လုပ်။ မင်းရဲ့ဒီစီရင်စုက

တကယ်ကို အမှိုက်ပဲကွဒီနေရာမှာ

ဝိညာဉ်စွမ်းအင်ရှားပါးတဲ့အပြင်

လှပတဲ့အမျိုးသမီးတွေလည်းမရှိဘူး၊ ငါ

ဒီမှာ ဆက်မနေချင်တော့ဘူး”

"တပည့်က အကြီးအကဲကို အကြာကြီး
စောင့်ခိုင်းမှာ
မဟုတ်ပါဘူး" လော့ချန်းရှောင်က
ပြောပြီးသည်နှင့် ယန်ယဲ့ကို စိုက်ကြည့်ကာ
"မင်းရဲ့အပြင်းထန်ဆုံးတိုက်ခိုက်မှုကို
ထုတ်ဖော်လိုက်တော့။ မင်းရဲ့စွမ်းအားကို
လူတိုင်းမြင်အောင် ပြသင့်ပြီ။ ဒါမှမဟုတ်ရင်
မင်းမှာ အခွင့်အရေးမရှိမှာကို
ငါစိုးရိမ်မိတယ်”

"မင်းဆန္ဒအတိုင်းပဲ" စကားပြောပြီးသည်နှင့် ယန်ယဲ့သည် သူ့လက်ဝါးကိုတစ်ချက်လှန်လိုက်ရာ ဟာကျူလီယံဓားက သူ့လက်ထဲတွင် ပေါ်လာသည်။ ထို့နောက်တွင်တော့ သူက ရှေ့သို့ ဆတ်ခနဲထွက်လာပြီး ဟာကျူလီယံဓားကို မြှောက်၍ လော့ချန်းရှောင်အား ပိုင်းချလိုက်သည်။

ယန်ယဲ့က ဟာကျူလီယံဓားဖြင့် ပိုင်းချလိုက်စဉ် လော့ချန်းရှောင်ဟာ

ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။
ထို့နောက် သူက ယန်ယဲ့၏
နောက်ကျောတွင် ပြန်ပေါ်လာပြီး
လက်ဝါးတစ်ဖက်ဆန့်ထုတ်ကာ
ရိုက်ချလိုက်လေသည်။

ဘမ်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး
အာကာသဟင်းလင်းပြင်က အနည်းငယ်

တုန်ခါသွားသည်။ သို့သော် ယန်ယဲ့သည်
နေရာတွင် ပျောက်ကွယ်သွားပြီး
လော့ချန်းရှောင်၏ လက်ဝါးက လေကိုသာ
ရိုက်ချမိသည်။

ဤအခိုက်တွင် လော့ချန်းရှောင်၏
အရိပ်သည် အနည်းငယ်လွန့်သွားပြီးနောက်
ဓားတစ်ချောင်းက သူ့လည်ပင်းအား
ထိုးသွင်းလာသဖြင့် တစ်ကိုယ်လုံး
အနည်းငယ်
တောင့်တင်းသွားခဲ့သည်။ သို့တိုင်

လှော့ချန်းရှောင်က သူ့နောက်ကျောကို

မြင်နေရသည့်အလား ခေါင်းကို

ဘေးဖက်စောင်းကာ

ရှောင်ထွက်လိုက်သည်။ တစ်ချိန်တည်းမှာပ

င် သူက ကိုယ်ကိုတစ်ပါတ်လှည့်၍

ယန်ယဲ့၏ဗိုက်ကို

ခြေထောက်ဖြင့်ဖြတ်ကန်ထည့်လိုက်သည်။

သို့သော်လည်း ယန်ယဲ့၏ခန္ဓာကိုယ်ကနေ

အနက်ရောင်အလင်းတန်းများ

ဖြာထွက်လာပြီး လော့ချန်းရှောင်အား
ဖုံးအုပ်သွားသည်။

ဘမ်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီး ယန်ယဲ့သည် ခြေလှမ်း
ဒါဇင်အနည်းငယ်ထိ
နောက်ပြန်ဆုတ်သွားခဲ့ပြီး
ခပ်လှမ်းလှမ်းရောက်မှသာ
ရပ်တန့်လိုက်နိုင်သည်။ တစ်ချိန်တည်းမှာပင်

သူ့ရှေ့က မြင်ကွင်းကြောင့် ယန်ယဲ့၏
မျက်လုံးများသည်
သိသိသာသာပင်ကျဉ်းမြောင်းသွားခဲ့ပါတော့
သည်။

အကြောင်းမှာ သူ၏ဓားချပ်ဝတ်က
အပိုင်းပိုင်းပေါက်ကွဲပြီး
ကြေမွသွားသောကြောင့်ပင်။

"နတ်ဘုရားအလယ်အလတ်အဆင့်
ချပ်ဝတ်တောင်
ဖျက်ဆီးခံလိုက်ရတယ်လား"

“မင်းရဲ့ချပ်ဝတ်တန်ဆာက

မဆိုးပါဘူး။ ထိုးစစ်နှင့် ခံစစ် နှစ်မျိုးလုံး

အသုံးပြုနိုင်တယ်။ ကံမကောင်းစွာပဲ၊

အဲဒါက

မလုံလောက်သေးဘူး" လော့ချန်းရှောင်က

အေးစက်စက်အသံဖြင့်

ပြောလိုက်လေသည်။

စကားပြောပြီးသည်နှင့် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ကာ

ထိုခြေလှမ်းတစ်ခုတည်းကပင် ယန်ယဲ့ ရှေ့၌

ရုတ်ချည်းပေါ်လာခဲ့သည်။ ထို့နောက်
သူ့လက်ဝါးကို မြှောက်ကာ ယန်ယဲ့၏
ရင်ဘတ်တည့်တည့် ရိုက်ချလိုက်လေသည်။

လောချန်းရှောင်၏ လက်ဝါးက
လှိုင်းဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်မျိုး
သယ်ဆောင်လာသည့်အလား ယန်ယဲ့၏
သတ်ဖြတ်ခြင်းနှလုံးသားပင်လျှင်
ရုတ်တရက် လှုပ်ခတ်သွားခဲ့လေသည်။

ယန်ယဲ့သည် ပေါ့ပေါ့ဆဆ
မလုပ်ဆောင်ဝံ့ဘဲ ဟာကျူလီယံဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရှေ့သို့
ပင့်ထိုးလိုက်သည်။

ဓားနှင့် လက်ဝါးတို့က လေထဲမှာပင်
ဆုံတွေ့သွားကြတော့သည်။

အုန်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး သူတို့နှစ်ယောက်
ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်က ပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။ ထို့နောက်တွင်
နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်း ၁၀
လှမ်းခန့် ပြန်ဆုတ်လိုက်ရ၏။

လော့ချန်းရှောင်၏ မျက်လုံးများက
အံ့အားသင့်စရာ အရိပ်အယောင်တစ်ခု
ပေါ်လာသည် "မင်းရဲ့ ရုပ်ခန္ဓာက

ကြောက်စရာကောင်းတဲ့အပြင် မင်းရဲ့
ခွန်အားထိန်းချုပ်မှုကလည်း
ဒီလောက်အဆင့်ထိရောက်နေဖို့
ငါဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။ ပြောစရာတောင်မလို
ပါဘူး၊ မင်းဟာ ငါ့ကို
တကယ်အံ့သြသွားစေတာပဲ။ ဟုတ်တာပေါ့၊
ဒါကပိုပြီးစိတ်ဝင်စားဖို့ကောင်းလာစေတယ်
။ မဟုတ်ရင် ငါ မင်းကို လွယ်လွယ်နဲ့
သတ်လိုက်ရင် ပျင်းစရာကြီး
မဟုတ်ဘူးလား"

"မင်းကဘာလို့ဒီလောက်ဘဝင်မြင့်ပြီး
အစွမ်းထက်နေတာလဲ" ယန်ယွဲ့သူ့လက်များ
လက် အနည်းငယ်လှုပ်လိုက်ရာ
ပျက်သုဉ်းခြင်းကျောက်စိမ်းနှင့်
အဝါရောင်စမ်းရေ တို့က
သူ့လက်နှစ်ဖက်ထဲတွင် ပေါ်လာသည်။
သူက လော့ချန်းရှောင်ကို စိုက်ကြည့်ကာ
"မင်းကိုမြင်ရတာ ငါတကယ်ကို
သည်းမခံနိုင်တော့ဘူး။ လူတွေက
ကိုယ့်ကိုယ်ကို နည်းနည်းလေး နှိမ့်ချပြီး

မလုပ်နိုင်ကြဘူးလား။ ငါ့ကိုပဲကြည့်။ ငါက အရမ်းသန်မာတယ်လို့ထင်ရပေမဲ့ ငါအမြဲတမ်းနိမ့်ကျတဲ့အဆင့်အတန်းကို ထိန်းသိမ်းထားတယ်၊ ပြီးတော့ ငါလုပ်တဲ့အရာတွေက နည်းနည်းလေးမှ ထိတ်လန့်စရာမကောင်းခဲ့ဘူး”

လော့ချန်းရှောင်၏ မျက်နှာက မည်းမှောင်သွားသည် "ယန်ယဲ့၊ မင်းတကယ် သေဖို့ စိတ်အားထက်သန်နေတာလား"

"အပိုစကားတွေပြောနေတာကို
ရပ်နိုင်မလား။ မင်းက
ဒီထက်နည်းနည်းလေးပိုပြီး
ပြင်းပြင်းထန်ထန် တိုက်ခိုက်နိုင်မလား”
စကားပြောနေရင်း ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များက
ဓားနှစ်ချောင်းထဲသို့
တရစပ်တိုးဝင်လာခဲ့သည်။
ချက်ချင်းဆိုသလိုပင် သူ့လက်နှစ်ဖက်မှ
ဓားနှစ်ချောင်းဟာ ပြင်းထန်စွာ
တုန်ခါလာပါသည်။ ထို့နောက်တွင်

မြေပြင်ကနေ မရေမတွက်နိုင်သော

အဝါရောင်စွမ်းအင်လှိုင်းများ ထွက်လာပြီး

အဝါရောင်စမ်းရေထဲသို့

စီးဝင်သွားသည်။ တစ်ချိန်တည်းမှာပင်

ကောင်းကင်ယံအထက်ကနေ

သိပ်သည်းသော

အဖြူရောင်စွမ်းအင်လှိုင်းများ

ကျဆင်းလာပြီး

ပျက်သုဉ်းခြင်းကျောက်စိမ်းထဲသို့

တလဟောစီးဝင်လာသဖြင့်

ဓားတစ်ချောင်းလုံး

တဆတ်ဆတ်တုန်ခါသွားသည်။

"ကောင်းကင်နဲ့ မြေကြီးရဲ့

စွမ်းအင်" မြေခွေးကေရိက

မျက်မှောင်ကြုတ်ကာ “အဲဒီ စွမ်းအင် ၂ ခုရဲ့

ပေါင်းစပ်အားနဲ့ဆိုရင် သူထုတ်သုံးလိုက်တဲ့

ဓားနည်းစနစ်က  အရင်ကထက်

အဆပေါင်းများစွာ

ပိုအားကောင်းလာလိမ့်မယ်”

"မင်းကသေချင်နေပြီဆိုမှတော့
မင်းရဲ့ဆန္ဒကို
ငါဖြည့်ဆည်းပေးရတာပေါ့" လော့ချန်းရှော
င်က အေးစက်စက် ပြောပြီး ရှေ့ကို
ခြေတစ်လှမ်းတိုးကာ သူ့လက်ဝါးကို
အသာလှူပ်ယမ်းလိုက်သည်။

ထိုခဏလေးအတွင်းမှာပဲ
တိုက်ပွဲစင်မြင့်တစ်ခုလုံး၏
အထက်အကာသဟင်းလင်းပြင်က

တစ်စတစ်စ လှုပ်ခါလာပြီး
ကြောက်စရာကောင်းသော
ပျက်စီးခြင်းအငွေ့အသက်များ
ထွက်ပေါ်လာပါတော့သည်။
ဤအငွေ့အသက်များ
ထွက်ပေါ်လာပြီးနောက် လူတိုင်း၏
အမူအရာများသည် သိသိသာသာပင်
ပြောင်းလဲသွားကြသည်။

"ဒါက ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
အင်ပါယာတစ်ပိုင်းအဆင့်နည်းစနစ် ဖြစ်တဲ့

"မဟာပျက်သုဉ်းခြင်းလက်" မဟုတ်လား"
မြေခွေးကေရီသည်ပင် မျက်လုံးများ
အနည်းငယ် ကျဉ်းမြောင်းသွား၏။ သူမက
“ဒီလောချန်းရှောင်က
အင်ပါယာတစ်ပိုင်းအဆင့်နည်းစနစ်ကို
အောင်အောင်မြင်မြင်နဲ့လေ့ကျင့်ထားနိုင်မ
ယ်လို့ ငါဘယ်တုန်းကမှ
မမျှော်လင့်ထားခဲ့ဖူးဘူး"

နတ်ဆိုးခြသေ့ဘုရင်ကလည်း
အသံတိုးတိုးဖြင့်ပြောခဲ့သည် "သူတို့က

တိုက်ခိုက်မှုတစ်ခုတည်းနဲ့ ရလာဒ်ကို ဆုံးဖြတ်မှာလား။ ဒါမှမဟုတ် ဒါက အစပဲရှိသေးတာလား"

တစ်ချိန်တည်းမှာပဲ လော့ချန်းရှောင်က သူ့လက်ဝါးကို ရှေ့သို့ ရုတ်တရက် ပုတ်လိုက်သည် ။

"ငါမင်းကို အခုချက်ချင်းသတ်မယ်" လော့ချန်းရှောင်၏ အေးစက်စက်အသံနှင့်အတူ

အထက်ကောင်းကင်ယံ၌
အနက်ရောင်လက်ဖဝါးကြီး ပေါ်လာသည်။

ဂျုန်း!

အနက်ရောင်လက်ဝါးကြီး ပေါ်လာသည်နှင့်
တပြိုင်နက် ၎င်းပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်သည် ချက်ချင်း
ကွဲထွက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့သည် သူ့လက်များကို ရုတ်တရက် ဖိလိုက်ရာ သူ့လက်နှစ်ဖက်ရှိ ဓားနှစ်ချောင်းလုံးက ချက်ချင်းပင် တစ်သားတည်း
ဖြစ်သွားသည်။ ထို့နောက်တွင်
သူ၏ဘယ်ဖက်လက်ထဲ၌
ရှေးဟောင်းဓားအိမ်ပေါ်လာပြီး ဓားကို ဓားအိမ်ထဲထည့်ကာ ဆတ်ခနဲ
ပြန်ဆွဲထုတ်လိုက်လေသည်။

အောင်း!

စူးရှကျယ်လောင်သော ခေါင်းအူသံကြီး ပဲ့တင်ထပ်ကာ

ခေါင်းစွမ်းအင်အလင်းတန်းတစ်ခုက

ကောင်းကင်ယံအထက်သို့

လင်းလက်သွားခဲ့သည်။

ခေါင်းစွမ်းအင်အလင်းတန်းတစ်ခုတည်းသာ

ထင်ရသော်လည်း အမှန်တွင်

ကောင်းကင်ဘုံဖျက်ဆီးခြင်းခေါင်းကြိုး ၁၀၀

ထပ်ပေါင်းထားသော

ခေါင်းအလင်းတန်းဖြစ်သည်။

ကောင်းကင်နှင့် မြေကြီး၏ စွမ်းအင်ကို ယာယီဆွဲယူပြီး ယန်ယဲ့သည် ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၀၀ ထပ် ထုတ်ဖော်နိုင်ခဲ့သည်။

ဘောင်း!

ယန်ယဲ့ ထံမရောက်ခင် အာကာသဟင်းလင်းပြင်က ချက်ချင်းပြိုကျသွားသည်။ ဤအချိန်တွင် ယန်ယဲ့၏ ဓားစွမ်းအင်က

နတ်လျှပ်စီးတန်းတစ်ခုအလား
လျင်မြန်လာပြီး လော့ချန်းရှောင်၏
တိုက်ခိုက်မှုကို ဖြတ်ပိုင်းသွားသည်။

တိုက်ခိုက်မှုနှစ်ခု
ရင်ဆိုင်တွေ့သွားချိန်တွင်တော့
အစိမ်းရောင်ဝတ်ရုံအဘိုးအို၏
အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားပြီး သူ့လက်နှစ်ဖက်ကို
ရှေ့ဆန့်ထုတ်ပြီး ဖိထားလိုက်သည်။
ထို့နောက် ပြိုကျလုနီးပါးဖြစ်နေသော

ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်က ချက်ချင်းပင်
ပုံမှန်အခြေအနေသို့
ပြန်လည်ရောက်ရှိသွားခဲ့သည်။ တစ်ချိန်တ
ည်းမှာပင် တိုက်ခိုက်မှုနှစ်ခုကနေ
ထွက်ပေါ်လာသည့် အဖျက်စွမ်းအားက
ရုတ်ချည်းပင် အားကောင်းလာခဲ့သည်။

ခွမ်း!

တိုက်မိသည့် နေရာတွင်ကား

ရောမကြီးပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက်

တိုက်ခိုက်မှုနှစ်ခုစလုံး အနည်းငယ်

တုန်လှုပ်သွားခဲ့သည်။

အထက်ကောင်းကင်ယံဟာ

ခဏတာတိတ်ဆိတ်သွားပြီး

တိုက်ခိုက်မှုနှစ်ခုစလုံး

အာကာသဟင်းလင်းပြင်ထဲ၌

ပေါက်ကွဲထွက်သွားခဲ့သည်။

ဂျိန်း!

ပေါက်ကွဲရာကနေ
တိုက်မိသထိတ်လန့်တုန်လှုပ်စရာကောင်း
သော စွမ်းအင်လှိုင်းလုံးကြီးတစ်ခု
လွင့်စင်လာပြီး တိုက်ပွဲစင်မြင့်တစ်ဝိုက်ရှိ
အာကာသဟင်းလင်းပြင် အတားအဆီးဟာ
လှိုင်းတွန့်များပင် ထလာတော့သည်။
ဤမြင်ကွင်းကား လုံးဝကို ထိတ်လန့်စရာ
မြင်ကွင်းတစ်ခုပင် ဖြစ်ချေတော့သည်။

ဤအခိုက်တွင်
အစိမ်းရောင်ဝတ်ရုံအဘိုးအို၏
အမူအရာသည် ဤမြင်ကွင်းကို မြင်ပြီး
အတော်လေးသုန်မှုန်လာခဲ့သည်။
နောက်ဆုံးတွင် ယန်ယဲ့ ကဲ့သို့လူ ၁၀
ယောက် ရှိနေလျှင်ပင် သူဖန်တီးထားသည့်
အတားအဆီးကို မဖျက်ဆီးနိုင်ဟု
ပြောခဲ့သည်။ သို့သော်လည်း
ယခုအချိန်တွင်မူ မြင်နေရသည်ကား
သူ၏ယူဆချက်များကြောင်း
ပြောနေခဲ့သည်။

အဘိုးအိုက အေးစက်စွာ ရေရွတ်ရင်း
သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ကာ
တိုက်ပွဲစင်မြင့် ဖက်သို့ နောက်တစ်ကြိမ်
ထပ်မံ ဖိချလိုက်သည် ။ ထိုခဏလေးမှာပဲ
တိုက်ပွဲစင်မြင့်ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်က နေရာဟာ
ချက်ချင်းငြိမ်သက်သွားခဲ့ပါသည်။။ ဤတစ်
ကြိမ်တွင် အဘိုးအိုက မရပ်တန့်ဘဲ
ပတ်ပတ်လည် အာကာသဟင်းလင်းပြင်ကို
အဆက်မပြတ် အားဖြည့်လိုက်သည်။

...

တိုက်ပွဲစင်မြင့်ကား အစီအရင်ဖြင့်
ပိတ်ထားသောကြောင့် စွမ်းအင်လှိုင်းများ
အဆက်မပြတ်ရိုက်ခတ်နေသော်လည်း
ပြင်ပသို့ ပြန့်နှံ့မလာခဲ့ပေ။ သို့တိုင် ယန်ယဲ့
နှင့် လော့ချန်းရှောင် ပင်ဖြစ်စေ
နှစ်ယောက်လုံးက အခြေအနေကို လုံးဝ
ဂရုမစိုက်ကြပေ။ထို့နောက်တွင်တော့
နှစ်ယောက်စလုံးက အပြင်းအထန်

တိုက်ခိုက်လိုက်ပြီး နောက်တစ်ကြိမ်
ထိပ်တိုက်တွေ့သွားခဲ့ကြသည်။

ဤသို့ဖြင့် တိုက်ပွဲဟာ အရှိန်ပြင်းလာပြီး
နှစ်ယောက်လုံး၏ တိုက်ခိုက်မှုများကလည်း
တစ်စတစ်စ ပြင်းထန်လာပါတော့သည်။

၁၃၂၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၄ - ဘာလို့များ

ခေတ်တစ်ခေတ်တည်းမှာ ပြိုင်တူ

မွေးဖွားလာတာလဲ

ကလန်…

သတ္တုကွဲအက်သံသည် ရုတ်ချည်း

ပဲ့တင်ထပ်လာပြီး ယန်ယဲ့သည် နောက်သို့

ထပ်ခါတလဲလဲ ဆုတ်သွားကာ

စင်မြင့်အစွန်ဆို့ရောက်မှသာ
ရပ်တန့်သွားသည်။

ယန်ယဲ့၏ အခြေအနေကို မြင်သောအခါ
ကျန့်ဝူချန်းအပါအဝင်
ရှေးဟောင်းဓားကျောင်းတော်၏
အာဏာပိုင်များအားလုံး
မျက်နှာပျက်သွားကြသည်။

အဝါရောင်စမ်းရေ နှင့်
ပျက်သုဉ်းခြင်းကျောက်စိမ်း ဓားနှစ်လက်က

၂ ပိုင်းကျိုးထွက်သွားကာ ယန်ယဲ့၏
ရင်ဘတ်တွင်လည်း
လက်သီးအရွယ်အပေါက်တစ်ခုရှိနေပါသည်
။

ဤအချိန်တွင် လော့ချန်းရှောင်၏ လက်ထဲ၌
ရွှေရောင်လှံတစ်ချောင်း ရုတ်တရက်
ပေါ်လာသည်။

ယန်ယဲ့သည် ဓားကျိုးနှစ်ချောင်းကို
စိုက်ကြည့်ရင်း တဖန် လော့ချန်းရှောင်၏

လက်ထဲမှ ရွှေရောင်လုံ့ကို စိုက်ကြည့်ကာ
"မင်းပိုင်တဲ့ မိုးကောင်းကင်ခွဲလုံ့ကို
ဘယ်လိုကြောင့်
သူများလက်ထဲထည့်ပေးထားရတာလဲ"

လော့ချန်းရှောင် ကိုင်ထားသော
ရွှေရောင်လုံ့က အန်နန်ကျင်း၏
မိုးကောင်းကင်ခွဲလုံ့ ပါ။

လော့ချန်းရှောင်က မျက်လုံးထဲ
အံ့အားသင့်သွားသော အမူအရာတစ်ခု

ပေါ်လာပြီး "ဒီလုံကို မင်းတကယ် မှတ်မိနေတာလား"

"မင်းပိုင်တဲ့အရာကို ဘာလုပ် နေတာလဲ" ယန်ယဲ၏ မျက်နှာသည် တဖြည်းဖြည်း ခက်ထန်လာခဲ့သည်။ မိုးကောင်းကင်ခွဲလှံပ အန်နန်ကျင်း၏ လက်နက်ဖြစ်သည်။ သူမက လောချန်းရှောင်ကို လုံး၀ ပေးမည်မဟုတ်ပေ။ ထိုသို့မဟုတ်လျှင်.... အန်နန်ကျင်းက...

ဤအချက်ကို စဉ်းစားလိုက်သောအခါတွင်
ယန်ယဲ့၏ ခန္ဓာကိုယ်ကနေ
လူသတ်လိုစိတ်များ
ပေါက်ကွဲထွက်လာခဲ့သည်။ သူက ၎င်းကို
ဖိနှိပ်လိုက်သော်လည်း သူ့ကိုယ်သူ
မထိန်းချုပ်နိုင်တော့ပေ။

"သူ့ပိုင်ရှင်က မသုံးနိုင်တော့လို့ ငါ
ယူထားတယ်။ တကယ်တော့ ဒါက
မဆိုးပါဘူး" လော့ချန်းရှောင်က

တဟားဟား ရယ်လိုက်ပြီး "တကယ်တော့
နတ်ဘုရားအဆင့်မြင့်
ရတနာဓားနှစ်ချောင်းကို
ဒီလောက်လွယ်လွယ်ကူကူ
ဖျက်ဆီးနိုင်ခဲ့တာပဲ"

ယန်ယဲ့သည် သူ့လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်လိုက်ပြီး "အန်နန်ကျင်း
ဘယ်မှာလဲ"

လော့ချန်းရှောင်၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားပြီး "မင်း သူမကို သိလား"

"မင်းငါ့ကိုမပြောဘူးလား။ ဒါဆို မင်းမပြောမချင်း ရိုက်ပေးရတာပေါ့" စကားပြောပြီးသည်နှင့် သူ့ပုံရိပ်က ရှေ့သို့ လျှပ်တစ်ပြက်တိုးလာခဲ့သည်။ ဤတစ်ကြိမ်တွင်ကား ယန်ယွဲ့ဟာ ဓားကိုမသုံးတော့ဘဲ လက်သီးနှစ်ဖက်သာ သုံးခဲ့သည်။

"ဘယ်လောက်တောင်ရယ်စရာကောင်းလိုက်သလဲ" လော့ချန်းရှောင်က အေးစက်စက်ရယ်မောပြီး တိုက်ခိုက်ဖို့ပြင်လိုက်သည်။ သို့သော် ဤအချိန်တွင် မမြင်နိုင်သော စွမ်းအား ၂ မျိုးက သူ့အပေါ် ရုတ်တရက်ကျရောက်လာသည်ကို သတိထားမိခဲ့သည်။

"ဓားနယ်မြေ နဲ့ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ"

သူ၏အတွေ့အကြုံများအပေါ် အခြေခံပြီး
မမြင်နိုင်သော စွမ်းအားနှစ်ခုက
မည်သည့်အရာများ ဖြစ်ကြောင်း
ချက်ချင်းသတိပြုမိနိုင်ခဲ့သည်။

ဓားနယ်မြေနှင့် ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကြောင့် လော့ချန်းရှောင်၏
လှုပ်ရှားမှုက ခဏတာရပ်တန့်သွားသည်။
ဤအခိုက်မှာပဲ ယန်ယဲ့၏ လက်သီးချက်က
သူ့ရင်ဘတ်ပေါ်
ကျရောက်လာပါတော့သည်။

ဘမ်း!

လော့ချန်းရှောင်၏ ခြေထောက်များဟာ
မြေပြင်နှင့် တရွတ်ဆွဲသွားကာ
နောက်အတော်ဝေးဝေးထိပင်
လွင့်ပျံသွားသည်။

ယန်ယွဲ့သည် ရှေ့တိုးလာပြီး
နောက်တစ်ကြိမ်တိုက်ခိုက်လိုက်စဉ်

လော့ချန်းရှောင်က မိုးကောင်းကင်ခွဲလှံကို မြှောက်၍ ပြန်ထိုးချလိုက်သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်တွင် ရက်စက်ကြမ်းကြုတ်သော အပြုံးများ ပေါ်လာပြီး သူ၏လက်သီးဖြင့် ရှေ့သို့ ထိုးချလိုက်လေသည်။ ဤအချိန်တွင် လော့ချန်းရှောင်က ယန်ယဲ့ ရှေ့၌ ရုတ်တရက်ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် မိုးကောင်းကင်ခွဲလှံက ကြောက်မက်ဖွယ်ကောင်းသော အင်အားကို

သယ်ဆောင်လာပြီး ယန်ယဲ့၏ ရင်ဘတ်သို့ ထိုးသွင်းခဲ့သည်။

မိုးကောင်းကင်ခွဲလုံက အလွန်ကြောက်စရာကောင်းသောကြောင့် ယန်ယဲ့သည် ၎င်းကို တိုက်ရိုက်တားဆီးဖို့ မကြိုးစားခဲ့ပေ။ သူ၏ညာခြေကို မြေပြင်တစ်ချက်ဆောင့်ကာ ကိုယ်ကိုတစ်ပါတ်လှည့်လိုက်သည်။ ထိုအခါ မိုးကောင်းကင်ခွဲလုံက သူ့ဗိုက်ကို အနည်းငယ်သာ ခြစ်မိသွားသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့သည်
လော့ချန်းရှောင် နှင့် နီးကပ်လာပြီး
ရုတ်ချည်းပင် လက်သီးဖြင့်
ထိုးချလိုက်သည်။

ယန်ယဲ့၏ လက်သီးချက်က သူ့ခေါင်းထံ
တိုးဝင်လာသည်ကို မြင်သောအခါ
လော့ချန်းရှောင်၏ အမူအရာသည်
အနည်းငယ်ပြောင်းလဲသွားသည်။ ဤတစ်
ကြိမ်တွင်မူ သူက

ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပေ။
ချက်ချင်းဆိုသလိုပင်
သူ၏ဘယ်ဖက်လက်သီးကို ဆန့်ကာ
ယန်ယဲ့၏လက်သီးကို ပြန်ထိုးလိုက်သည်။

ဘုန်း!

လက်သီးချင်းတိုက်မိရာမှ
အာကာသဟင်းလင်းပြင်သည်
တဆတ်ဆတ် တုန်ခါသွားကာ

နှစ်ယောက်စလုံး နောက်သို့ ခြေလှမ်း ၁၀ လှမ်းနီးပါးထိပင် ဆုတ်သွားလိုက်ရသည်။

ယန်ယွဲ့သည် ရှေ့သို့ ထပ်မတက်တော့ဘဲ သူ့ညာဖက်လက်သီးကို တစ်ချက်ကြည့်လိုက်သည်။ ဤအချိန်မှာ သူ့လက်သီးက အနည်းငယ်ကွဲအက်သွားခဲ့သည်။ ယန်ယွဲ့က ခေါင်းမော့ပြီး လော့ချန်းရှောင်ကို ကြည့်လိုက်ရာ

ရွှေရောင်လက်အိတ်တစ်စုံဝတ်ဆင်ထားသ
ည်ကို တွေ့လိုက်ရသည်။

လော့ချန်းရှောင်က ပြုံးပြပြီး "ယန်ယဲ့၊
မင်းမှာပဲ နတ်ဘုရားအဆင့်ရတနာတွေ
ရှိနေတယ်လို့ မထင်လိုက်နဲ့။
ငါ့ရဲ့လက်အိတ်တွေကို
အာဏာရှင်လက်အိတ်လို့ခေါ်တယ်။
ဒါတွေက နတ်ဘုရားအဆင့်မြင့်
အကာအကွယ်ရတနာတွေလေ။ ငါ
ဒါတွေကို ဗဟုနတ်ဘုရားစီရင်စုကနေ

ရလာတာ။ ဒီလက်အိတ်တွေက အသုံးပြုသူရဲ့ ခွန်အားကို တိုးမြှင့်ပေးနိုင်တယ်။ ဒါ့အပြင် ပြိုင်ဖက်ရဲ့ ခွန်အား ၃၀ ရာခိုင်နှုန်းလောက်ကို တန်ပြန်နိုင်တယ်"

"ငါတို့ တိုက်ခိုက်နေရင် တိုက်ခိုက်မယ်၊ သောက်ပိုတွေ သိပ်မပြောနဲ့" စကားပြောပြီးသည်နှင့် ယန်ယွဲ့၏ ပုံရိပ်က ဖျတ်ခနဲ ပျောက်ကွယ်သွားပြီး လော့ချန်းရှောင် ရှေ့၌ ပြန်ပေါ်လာပါသည်။

တစ်ချိန်တည်းမှာပင် လျှပ်စီးတန်းတစ်ခု
ထက်ပင်လျှင်မြန်သော
လက်သီးတစ်ချက်က လောအချန်းရှောင်၏
ရင်ဘတ်သို့ တိုးဝင်လာခဲ့သည်။

လော့ချန်းရှောင်၏ နှုတ်ခမ်းထောင့်တွင်
အေးစက်သော အပြုံးတစ်ခု
ရစ်ဝဲလာသည်။ သူသည်
မိုးကောင်းကင်ခွဲလုံ့ကို မသုံးတော့ဘဲ
လက်သီးချင်းသာ ပြန်ထိုးလိုက်၏။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ခန္ဓာကိုယ်ကနေ ဓားနယ်မြေ နှင့်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ
ထွက်ပေါ်လာပြီး လော့ချန်းရှောင်အား
ဖိနှိပ်လိုက်လေသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏လက်ထဲ၌
ဟာကျူလီယံဓားပေါ်လာပြီး
လော့ချန်းရှောင်အား ဆတ်ခနဲ
ပိုင်းချလိုက်တော့သည်။

ဘမ်း

လော့ချန်းရှောင်က ရှောင်ချိန်ပင်မရလိုက်ဘဲ
တိုက်ရိုက်လွင့်ပျံသွားခဲ့သည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
ရှေ့တက်လာပြီး ဟာကျူလီယံဓားဖြင့်
ထပ်မံပိုင်းချလိုက်ရာ လော့ချန်းရှောင်၏
ခန္ဓာကိုယ်က နောက်တစ်ကြိမ်
လွင့်ထွက်သွားသည်။

ဓားနယ်မြေ နှင့် ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒက ဖိနှိပ်ထားသဖြင့်

လော့ချန်းရှောင်၏ လှုပ်ရှားမှုတိုင်းဟာ

နှေးကွေးနေခဲ့သည်။ လော့ချန်းရှောင်၏

မျက်လုံးများသည် သိသိသာသာပင်

ကျဉ်းမြောင်းလာသည်။သို့သော်

လော့ချန်းရှောင်၏ ခေါင်းကို

ပိုင်းချလာသည့် ယန်ယွဲ၏လက်ထဲမှဓားက

ရုတ်တရက် ရပ်တန့်သွားသည်။

လော့ချန်းရှောင်က ဤအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး မီတာ ၅၀၀ ကျော်အကွာသို့ ခုန်ထွက်သွားသည်။

ယန်ယဲ့သည် လော့ချန်းရှောင်ကို မလိုက်ဘဲ အဝေးမှ အစိမ်းရောင်ဝတ်ရုံအဘိုးအိုကို စိုက်ကြည့်နေသည်။ဤအခိုက်အတန့်တွင် အဘိုးအိုသည် သူ့မျက်နှာပေါ်တွင် အေးစက်သောအပြုံးဖြင့် ယန်ယဲ့ကိုကြည့်နေသည်။

ယန်ယဲ့သည် အေးစက်စွာ ရယ်မောလိုက်ပြီး "တကယ်ရယ်စရာကောင်းလိုက်တာ" အစောပိုင်းတွင် အဘိုးအိုက လော့ချန်းရှောင်အား လက်ဗှားလိုက်သောကြောင့် သူ၏ဟာကျူလီယံဓားက ရပ်တန့်သွားခဲ့ခြင်းပင်။ သို့သော် အဘိုးအိုသည် လျှပ်တစ်ပြက် လုပ်ဆောင်ခဲ့သောကြောင့် မည်သူမျှ သတိမထားမိခဲ့ပေ။

အဘိုးအိုက ယန်ယဲ့ကို ဂရုမစိုက်ဘဲ
လော့ချန်းရှောင်အား စိုက်ကြည့်ရင်း
"အချိန်မဖြုန်းနဲ့၊ တိုက်ပွဲကို
အဆုံးသတ်လိုက်တော့"

လော့ချန်းရှောင်က ညင်သာစွာ
ခေါင်းညိတ်လိုက်ပြီး ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။ ဤအခိုက်အတန့်တွ
င် သူ့မျက်လုံးများက
ရက်စက်ကြမ်းကြုတ်သော အမူအရာတစ်ခု
ပေါ်လာသည်။

ထို့နောက် သူက "ယန်ယဲ့၊
မင်းဘယ်လောက်ထိ ညှို့ဖျင်းတယ်ဆိုတာ
မင်းကိုပြခွင့်ပြုပါ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
သူ့ခန္ဓာကိုယ်ထဲမှ
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်များ ထွက်ပေါ်လာပြီး
တိုက်ပွဲစင်မြင့်ကိုတားဆီးထားသော

စွမ်းအင်အတားအဆီးက
ကွဲအက်သွားသည်။

"သိုင်းသူတော်စင်...။ လော့ချန်းရှောင်က
သိုင်းသူတော်စင် တစ်ယောက်ပဲ "

ဤနေရာရှိ လူတိုင်းသည်
သူတို့၏မျက်စိရှေ့မှ မြင်ကွင်းကြောင့်
အံ့သြတုန်လှုပ်သွားကြသည်။

"လောချွန်းရှောင်က တကယ်ပဲ သိုင်းသူတော်စင်တစ်ယောက် ဖြစ်နေတယ်"

ကောင်းကင်မြို့တော်ရှိ ကျင့်ကြံသူများပါ အံ့သြသွားကြသည်။

အမှန်ဆိုရသော် ထင်းရှူးစီရင်စုအတွင်းရှိ မည်သူမျှ ထောင်စုနှစ်တစ်ခုကျော် မကျင့်ကြံဘဲ သိုင်းသူတော်စင်အဆင့် သို့မတက်လှမ်းနိုင်ပေ။ အတိတ်ကာလ၏ အထူးချွန်ဆုံးပါရမီရှင် ပင်လျှင်

ရာစုနှစ်တစ်ခုအထိ ကျင့်ကြံခဲ့ရသည်။
သို့သော်လည်း  လော့ချန်းရှောင်က အသက်
၂၀ ကျော်သာ ရှိခဲ့သည်။

ဤအတွက် ရှင်းပြချက်တစ်ခုသာ
ရှိတော့သည်။

သူသည် အကြိုသူတော်စင်တစ်ပါး
ဖြစ်နေခြင်းပင်။

လော့ချန်းရှောင်က
အကြို(ကနဦးသိုင်းသူတော်စင်) ဖြစ်သည်။

"သိုင်းသူတော်စင်! ဟားဟား၊ ဂျူနီယာခန်းမသခင်က သိုင်းသူတော်စင်တစ်ယောက်ပဲ။ ငါတို့စီရင်စုရဲ့ သမိုင်းတစ်လျှောက်မှာ အသက် ၃၀ အောက် ပထမဆုံး သိုင်းသူတော်စင် "

"ဂျူနီယာခန်းမသခင်က သူအောင်အောင်မြင်မြင်နဲ့ အဆင့်တက်သွားတာကို ကောင်းကောင်းဖုံးကွယ်ထားဖို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
ကနဦးသိုင်းသူတော်စင်၊ ဟားဟား! အခု
တော့ ယန်ယွဲ့ ရဲ့အတိတ်က
အောင်မြင်မှုတွေက ငါတို့ရဲ့
ဂျူနီယာခန်းမသခင်ရှေ့မှာ
ဘာမှမဟုတ်တော့ဘူး”

"ယန်ယွဲ့ လား၊ ဟမ့်.... သူက ငါတို့ရဲ့
ဂျူနီယာခန်းမသခင် ရှေ့မှာ
အမှိုက်ဖြစ်ဖို့တောင် မတန်ဘူး။ သူက
လူလေးနည်းနည်းလောက်ကိုသတ်ပြီး

ခွန်အားအချို့ရှိရုံနဲ့ ပြိုင်ဖက်ကင်းပြီလို့

ယူဆနေတာလေ။ သူ့လိုလူတွေက

တကယ်ကို ရယ်စရာကောင်းပြီး

သနားစရာကောင်းပါတယ်"

"အရင်တုန်းက သူဟာ

သိုင်းသူတော်စင်တစ်ယောက်ကို

သတ်ခဲ့သေးတယ်"

"ငါရရှိထားတဲ့အချက်အလက်အရ

ဂျူနီယာခန်းမသခင်ကလည်း

သိုင်းသူတော်စင်တစ်ယောက်ကို
သတ်ခဲ့ဖူးတယ်။ အခု သူက
ကနဦးသိုင်းသူတော်စင် ဖြစ်နေပြီလေ။
ယန်ယဲ့က ငါတို့ရဲ့ဂျူနီယာခန်းမသခင်ကို
အဆင့်ကျော်တိုက်ခိုက်နိုင်မှာတဲ့လား။
မင်းငါ့ကို လာနှောက်နေတာလား၊ ငါတို့ရဲ့
ဂျူနီယာခန်းမသခင်က အခု သူ့ကိုသတ်ဖို့
လှုပ်ရှားမှု ၁၀ ကြိမ်လောက်တောင်
မလိုအပ်တော့ဘူးဆိုတာ ငါသေချာတယ်”

အထက်ကောင်းကင်ယံ၌ မြေခွေးကောရီက
ခေါင်းကို အနည်းငယ်ခါယမ်းကာ
“ရလာဒ်က ဆုံးဖြတ်ပြီးသားပါ”

"သူတို့က ဘာလို့ ခေတ်တစ်ခေတ်တည်းမှာ
ပြိုင်တူမွေးဖွားလာတာလဲ။ ယန်ယဲ့ကလည်း
ထင်းရှူးစီရင်စုက ဖြစ်နေတယ်"
နတ်ဆိုးခြသေ့ဘုရင်က
ခေါင်းယမ်းလိုက်သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၅ - လော့ချန်းရှောင်

ရှုံးနိမ့်သွားပြီ

ကျန့်ဝူချန်းက သူ့နောက်မှ

ရှေးဟောင်းဓားကျောင်းတော်၏

အဆင့်မြင့်အာဏာပိုင်များကို

ပြန်လှည့်ကြည့်ရင်း ရိုတ်ချည်းပင်

လေးနက်စွာပြောလိုက်သည် "ငါတို့ ဘယ်လိုပေးဆပ်ရမှုမျိုးပဲရှိရှိ ယန်ယဲ့ကို ရအောင်ကာကွယ်ပါ"

တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း၏ နောက်တွင်ရပ်နေသော အခြားလူများကလည်း ခေါင်းညိတ်ပြကြသည်။

အောက်မြေပြင်ရှိ တိုက်ပွဲစင်မြင့်အထက်…။

လော့ချန်းရှောင်က
သိုင်းသူတော်စင်တစ်ယောက်
ဖြစ်နေကြောင်း သိလိုက်သောအခါ
ယန်ယဲ့၏ မျက်နှာသည် အနည်းငယ်
လေးနက်သွားခဲ့သည်။ နောက်ဆုံးတွင်
ထိုအခြေအနေကို တစ်ခါမျှ
မမျှော်လင့်ထားပေ။
သိုင်းသူတော်စင်များက
လောက၏အကန့်အသတ်ထက်ကျော်လွန်
ပြီး လောကရှိဝိညာဉ်စွမ်းအင်ကို

ကိုယ်ပိုင်ခွန်အားအဖြစ်
ပြောင်းလဲနိုင်ကြသည်။
တစ်နည်းဆိုရသော် ဓားနယ်မြေ နှင့်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက
လောချန်းရှောင် အပေါ် သက်ရောက်မှု
နည်းပါးတော့မည် ဖြစ်သည်။

ထို့အပြင် သိုင်းသူတော်စင်များက
သိုင်းသူတော်စင်များနှင့်သာသက်ဆိုင်သည့်
နည်းစနစ်များကို အလွယ်တကူ
နားလည်နိုင်သည်။ အတိုချုပ်ဆိုရသော်

လောချမ်းရှောင်၏ လက်ရှိခွန်အားဟာ ယခင်ထက် အနည်းဆုံး ၁၀ ဆ လောက် မြင့်တက်လာနိုင်ပေသည်။

လောချမ်းရှောင်က အသက်ပြင်းပြင်းရှူပြီး သူ့ညာလက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ တိုက်ပွဲစင်မြင့်ပတ်ပတ်လည်ရှိ ရေဝိယာတစ်ခုလုံးဟာ တုန်ခါသွားပါတော့သည်။

လော့ချန်းရှောင်က သူ့ညာဖက်လက်ကို

အားပါးတရ တစ်ချက်ကြည့်လိုက်ပြီး

"ဘယ်လောက်တောင်

အားကောင်းလိုက်တဲ့ခွန်အား"

စကားပြောနေရင်း ယန်ယဲ့ကို

စိုက်ကြည့်ကာ "ယန်ယဲ့၊ အခု မင်းက

ဘယ်လောက်အားနည်းတယ်ဆိုတာ

ပြခွင့်ပြုပါ"

စကားပြောပြီးသည်နှင့်
သူညာလက်ကိုမြှောက်ကာ ယန်ယဲ့ ထံ
ရှုတ်တရက် ဝှေ့ယမ်းလိုက်လေသည်။

အနက်ရောင်လက်ဝါးကြီးတစ်ဖက်က
ချက်ချင်းဆိုသလို ဆင်းသက်လာပြီး
ယန်ယဲ့အား
လျှပ်တစ်ပြက်ရိုက်ချလိုက်သည်။

"မဟာပျက်သုဉ်းခြင်းလက် "

ဤတစ်ကြိမ်တွင် သူ၏နည်းစနစ်က
အစောပိုင်းကထက် အားကောင်းခဲ့ပြီး
အဆမတန် မြန်ဆန်ခဲ့သည်။
ယန်ယဲ့သည်လည်း
ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပေ။

ဘုန်း!

ယန်ယဲ့၏ ခန္ဓာကိုယ်သည်
လွင့်ပျံသွားသော်လည်း
အစိမ်းရောင်ဝတ်ရုံအဘိုးအို

ဖန်တီးထားသော
စွမ်းအင်အတားအဆီးကြောင့်
ရပ်တန့်သွားသည်။

ဘမ်း!

တိုက်မိသည့်နောက်တွင်
စွမ်းအင်အတားအဆီးက ပြင်းထန်စွာ
တုန်ခါသွားသည်။ ယန်ယဲ့၏ ပါးစပ်မှ
သွေးများ ဖျန်းခနဲ ထွက်လာကာ

တိုက်ပွဲစင်မြင့်အစွန်းနားတွင်
ပြုတ်ကျသွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏ဝတ်ရုံရှည်က
ပြာမှုန်များဖြစ်သွားပြီး သူ့ရင်ဘတ်ပေါ်တွင်
အနက်ရောင် လက်ဝါးရာတစ်ခု
ရှိနေသည်။ လက်ဝါးရာက ၁၀
စင်တီမီတာခန့်နက်သည်။ တစ်နည်းအားဖြင့်
သူ့ရင်ဘတ်ကို ထိုးဖောက်သွားခြင်းပင်။
ကံကောင်းထောက်မစွာ သူ၏
မူလခရမ်းရောင်စွမ်းအင်ဖြင့်

ပြန်လည်ကုသမှုကြောင့်ဒဏ်ရာက
သိပ်ပြီးမပြင်းထန်ခဲ့ပေ။

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
အဖွဲ့ဝင်များကတော့ ယန်ယဲ့
ဒဏ်ရာရသွားသည် မြင်သောအခါ
ဝမ်းသာအားရ အော်ဟစ်နေကြသည်။

"အဲဒါကိုတွေ့လား၊ ဒါက တောင်ပိုင်းဒေသရဲ့
နံပါတ်တစ် ပါရမီရှင်
ယန်ယဲ့လား။ အဲဒါကိုတွေ့လား။ ငါတို့ရဲ့

ဂျူနီယာခန်းမသခင် ရှေ့မှာ သူက
ပြန်မတိုက်နိုင်တော့ဘူး။ ဟားဟား"

" ဂျူနီယာခန်းမသခင်က သူ့ကို
အနိုင်ကျင့်နေသလို ခံစားရတယ်။ ဒါပေမဲ့
သူ့ကို အပြစ်တင်လို့
မရဘူး။တောင်ပိုင်းဒေသရဲ့နံပါတ်တစ်
ပါရမီရှင်ကိုက အားနည်းလွန်းတာလေ ”

“ကောင်းပြီ၊ ဒီတိုက်ပွဲကို ဆက်ကြည့်ဖို့
ဘာအကြောင်းမှ မရှိတော့ဘူး”

"တကယ်တော့ မင်းတို့အားလုံး ယန်ယွဲ့က
ရှုံးနိမ့်တာကို ဝန်ခံမယ်လို့
ထင်နေတာလား။ သူဒီလိုလုပ်ဖို့
အလားအလာ ရှိမယ်လို့
ငါထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူက
အရှုံးပေးလိုက်မယ်ဆိုရင်
ဂျူနီယာခန်းမသခင်က သူ့ကို သတ်မှာ
မဟုတ်ဘူး။ နောက်ဆုံးတော့
ဂျူနီယာခန်းမသခင်က
ကြင်နာတတ်တဲ့စိတ်ထားရှိတယ်လေ"

"ဒါပေမဲ့ ယန်ယဲ့က ဓားသမားဆိုတော့ ဘယ်လိုလုပ်ပြီး သူ့ရှုံးတယ်လို့ ဝန်ခံနိုင်မှာလဲ။ အရှုံးပေးရင် အသက်ရှင်နေနိုင်ပေမယ်လို့ သူ့အနာဂတ်က ပြီးသွားပြီ”

တစ်ချိန်တည်းတွင် လော့ချန်းရှောင်က ရှေ့တိုးမလာဘဲ နောက်တစ်ကြိမ်တိုက်ခိုက်ဖို့သာ အသင့်ပြင်ထားသည်။ သူက ယန်ယဲ့ကို

စိုက်ကြည့်ရင်း ပြုံးပြီး "ယန်ယဲ့၊ မင်းက တကယ်ကိုပါရမီရှင်ပါ။ ငါ မင်းကို အရမ်း အထင်ကြီးတယ်။ မင်းငါ့ကို စေတနာပါပါနဲ့ ငါ့အနားမှာနေချင်တယ်ဆိုရင်တော့ မင်းကိုငါလွှတ်ပေးနိုင်တယ်။ ယန်ယဲ့၊ ငါလော့ချန်းရှောင်က မင်းအတွက် အရှက်ရစရာမဟုတ်ဘူးဆိုတာ မင်းသဘောပေါက်သင့်တယ် ”

ယန်ယဲ့သည် မူလခရမ်းရောင်စွမ်းအင်ဖြင့် ကုသပြီး ပြန်ကောင်းလာသော

သူ့ရင်ဘတ်က ဒဏ်ရာကို
စိုက်ကြည့်ပြီးနောက် ခေါင်းမော့ကာ
လော့ချန်းရှောင်ကို ကြည့်လိုက်ပြီး "မင်းက
အရမ်းသန်မာတယ်လို့ ထင်သလား"

လော့ချန်းရှောင်၏ နှုတ်ခမ်းထောင့်တွင်
အပြုံးအနည်းငယ် ပေါ်လာကာ
"ထင်းရှူးစီရင်စုတစ်ခုလုံးရဲ့
ကျင့်ကြံသူတွေနဲ့ ဒီနေရာက
သိုင်းသူတော်စင်တွေကြားမှာ
ငါ့ကိုအနိုင်ယူနိုင်တဲ့သူက ၃ ယောက်ထက်

မပိုဘူး။ ယန်ယဲ့၊ မင်း ဝန်ခံတာဖြစ်ဖြစ်
ဝန်ခံချင်တာပဲဖြစ်ဖြစ် ငါတို့ဟာ
အဆင့်တူတွေမဟုတ်တော့ဘူး"

ယန်ယဲ့သည် အနည်းငယ် ရယ်မောလိုက်ပြီး
"မင်းပြောတာ မှန်ပါတယ်၊ ငါတို့က
တစ်ပြေးတည်းမှမဟုတ်တာ" စကားပြော
ပြီးသည်နှင့် ယန်ယဲ့၏မျက်နှာပေါ် ရှိ
အပြုံးသည်
ရုတ်ချည်းပင်ပျောက်ကွယ်သွားခဲ့သည်။
ထို့နောက် သူက "လော့ချန်းရှောင်၊ ငါ

မင်းကို ငါ့ပြိုင်ဖက်လို တစ်ခါမှ
မတွေးဖူးဘူး။ ဒီတော့ အပိုစကားတွေရပ်ပြီး
တိုက်ခိုက်ရအောင်။ ငါတို့က
တစ်ချက်တည်းနဲ့ ရလာဒ်ကို ဆုံးဖြတ်မယ်”

ယန်ယဲ့သည် ချက်ချင်းပင်
ပျောက်ကွယ်သွားပြီး သူ့ပုံရိပ်က
လော့ချန်းရှောင်၏ အထက်တွင်
ပြန်ပေါ်လာခဲ့သည်။ ထို့နောက်တွင်
သူ၏လက်သီးက အောက်သို့

ကျဆင်းလာပြီး လော့ချန်းရှောင်အား
ထိုးချလိုက်လေသည်။

“မင်းရဲ့ခွန်အားက မဆိုးပါဘူး၊ ဒါပေမဲ့
မင်းရဲ့ရုပ်ခန္ဓာက အခု ငါ့အတွက်
အရမ်းရယ်စရာကောင်းတယ်။ကောင်းပြီ၊...
မင်းကသေဖို့စိတ်အားထက်သန်နေလို့
မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးမယ်"

လော့ချန်းရှောင်က လျှောင်ပြောင်ပြီး
တိုက်ခိုက်ဖို့ပြင်လိုက်သည်။ ဤအချိန်တွင်

ကောင်းကင်ဘုံနတ်ဘုရားခန်းမအတွင်းက
နေ စိုးရိမ်တကြီးသတိပေးသံ ရုတ်တရက်
ထွက်ပေါ်လာခဲ့သည် “မြန်မြန်ပြန်ဆုတ်..”

ဤအသံကို ကြားသောအခါ
လောချန်းရှောင်က  အနည်းငယ်
ထိတ်လန့်သွားသည်။ အလောတကြီး
သတိပေးလာသူက
သူ၏အဖေဖြစ်နေသောကြောင့်ပါ။

"သူ့တိုက်ခိုက်မှုမှာ ငါသတိမထားမိတဲ့ အရာတစ်ခု ရှိနေတာလား"

သို့သော်လည်း ယန်ယွဲ့၏ လက်သီးချက်က သူ့ခေါင်းအထက် ရောက်လာသောကြောင့် စဉ်းစားနေချိန်မရတော့ပေ။
လော့ချန်းရှောင်က သူ့အဖေဖြစ်သူ၏ သတိပေးမှုကြောင့် ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ မဟာညပျက်သုဉ်းခြင်းလက်ကို အပြည့်အဝထုတ်ဖော်ခဲ့သည်။

ယန်ယဲ့၏ လက်သီးချက်က
အနက်ရောင်လက်ဝါးကြီးကို တိုက်ရိုက်
ထိမှန်သွားသည်။ သို့သော်လည်း
ဆက်ဖြစ်လာသည့် မြင်ကွင်းဟာ
တိုက်ပွဲအား စောင့်ကြည့်နေသော
လူတိုင်းကို အံ့သြတုန်လှုပ်သွားစေခဲ့သည်။

အနက်ရောင်လက်ဝါးကြီးဟာ သံရေပူထဲ
ထည့်လိုက်သကဲ့သို့ အရည်ပျော်သွားပြီး
သဲလွန်စမရှိဘဲ

ချက်ချင်းပျောက်ကွယ်သွားသောကြောင့်ပင်။

လော့ချန်းရှောင်ဟာ အကြီးအကျယ်ထိတ်လန့်သွားပါတော့သည်။ သူ၏စိတ်ဝိညာဉ်ဥပဒေသက သူ့အားအန္တရာယ်ရောက်လာကြောင်းပြောပြခဲ့သည်။ သို့သော် သူ့အတွက်ဖြစ်နိုင်ချေ ရွေးချယ်မှုမျိုး မပြုလုပ်နိုင်ခဲ့ပေ။ ဤအခိုက်အတန့်တွင် သူက

မျှော်လင့်ချက်မဲ့နေပြီဟုသာ
ဆိုနိုင်တော့သည်။

"ငါက မျှော်လင့်ချက်မဲ့တဲ့ အခြေအနေ.."

လောချန်းရှောင်ဟာ စိတ်ထဲ၌
အလွန်တုန်လှုပ်သွားမိသည်။ သို့သော်လည်း
သူသည် စိတ်ဝိညာဉ်ဥပဒေသကို
အသုံးမပြုတော့ပေ။ သူ့ခန္ဓာကိုယ်ကနေ
သိုင်းသူတော်စင်အရှိန်အဝါများ
ရုတ်ချည်းပင် ပေါက်ကွဲထွက်လာပြီး

သူ့လက်များကိုဖုံးအုပ်ကာ
ယန်ယဲ့၏လက်သီးကို ဖိချလိုက်သည် ။

ဂျုန်း!

လက်ဝါးနှင့်လက်သီးတို့
တိုက်မိသွားချိန်တွင် ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး
အာကာသဟင်းလင်းပြင်က
တစ်လက်မချင်းစီပြိုကျလာပါတော့သည်။
သိပ်မကြာခင်မှာပဲ ၃ ကီလိုမီတာကျော်

ရေယာက ချက်ချင်း ပြိုကျသွားခဲ့လေသည်။
သို့သော်လည်း ပျက်စီးမှုဟာ မရပ်တန့်ပေ၊
ဆက်ပြီး ပြိုကျလာနေဆဲပင်။

ဤမြင်ကွင်းကြောင့် မြို့သူမြို့သားအားလုံး
ထိတ်လန့်သွားကြသည်။ အစိမ်းရောင်ဝတ်ရုံ
အဘိုးအို၏ မျက်လုံးများသည်လည်း
ထိတ်လန့်မှု
အပြည့်နှင့်ပါ။ရှင်းရှင်းပြောရလျှင် ယန်ယဲ့၏
လက်သီးတစ်ချက်က ဤအဆင့်ထိ
ရောက်ရှိနေလိမ့်မည်ဟု သူ့စိတ်ထဲ

မမျှော်လင့်ထားပေ။ ထို့အပြင် ယန်ယဲ့၏
လက်သီးချက်ကို သူကိုယ်တိုင်ပင်
ခုခံနိုင်စွမ်းအပေါ် ယုံကြည်မှုမရှိပေ။

ဤအခိုက်တွင်
ဆံပင်ဖြူအဘိုးအိုတစ်ယောက်က
ရုတ်တရက် ပေါ်လာပြီး ညာဖက်လက်ကို
ပေါ့ပေါ့ပါးပါး
ဝှေ့ယမ်းလိုက်သည်။ ခဏအကြာတွင်
ပတ်ဝန်းကျင်ရှိ အရာအားလုံးသည်
ပုံမှန်ပြန်ဖြစ်သွားခဲ့၏။

တစ်ချိန်တည်းမှာပင် အားလုံးသည်
ပြိုကျနေသော တိုက်ပွဲစင်မြင့်
အပျက်အစီးများပေါ်မှ ယန်ယွဲ့ နှင့်
လော့ချန်းရှောင် တို့၏ပုံရိပ်များကို
နောက်ဆုံးတွင် တွေ့လိုက်ရသည်။

ဤအချိန်တွင်
လော့ချန်းရှောင်၏လက်နှစ်ဖက်လုံးပျောက်
ကွယ်သွားကာ မြေပြင်ပေါ်တွင်
အားနည်းစွာထိုင်နေခဲ့သည်။ ထို့အပြင်

ယန်ယဲ့၏လက်ထဲမှဓားက သူ့လည်ပင်းကို ဖိကပ်ထားသည်။

"လော့ချန်းရှောင် ရှုံးသွားပြီ"

ဤနေရာရှိလူတိုင်း အံ့အားသင့်သွားခဲ့ကြပါပြီ။

အထူးသဖြင့် ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏ အဖွဲ့ဝင်များအတွက် အတော်လေးကို ဆိုးရွားလှသည်။

လော့ချန်းရှောင်၏ မျက်နှာက
ဖြူဖျော့နေပြီး သူ့မျက်လုံးများတွင်
မယုံနိုင်စရာများဖြင့် ပြည့်နေသည်။

ဤအချိန်တွင် မြေခွေးကေရီ နှင့်
နတ်ဆိုးခြသေ့ဘုရင် တို့လည်း
အလားတူအခြေအနေတွင်ရှိနေသည်။ သူတို့
၏ မျက်လုံးများသည်လည်း
မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့သည်။

“အဲဒီအချိန်မှာ သူ့ရဲ့ခွန်အားက အနည်းဆုံး အဆ ၃၀ လောက် တိုးလာတယ်။ ဒါ့အပြင် သူက ဒီလောက်ကြောက်စရာကောင်းတဲ့ ခွန်အားကို တကယ်ပဲထိန်းချုပ်နိုင်ခဲ့တယ်။ သူက... ဒီယန်ယဲ့က တကယ်ကြောက်စရာကောင်းလွန်းတယ်...”

မြေခွေးဧကရီက သဘောတူဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ကျန့်ဂူချန်း နှင့်
ရှေးဟောင်းစားကျောင်းတော်၏
အဆင့်မြင့်အာဏာပိုင်များလည်း
နောက်ဆုံးတွင် သက်ပြင်းကိုယ်စီ
ချလိုက်နိုင်ကြသည်။ သို့သော်လည်း
သိပ်မကြာပါပေ၊ သူတို့၏မျက်နှာက
လေးနက်သောအမူအရာများ
ပေါ်လာခဲ့သည်။ အကြောင်းမှာ ယန်ယွဲ့သည်
လော့ချန်းရှောင်ကို သတ်လိုက်ပါက
အခြေအနေဟာ

ကိုင်တွယ်ရခက်ခဲသွားမည်ကို
သိနေသောကြောင့်ပင်။

၁၃၂၆

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၃၂၆ - ငါ့ကိုယ်ငါ
ပြောင်းလဲသင့်တယ်လို့ထင်လား

ယန်ယဲ့သည် ဆံပင်ဖြူအဘိုးအိုကို ကြည့်လိုက်ပြီး "အန်နန်ကျင်းကို တွေ့ချင်တယ်"

ဆံပင်ဖြူအဘိုးအိုက “ငါငြင်းရင် ဘယ်လိုလုပ်မလဲ” ဟု ပြန်ဖြေသည်။

ဆူး!

လှော့ချန်းရှောင်၏
ညာဘက်ခြေထောက်သည် ချက်ချင်းပြင်
လှီးဖြတ်ခံလိုက်ရသည်။ လှော့ချန်းရှောင်က
နာကျင်မှုကြောင့်
အော်ဟစ်လုနီးပါးဖြစ်သော်လည်း
သူ့ကိုယ်သူ
အတင်းထိန်းချုပ်ထားလိုက်သည်။

ဆံပင်ဖြူအဘိုးအို၏ မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားကာ
လူသတ်လိုစိတ်များ ပေါ်လာသည်။

ယန်ယဲ့သည် ဂရုမစိုက်ဘဲ
ဆံပင်ဖြူအဘိုးအိုကို
မျက်လုံးချင်းတည့်တည့်ကြည့်ကာ
"ငါထပ်ပြောရမှာလား"

ဆံပင်ဖြူအဘိုးအိုက ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
“အန်နန်ကျင်းကို ဒီကိုခေါ်လာခဲ့"ဟု
ပြောလိုက်လေသည်။

သိပ်မကြာလိုက်ပေ၊ အနံ့နံ့ကျင်းက ရောက်လာခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် သူမက ကိုယ်တိုင်ထွက်မလာနိုင်ခဲ့ပေ။ သူမကို ဘီးတပ်ကုလားထိုင်ဖြင့် တွန်းထုတ်လာခဲ့သည်။ အဆိုးဆုံးက သူမ၏ လက်နှစ်ဖက်လုံး ပြတ်တောက်သွားခြင်းပင်။

ယန်ယဲ့သည် သူမြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့သြတကြီးတုန်လှုပ်သွားသည်။ ခဏအကြာတွင် သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ အနက်ရောင်အရိပ်တစ်ခု ပေါ်လာပြီး လော့ချန်းရှောင်အား ထိန်းချုပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် အန်နန်ကျင်း၏ ရှေ့သို့ ရောက်သွားသည်။

ဤအချိန်တွင် အန်နန်ကျင်းက ယန်ယဲ့ သူမထံသို့ လျှောက်လာနေသည်ကို

တိတ်ဆိတ်စွာကြည့်နေခဲ့သည်။ သူမက "နင် ဒီကိုရောက်လာခဲ့ပြီ"

ယန်ယွဲ့သည် ဘာမှပြန်မပြောသေးပေ။ သူမရှေ့တွင် ငုတ်တုတ်ထိုင်ချကာ သူ့လက်ကိုဆန့်ပြီး အန်နန်ကျင်း၏ ခြေထောက်ပေါ် တင်လိုက်သည်။ သူ့မျက်လုံးများကို မှိတ်ထားလိုက်ပြီး အချိန်အတော်ကြာမှ အေးခံနေသောအသံဖြင့် “သူမရဲ့လက်တွေ ပြတ်သွားသလို၊ သွေးကြောတွေလည်း

ပျက်စီးနေပြီ။ သူမရဲ့မူလဒန်တျန်ပါ ကွဲကြေသွားတယ်…”  ထို့နောက် မုဟန်ရှန်း ဖက်ကို လှည့်ကာ စူးစူးရဲရဲစိုက်ကြည့်ရင်း “မုဟန်ရှန်း၊ မင်းပြောတော့ သူမ အဆင်ပြေနေတယ်ဆို"

မုဟန်ရှန်းက ခေါင်းကို အနည်းငယ်ငုံ့ကာ စကားမစမီ တစ်ခဏတာ နှုတ်ဆိတ်နေခဲ့ပြီး "သူမရဲ့ခန္ဓာကိုယ်က ထူးခြားတော့ လော့ချန်းရှောင် လိုအပ်တဲ့ ယင်ချီစွမ်းအင်ကို

ကျင့်ကြံဖို့သင့်တော်တယ်။ ဒါပေမဲ့ သူမက
ငြင်းဆန်တော့ အသတ်ခံရလုနီးပါးပဲ။
ဒါကြောင့် လော့ချန်းရှောင်ရဲ့အဖေ
လော့ချန်းယွန်က သူမရဲ့ခန္ဓာ
ကိုယ်သွေးကြောတွေကို ဖျက်ဆီးပြီး
ယင်ချီစွမ်းအင်ထုတ်ပေးနိုင်တဲ့ နည်းစနစ်ကို
အတင်းအကျပ်ထည့်သွင်းခဲ့တယ်။ ဒီနေ့
ငါတို့နှစ်ယောက်လုံးရဲ့
ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ ယင်ချီစွမ်းအင်တွေ
ပြီးပြည့်စုံတဲ့နေ့ပဲ။ တကယ်လို့နင်သာ
ရောက်မလာဘူးဆိုရင်

ငါတို့နှစ်ယောက်လုံးကို လော့ချန်းရှောင်က ကျင့်ကြံခြင်းမီးဖိုအဖြစ်သုံးလိမ့်မယ်"

မုဟာန်ရှန်းက ဤအချက်အထိ ပြောပြီးနောက် စကားကို ခဏရပ်ကာ ပြီးမှ ဆက်ပြောလိုက်သည် "ယင်ချီစွမ်းအင်က ဆိုးယုတ်တဲ့(သေခြင်း/မရဏ) စွမ်းအားပဲ။ သူမရဲ့အသက်စွမ်းအားက ပျက်ဆီးသွားပြီဆိုတော့ ဒီနေ့ကျော်တာနဲ့…”

အန်နန်ကျင်းက ယန်ယွဲ့ကို စိုက်ကြည့်ရင်း “နင့်ကို မြင်ချင်သေးလို့ပါ" ဟု တိုးတိုးလေး ပြောလိုက်သည်။

ယန်ယွဲ့သည် သူ့မျက်လုံးများကို တင်းတင်းမှိတ်လိုက်သည်။ အချိန်တော်တော်ကြာမှ ပြန်ဖွင့်ကာ သူ့ကိုဆန့်ပြီး အန်နန်ကျင်း၏ပါးပြင်ကို ပွတ်သပ်ကာ ပြုံးရင်း "ကောင်းပြီ....၊ အခု အိမ်ပြန်ရအောင်”

ဤအချိန်တွင် အလင်းတန်း ၇ ခု
လင်းလက်လာပြီးကျန့်ဝူချန်း နှင့်
ရှေးဟောင်းစားကျောင်းတော်၏
အဆင့်မြင့်အာဏာပိုင်များအားလုံး ယန်ယွဲ့
ရှေ့တွင် ပေါ်လာကြသည်။

တာအိုသခင်ဂူ နှင့်
အဆင့်မြင့်အာဏာပိုင်များအားလုံးဟာ
ဆန်းကြယ်ချီစွမ်းအင်ကို
အသီးသီးထုတ်ဖော်ထားရင်း မျက်နှာထက်
သတိအပြည့်ထားနေသော အမူအရာများ

ရှိနေသည်။ ဤအခိုက်တွင် သူတို့က ချက်ချင်း တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေကြသည်။ အကြောင်းမှာ ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏ သိုင်းသူတော်စင် ၁၇ ယောက်စလုံးက သူတို့ပတ်လည်တွင် ရပ်နေသောကြောင့်ပါ။

ကျန့်ဝူချန်းက ယန်ယဲ့ကို ကြည့်ကာ "သွားကြစို့"

ယန်ယဲ့သည် မတ်တပ်ထရပ်ပြီး
အန်နန်ကျင်း၏နဖူးလေးကို ညင်သာစွာ
နမ်းလိုက်ပြီး လော့ချန်းရှောင် ဆီသို့
လျှောက်သွားလိုက်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရာ ကျန့်ဝူချန်း
တို့တစ်သိုက်လည်း မျက်ခွံများ
လှုပ်ယမ်းသွားတော့သည်။

အကယ်၍ ယန်ယဲ့သာ လော့ချန်းရှောင်ကို
သတ်လိုက်ပါက သူတို့အားလုံး
ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ

အသက်ရှင်လျက်လွတ်မြောက်နိုင်တော့မည်မဟုတ်ပေ။

ယန်ယဲ့သည် လော့ချန်းရှောင်၏ လည်ပင်းကို ဓားဖြင့်ထောက်ကာ ကောင်းကင်ယံအထက်မှ ဆံပင်ဖြူအဘိုးအိုကို စိုက်ကြည့်ပြီး "ငါ့ရဲ့ ရှေးဟောင်းဓားကျောင်းတော်က အဖွဲ့ဝင်တွေကို ထွက်သွားခွင့်ပြုလိုက်။ မင်းငြင်းလို့ရတယ်၊ ဒါပေမယ်လို့

မင်းရဲ့သားကို ဒီနေရာမှာပဲ
ငါသင်္ဂြိုဟ်ပေးလိုက်မယ်"

ဆံပင်ဖြူအဘိုးအိုက ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
"မင်းဟာ လွန်ခဲ့တဲ့ အနှစ် ၁၀၀၀ အတွင်းမှာ
ငါ့ကို ခြိမ်းခြောက်နိုင်တဲ့
ဒုတိယမြောက်လူပဲ" ဟု ပြောခဲ့သည် ။

အဘိုးအို၏ စကားဆုံးသည်နှင့်
အလင်းတန်းတစ်ခု လင်းလက်လာသည်။

ဆူး!

လော့ချန်းရှောင်၏

ကျန်ခြေထောက်တစ်ဖက်က

ထပ်ပြီးပြုတ်တောက်သွားပြန်သည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

"အဲဒီလူက တကယ်ကို အရူးပဲ..."

ယန်ယဲ့သည် ဆံပင်ဖြူအဘိုးအိုကို
စိုက်ကြည့်ကာ “သူတို့ကို
ထွက်သွားခွင့်ပေးဖို့
ငါပြောထားတယ်။ မင်းငါ့ကိုနားမလည်ဘူး
လား၊ ငါ့စကားကို ထပ်ခါတလဲလဲ
ပြောစေချင်သလား"

ဆံပင်ဖြူအဘိုးအိုက ယန်ယဲ့ကို ခဏတာ
စိုက်ကြည့်ပြီးနောက် လက်ကို ပေါ့ပေါ့ပါးပါး
ကိုင်လိုက်သည်။ ထိုခဏလေးမှာပဲ
ယန်ယဲ့၏ အနီးတစ်ဝိုက် ပိတ်ဆို့ထားသည့်

သိုင်းသူတော်စင်များအားလုံး ဘေးဖယ်သွားကြသည်။

ဆံပင်ဖြူ အဘိုးအိုက “သူတို့ အခုထွက်သွားလို့ရပြီ”

ယန်ယဲ့သည် ကျန့်ဝူချန်းကို စိုက်ကြည့်ကာ "အကြီးအကဲ၊ သူမကို ရှေးဟောင်းဓားကျောင်းတော်ဆီ ပြန်ခေါ်သွားလို့ စိတ်ရှုပ်စေတဲ့အတွက် တောင်းပန်ပါတယ်"

ကျန့်ဝူချန်းက "အခုငါတို့နဲ့လိုက်ခဲ့"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဒီလိုလုပ်ရင် ငါတို့ထဲက တစ်ယောက်မှ ထွက်သွားနိုင်မှာမဟုတ်ဘူး"

နောက်ဆုံးတွင် ကောင်းကင်ဘုံနတ်ဘုရားခန်းမဟာ လော့ချန်းရှောင်ကို သူနှင့်အတူ ခေါ်ဆောင်သွားဖို့

လုံးဝခွင့်ပြုမည်မဟုတ်ပေ။
သူကိုယ်တိုင်လည်း
ထိုသို့လုပ်ဆောင်သည်အထိ
လူမိုက်မဟုတ်ပါ။

တာအိုသခင်ဂူ က
"ငါနောက်မှာကျန်နေခဲ့မယ်"

ယန်ယွဲ့က ခေါင်းခါပြီး
“သူတော်စင်တွေတောင် ငါ့ရဲ့အရှိန်ကို
ဖမ်းလို့မရဘူး။ စီနီယာကျန့်ဝူချန်း၊ ဆရာ...

ဒီမှာ

အချိန်မဖြုန်းတော့ဘူး။ အရင်ထွက်သွားလို

က်ပါ။ ငါယန်ယဲ့က

အမြဲတမ်းကံကောင်းသူတစ်ယောက်ပါ။ အ

ချိန်မတန်ခင် စောစောစီးစီးသေမှာ

မဟုတ်ဘူး”

ကျန့်ဝူချန်းက ယန်ယဲ့ကို

လေးလေးနက်နက်ဖြင့် အကြာကြီး

တစ်ချက်ကြည့်လိုက်ပြီးနောက် အဆုံးတွင်

ခေါင်းညိတ်လိုက်သည်။ သူက

“အသက်ရှင်လျက်ပြန်လာခဲ့ပါ။ မင်း ရှေးဟောင်းဓားကျောင်းတော်ကို ပြန်လာနိုင်သရွေ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက မင်းကို သတ်နိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါတို့က တည်ထောင်သူဘိုးဘေးကို ဆက်သွယ်ပြီး ဒီလောကကို ဆင်းလာဖို့ တောင်းဆိုနိုင်လို့ပဲ။ ဒါဆို မင်းပြန်လာရမယ်။ နားလည်လား"

ယန်ယဲ့သည် ခေါင်းညိတ်လိုက်ပြီး
အန်နန်ကျင်းဖက်လှည့်၍
ဖန်ဆင်းခြင်းသစ်သီးတစ်လုံး ပေးဖို့
ပြင်လိုက်သည်။

သို့သော်လည်း အန်နန်ကျင်းက ခေါင်းခါကာ
"နင်ပြန်လာရင် ငါ့ကို ကိုယ်တိုင်လာပေးပါ"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူကာ
ပြုံးပြလိုက်ပြီး "ကတိပေးတယ်"

"ငါတို့သွားရအောင်" ကျန့်ဝူချန်းက သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ အလင်းတန်းတစ်ခုက သူတို့ကို ဖုံးအုပ်လိုက်သည်။ ခဏအကြာတွင် သူတို့အားလုံး နေရာတွင်ပင် ပျောက်ကွယ်သွားကြတော့သည်။

ဆံပင်ဖြူအဘိုးအိုက "သူတို့ထွက်သွားပြီ"

“ငါယန်ယဲ့က သည်းခံတတ်တဲ့သူမဟုတ်ဘဲ အရူးတစ်ယောက်လို့ တစ်ခါက

ပြောခဲ့ဖူးတယ်။  အဲဒီလို ငါကဘယ်လို
အလျှော့အတင်းလုပ်ပြီး ဒုက္ခကို
ရှောင်ရမလဲ မသိသလို အခြေအနေ
တစ်ခုလုံးကို ဘယ်လို သုံးသပ်ရမှန်းလည်း
မသိဘူး။ နည်းနည်း တုံးတိတိပြောရရင်
ငါယန်ယဲ့က အခု
အတော်လေးလူသတ်ချင်နေတယ်။ငါ့စိတ်
ကိုကျေနပ်နေသရွေ့ အကျိုးဆက်တွေကို
လျစ်လျူရှုမဲ့ အရူးတစ်ယောက်ပေါ့။
လူတော်တော်များများကတော့ ဒါကို
အားနည်းချက်လို့ ပြောကြတယ်။ ပြီးတော့

အားလုံးက ငါပြောင်းလဲသင့်တဲ့အရာတွေ
အများကြီးရှိတယ်လို့
ယူဆကြတယ်” ယန်ယဲ့သည် လော့ချန်း
ရှောင် ဆီသို့ လျှောက်သွားပြီးနောက်
ဆံပင်ဖြူအဘိုးအိုကို လှမ်းကြည့်ကာ "ငါ
ပြောင်းလဲသင့်တယ်လို့ မင်းထင်လား"

"သူ့ကိုသတ်လိုက်ပါ၊
မင်းသေချာပေါက်သေလိမ့်မယ်" အဘိုးအို
က ယန်ယဲ့ ကိုကြည့်ကာ "ဒါဆို
မင်းပြောင်းလဲသင့်တယ်လို့ ထင်သေးလား"

"ယန်ယဲ့" ဤအချိန်တွင်
အစိမ်းရောင်ဝတ်ရုံအဘိုးအိုက ရုတ်တရက်
ဒေါသတကြီးအော်လိုက်လေသည်
"လော့ချန်းရှောင်က ငါ့ရဲ့
ရှင်ပျော်ပျော်ဂိုဏ်းက
တပည့်တစ်ယောက်ပဲ။ မင်း သူ့ကို
သတ်ဝံ့ရင် ငါ မင်းကို သေချာပေါက်
သတ်ပစ်မယ်"

"ရှင်ပျော်ပျော်ဂိုဏ်း " ယန်ယဲ့သည်
တဟားဟားရယ်လိုက်ပြီး သူ့မျက်နှာတွင်
ကြီးကျယ်သောအမူအရာပေါ်လာပြီး
“ဘာလို့
ပြောင်းလဲရမှာလဲ၊ ယောက်ျားတစ်ယောက်
အနေနဲ့ ရန်ငြိုးထားသမျှကို
ဆယ်ဆပြန်ဆပ်သင့်တယ်။ မဟုတ်ဘူး! အ
ဆတစ်ရာ။ ယောက်ျားတစ်ယောက်အနေနဲ့
အဆင်မပြေတဲ့အခါ သွေးချောင်းစီးစေဖို့
အဆင်သင့်ဖြစ်နေသင့်တယ်။ ယောက်ျားတ
စ်ယောက်အနေနဲ့

ငါယန်ယဲ့ကလုပ်သင့်တာကို လုပ်သင့်တယ်၊
သတ်သင့်ရင် သတ်သင့်တယ်”

ထိုစကားပြောပြီးသည်နှင့်
အလင်းတန်းတစ်ခု လင်းလက်သွားခဲ့သည်။

ဆူး!

လောချန်းရှောင်၏ ခေါင်းက လေထဲသို့
လွင့်ပျံတက်လာကာ သွေးစီးကြောင်းများ
ကောင်းကင်ယံအထက်

ပန်းထွက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်
အလင်းတန်းတစ်ခုက လေထဲသို့
ပျံတက်လာပြီး လော့ချန်းရှောင်၏
ခေါင်းအား ချက်ချင်းဆိုသလို
အပိုင်းပိုင်းခွဲသွားသည်။

"ကောင်းကင်အုတ်ဂူ၊
ထွက်လာဖို့အချိန်ကျပြီ" ထို့နောက်တွင်
ယန်ယဲ့သည် ဒေါသတကြီး
အော်ဟစ်လိုက်လေသည်။

ဂျိန်!

သွေးတိုင်လုံးကြီးတစ်ခုဟာ
ကောင်းကင်အထက်သို့ ထိုးတက်လာခဲ့၏။
ထိုခဏလေးအတွင်းမှာပင်
ကောင်းကင်ကြီးဟာ သွေးရောင်များ
လွှမ်းခြုံလာပြီး လောက၏ အဆုံးသတ်နေ့
ရောက်လာသကဲ့သို့ပင်။

"ခုတ်ပိုင်းစမ်း" ယန်ယွဲ့၏ အသံက
နောက်တစ်ကြိမ် ထပ်ပြီး

ထွက်ပေါ်လာခဲ့သည်။ သူ့လက်ကနေ
သွေးချီလှိုင်းကြီးတစ်ခု
ထွက်ပေါ်လာပြီးနောက်
အကူအညီမဲ့သောသံပါ ထွက်ပေါ်လာသည်။

လူတိုင်း အော်ဟစ်သံထွက်လာသည့်ဖက်သို့
လှမ်းကြည့်လိုက်ရာ
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
သိုင်းသူတော်စင်တစ်ယောက်က
အပိုင်းပိုင်းကွဲထွက်သွားသည်ကို
တွေ့လိုက်ရသည်။ ထို့အပြင်

မရေမတွက်နိုင်သော
သွေးအဆီအနှစ်များက ယန်ယဲ့၏
လက်ထဲမှ သွေးဓား ဆီသို့ ချက်ချင်း
စီးဆင်းသွားသည်။

"သူက သိုင်းသူတော်စင်တစ်ယောက်ကို
ဓားတစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တယ်"
အားလုံး
 နေရာတွင်ပင် ထိတ်လန့်သွားကြသည်။

၁၃၂၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၇ - အင်ပါယာအဆင့်ကျင့်ကြံသူ

လော့ချန်းယွန်

"မင်းက သေလမ်းရှာလိုက်တာပဲ"

အစိမ်းရောင်ဝတ်ရုံအဘိုးအို

လော့ချန်းရှောင် အသတ်ခံလိုက်ရသဖြင့်

မျက်နှာတွင် ပြင်းထန်သော အမျက်ဒေါသများလွှမ်းသွားသည်။ ထို့နောက်တွင် ယန်ယဲ့ ဆီသို့ တရကြမ်းခုန်ဝင်လာပါတော့သည်။

ဤအခိုက်တွင် ယန်ယဲ့ဟာ သွေးလှိုင်းများလွှမ်းခြုံထားသည်။ ယခင်ကကဲ့သို့ပင် သူ၏ ဘယ်ဖက်မျက်လုံးက နီရဲနေပြီး ညာဘက်မျက်လုံးကတော့ ကြည်လင်နေသည်။ တစ်ချိန်တည်းမှာပင်

သူ၏စိတ်အာရုံအသိက နိုးတစ်ဝက်
အရှူးတစ်ဝက် ဖြစ်နေလေသည်။

အဘိုးအိုက သူ့ထံ ခုန်ဝင်လာသည်ကို
သတိပြုမိသောအခါ ယန်ယဲ့၏
မျက်နှာသည် ချက်ချင်းပင် ပြင်းထန်လာပြီး
သွေးခေါ်သွားကို အမြန်ပိုင်းချလိုက်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၁၀၀
ထပ် တိုက်ခိုက်မှုပင်တည်း.... ။

ဟင်းလင်းပြင်အဆင့် စားစိတ်ဆန္ဒနှင့်
ဟင်းလင်းပြင်အဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒတို့
ပေါင်းစပ်ထားသော
ကောင်းကင်ဘုံဖျက်ဆီးခြင်းစားကြိုး ၁၀၀
ထပ် ပါ။

အောင်း!

သွေးရောင်
တလက်လက်တောက်ပနေသော

ခါးစွမ်းအင် အလင်းတန်းတစ်ခုက ရှေ့သို့
တောက်လျှောက်ပြေးထွက်လာသည်။
အစိမ်းရောင်ဝတ်ရုံအဘိုးအိုသည်
အံ့အားသင့်သွားပြီး သူ့ခန္ဓာကိုယ်ထဲကနေ
မရေမတွက်နိုင်သော
ပန်းနုရောင်ရောင်စွမ်းအင်လှိုင်းများ
အဆက်မပြတ် ဖြာထွက်လာကာ
ယန်ယဲ့၏ခါးစွမ်းအင်ကို
တားဆီးလိုက်လေသည်။

ခွမ်း!

သို့သော်လည်း ပေါက်ကွဲသံ

အကျယ်ကြီးတစ်ချက်ထွက်ပေါ်လာပြီးနော

က် အဘိုးအို၏

ပန်းနုရောင်စွမ်းအင်အတားအဆီးက

ချက်ချင်းပင် ကွဲထွက်သွားပါတော့သည်။

ကျယ်လောင်သော အော်ဟစ်သံပါ

ထွက်ပေါ်လာခဲ့ပြီး

အစိမ်းရောင်ဝတ်ရုံအဘိုးအို၏

ခန္ဓာကိုယ်ဟာ အောက်မြေပြင်သို့

ပြုတ်ကျသွားလေတော့သည်။

အစိမ်းရောင်ဝတ်ရုံအဘိုးအိုကို
ဖယ်ထုတ်ပြီးနောက် ယန်ယဲ့သည်
သူ၏ညာလက်ကို ဝှေ့ယမ်းကာ
အနက်ရောင်အရိပ်များကို
ဆင့်ခေါ်လိုက်သည်။ အနက်ရောင်အရိပ်များ
ပေါ်လာသည်နှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
သိုင်းသူတော်စင်များနှင့်
ရင်ဆိုင်လိုက်ကြသည်။ ထို့နောက်တွင်
အားလုံး ကောင်းကင်ယံအထက်ရှိ

အာကာသဟင်းလင်းပြင်ထဲသို့
ဝင်ရောက်သွားကြတော့သည်။

“သတ်” ဤအချိန်တွင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
မရေမတွက်နိုင်သော ကျင့်ကြံသူများက
ယန်ယဲ့အား တိုက်ခိုက်လာကြသည်။
သို့သော် ကံမကောင်းစွာပဲ မည်သူမျှ
ယန်ယဲ့၏ ဓားတစ်ချက်ကိုပင် မခုခံနိုင်ခဲ့ပေ။

ဤသို့ဖြင့် အခြေအနေဟာ အတော်လေး ပရမ်းပတာ ဖြစ်လာခဲ့သည်။

ယန်ယွဲ့သည် သူ့ကိုယ်သူထိန်းချုပ်လိုက်ပြီး ခေါင်းမော့ကာ ဆံပင်ဖြူအဘိုးအိုကို စူးစူးရဲရဲစိုက်ကြည့်လိုက်၏ "ခွေးအိုကြီး! မင်းက နန်ကျင်းရဲ့လက်တွေနဲ့ သွေးကြောတွေကို ဖျက်ဆီးခဲ့တာမဟုတ်လား"

စကားပြောနေစဉ်မှာပင် သူ့လက်ထဲက
သွေးဓားကိုမြှောက်ကာ ဆံပင်ဖြူအဘိုးအို
ဆီသို့ ခုတ်ပိုင်းချလိုက်သည်။
သွေးရောင်ကိုဓားစွမ်းအင်အလင်းတန်းတစ်
ခုက ကောင်းကင်ကို ဖြတ်ပိုင်းကာ
ဆံပင်ဖြူအဘိုးအို ထံတိုးဝင်သွားသည်။
သို့သော် ထိုကြောက်မက်ဖွယ်ကောင်းသော
သွေးရောင်ဓားစွမ်းအင်က အဘိုးအိုထံသို့ပင်
မရောက်ခင်မှာပဲ အသံမထွက်ဘဲ
ပျောက်ကွယ်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့် ကောင်းကင်အထက်
တစ်နေရာ၌ ပုန်းအောင်းနေသည့်
မြေခွေးကေရီ နှင့် နတ်ဆိုးခြင်္သေ့ဘုရင်
တို့ပင် မျက်လုံးများ ချက်ချင်းပင်
ကျဉ်းမြောင်းသွားကြသည်။ ထို့နောက်
သူတို့နှစ်ဦးသား အကြည့်ချင်းဖလှယ်ကြပြီး
ကိုယ်စီထိတ်လန့်တုန်လှုပ်သွားသည့်
အမူအရာများကို မြင်လိုက်ရသည်။
ထို့အပြင် သူတို့၏ မျက်လုံးများတွင်
မယုံကြည်မှုများစွာ ရှိနေသည် ။

ဆံပင်ဖြူအဘိုးအိုသည်
မျက်လုံးများကိုမှိတ်ထားကာ
အချိန်တော်တော်ကြာမှ ပြန်ဖွင့်လာခဲ့သည်။
သူက ယန်ယဲ့ကို ငုံ့ကြည့်ပြီး
“နဂိုတုန်းကတော့ ဒီလောကကြီးကနေ
တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားဖို့
ရည်ရွယ်ထားခဲ့တာ။ အခုတော့ လိုချင်သလို
မရနိုင်တော့ဘူးထင်တယ်။ ချန်းရှောင်က
သေပြီဆိုတော့ စိတ်ပူစရာမရှိတော့ဘူး။
ငါလော့ချန်းယွန်က
မင်းရဲ့ရှေးဟောင်းဓားကျောင်းတော်နဲ့

တိမ်ပင်လယ်အကယ်ဒမီက လူတိုင်းကို
တစ်ယောက်မကျန် အကုန်သတ်ပစ်မယ်လို့
ကျိန်ဆိုတယ်"

ထိုစကားပြောပြီးသည်နှင့်
ဆံပင်ဖြူအဘိုးအိုက သူ့လက်ဝါးကို
အသာပုတ်ချလိုက်သည်။

ယန်ယဲ့၏ ခန္ဓာကိုယ်ဟာ
ချက်ချင်းလွင့်ပျံသွားသည်ကို လူတိုင်း
မြင်လိုက်ကြရသည်။ သူ့ခန္ဓာကိုယ်ဟာ

အဆောက်အဦးများစွာနှင့် တိုက်ချသွားပြီး
၁၀ ကီလိုမီတာထိပင်
လွင့်ထွက်သွားခဲ့သည်။

သို့သော်လည်း ချက်ချင်းဆိုသလိုပင်
သွေးရောင်ဓားစွမ်းအင်တစ်ခု
လင်းလက်လာပြီး ဆံပင်ဖြူအဘိုးအို ဆီသို့
ရောက်ရှိလာခဲ့သည်။

"ပုရွက်ဆိတ်လိုခွန်အားလေးပဲ"
ဆံပင်ဖြူအဘိုးအိုက သူ့ညာလက်ကို

ညင်သာစွာ ဝှေ့ယမ်းလိုက်သည်နှင့်
သွေးရောင်ဓားစွမ်းအင်တန်းက ချက်ချင်းပင်
ပျောက်ကွယ်သွားသည်။

အဘိုးအိုက နောက်တစ်ကြိမ်
တိုက်ခိုက်ဖို့ပြင်လိုက်သော်လည်း
ကောင်းကင်ယံအထက်ကနေ
အလင်းတန်းတစ်ခု တောက်ပလာပြီး
သူ့ဆီသို့ ရုတ်တရက်
ကျရောက်လာသည်။ အဘိုးအို၏
မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားပြီး သူ့လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်။ အလင်းတန်းက ချက်ချင်းပင် ပေါက်ကွဲကွာ ပတ်ဝန်းကျင်သို့ လွင့်စင်သွားသည် ။

အလင်းတန်းများ ပြန့်ကျဲသွားသည်နှင့် တပြိုင်နက်  တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း တို့ပေါ်လာကြသည်။

ဆံပင်ဖြူအဘိုးအိုက သူတို့ကို
ကြည့်လိုက်ပြီး အေးစက်စက်နှင့် “ဘာလဲ....
၊ မင်းတို့က ငရဲသွားချင်လို့ ပြန်လာတာလား”

"အကြီးအကဲနှစ်ယောက်"
တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က သူတို့ရှေ့မှာ
ပေါ်လာပြီး "ဘာလို့လဲ... နှစ်ယောက်စလုံး
ဘာလို့
ပြန်လာကြတာလဲ" ဤအခိုက်အတန့်တွင်
ကောင်းကင်အုတ်ဂူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ဖိနှိပ်ထားပြီး

သူ၏စိတ်အာရုံအသိက
ကြည်လင်နေခဲ့သည်။

ကျန့်ဝူချန်းက ဆံပင်ဖြူအဘိုးအိုကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။ ဤအချိန်တွင်
ယန်ယဲ့၏ခန္ဓာကိုယ်အရေပြားသည်
ကွဲထွက်သွားပြီး သွေးများ အဆက်မပြတ်
စီးထွက်လာသည်။ အဆုံးတွင် ယန်ယဲ့၏

လက်ထဲမှ သွေ၏ခြေားက စီးထွက်လာသော
သွေးအားလုံးကို စုပ်ယူသွားခဲ့သည်။

ကျန့်ဝူချန်း နှင့် တာအိုသခင်ဂူ တို့လည်း
အကြည့်ချင်းဖလှယ်ကြပြီး
နှစ်ယောက်စလုံး၏ မျက်လုံးများတွင်
အလွန်လေးနက်သော အမူအရာ ရှိနေသည်။

ကျန့်ဝူချန်းက လေးနက်စွာပြောခဲ့သည်
"မင်းက သူ့အတွက်

မကိုက်ညီဘူး။ ဓားကျောင်းတော်ကိုပြန်သွား
ပါ"

တာအိုသခင်ဂူ ကလည်း "ကလေး၊
အခုချက်ချင်းပြန်သွားတော့"

"ပြန်သွားမှာလား" ဆံပင်ဖြူ အဘိုးအိုက
ရှေ့သို့ ခြေတစ်လှမ်း
တိုးလိုက်သည်။ ထိုခဏလေးအတွင်းမှာပဲ
ပတ်ဝန်းကျင်တစ်ခုလုံးက ထူးဆန်းစွာပင်

ကျုံ့လာပြီး "မင်းတို့အားလုံး
ဒီနေ့ထွက်သွားဖို့ အိပ်မက်ပဲမက်နိုင်တယ်"

"လော့ချန်းယွန်၊ ငါတို့က
အာကာသဟင်းလင်းပြင်ထဲကို တက်ပြီး
ဘာလို့ မတိုက်ခိုက်ရမှာလဲ"ကျန့်ဝူချန်းက
ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး
သူ့ခန္ဓာကိုယ်ကနေဓားစွမ်းအင်အလင်းတန်း
တစ်ခု ကောင်းကင်သို့ ပစ်လွှတ်လိုက်သည် ။

"အာကာသဟင်းလင်းပြင်
လား။ မဟုတ်ဘူး၊ ဒီလိုဒုက္ခခံရတဲ့နေရာကို
သွားစရာမလိုဘူး" ဆံပင်ဖြူ အဘိုးအိုက
သူ့လက်ကို ဆန့်ထုတ်လိုက်သည်။
ကောင်းကင်ယံအထက်၌
ရောမလက်ဝါးကြီးတစ်ဖက် ပေါ်လာပြီး
ကျန့်ဝူချန်း နှင့် တာအိုသခင်ဂူ တို့ကို
ဖမ်းဆုပ်လိုက်လေသည်။

အောင်း!

ကျန့်ဂူချန်း နှင့် တာအိုသခင်ဂူ တို့
နှစ်ဦးစလုံးသည် ပြတ်ပြတ်သားသား
တိုက်ခိုက်ခဲ့ကြသည်။ သူတို့၏
ခန္ဓာကိုယ်ကနေ မရေမတွက်နိုင်သော
ဓားစွမ်းအင်များ တဟုန်ထိုး
ပေါက်ကွဲထွက်လာတော့သည်။ သို့သော်
သိပ်မကြာလိုက်ပေ၊ သူတို့၏
ဓားစွမ်းအင်များက ချက်ချင်းပင်
ရပ်တန့်သွားခဲ့သည်။ ထို့နောက်တွင်
ဓားစွမ်းအင်များက
အပိုင်းပိုင်းချေမွခံလိုက်ရတော့သည်။

ဤနေရာရှိ လူတိုင်း
တုန်လှုပ်ချောက်ချားသွားကြလေသည်။
ထိုအထဲတွင် ကျန့်ဂူချန်း နှင့် တာအိုသခင်ဂူ
တို့နှစ်ယောက်လုံးလည်း ပါဝင်သည်။

အုန်း!

တစ်ချိန်တည်းတွင် တုံ့ပြန်ချိန်မရလိုက်ဘဲ
နှစ်ယောက်လုံး လွင့်ထွက်သွားကာ

ကီလိုမီတာထောင်ချီထိရောက်မှသာ
မြေပြင်ပေါ်ပြုတ်ကျသွားခဲ့သည်။

"သိုင်းသူတော်စင်၂ယောက်ကို
တစ်ချက်တည်းနဲ့ အနိုင်ယူလိုက်တယ်"

ထို သိုင်းသူတော်စင် နှစ်ယောက်လုံးက
သာမန်သိုင်းသူတော်စင်များမဟုတ်ပေ။ ကျ
န့်ဝူချန်းက ရှေးဟောင်းဓားကျောင်းတော်၏
ဓားသခင်ဖြစ်သည့်အပြင်

တောင်ပိုင်းဒေသ၏ နံပါတ်တစ်ဓားသမားဟု

နာမည်ကျော်ကြားခဲ့သည်။

ယန်ယဲ့ သည်ပင် နှလုံးသားတစ်ခုလုံး

ပြင်းထန်စွာ တုန်ခါသွားတော့သည်။

ကျန့်ဝူချန်း နှင့် တာအိုသခင်ဂူ

တို့၏ခွန်အားက

သာမန်သိုင်းသူတော်စင်များနှင့်

နှိုင်းယှဉ်၍မရပေ။ သို့သော်လည်း

လော့ချန်းယွန်၏

တိုက်ခိုက်မှုတစ်ခုတည်းဖြင့်
ရှုံးနိမ့်သွားခဲ့ရသည်။

"သိုင်းသူတော်စင် မဟုတ်ဘူး၊ ဒါက
အင်ပါယာအဆင့် ကျင့်ကြံသူ "
ဤအချိန်တွင် ကျန့်ဝူချန်း၏
တုန်လှုပ်နေသောအသံက
အဝေးကနေ ရုတ်တရက်
ထွက်ပေါ်လာသည်။

ထိုစကားပြောပြီးသည်နှင့် သူ့ခန္ဓာကိုယ်က အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားသည်။ ဤအခိုက်တွင် သူက တရကြမ်းတိုက်ခိုက်လာခြင်းမဟုတ်ဘဲ သူ့ခန္ဓာကိုယ်အား လောင်ကျွမ်းပစ်လိုက်သည်။

"စိတ်ဝိညာဉ်ကို လောင်ကျွမ်းခြင်း..."

ထို့နောက် "ယန်ယွဲ့၊ မင်း ရှေးဟောင်းဓားကျောင်းတော်ကို

ဝင်လာတုန်းက မင်းကိုသစ္စာမဖောက်ရင် ဓားကျောင်းတော်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့ ပြောဖူးတယ်။ အဲဒါကို ထာဝရမှတ်ထားပါ”

ထိုစကားပြောပြီးသည်နှင့်...

ဘမ်း!

ပတ်ဝန်းကျင်ကို တုန်လှုပ်စေသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်

မရေမတွက်နိုင်သော ဓားစွမ်းအင်များ
သယ်ဆောင်လာသော ဧရာမ
စွမ်းအင်လှိုင်းလုံးကြီးသည်
ပတ်ဝန်းကျင်ဆီသို့ ရိုက်ခတ်သွားသည်။

ဤရုတ်တရက် အဖြစ်အပျက်ကြောင့်
လူတိုင်း အံ့သြထိတ်လန့်သွားကြသည်။

သို့သော်လည်း နောက်အခိုက်အတန့်တွင်
အချိန်က
အေးခဲသွားသလိုပင်။ ထို့နောက်တွင်

စွမ်းအင်လှိုင်းများနှင့် ဓားစွမ်းအင်များက အရိပ်အယောင်မရှိတော့ဘဲ ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။ ပျောက်ကွယ်သွားသည်ကား စွမ်းအင်လှိုင်းများနှင့် ဓားစွမ်းအင်များသာမကပေ၊ ကျန့်ဝူချန်းလည်း မရှိတော့ပါ။

"ပုရွက်ဆိတ်" လော့ချန်းယွန်က သူ၏ညာလက်ကို ဝှေ့ယမ်းပြီးနောက် တာအိုသခင်ဂူ ကို ရိုက်ချလိုက်သည်။ တာအိုသခင်ဂူ၏ ခန္ဓာကိုယ်က

နောက်တစ်ကြိမ် လွင့်ထွက်သွားပြီး
မြေပြင်ပေါ်သို့
ပျက်ကျသွားသည်။ သေသလား၊
ရှင်သလားပင် မသိနိုင်တော့ပေ။

ဤအချိန်တွင် လော့ချန်းယွန်က ယန်ယဲ့
ဆီသို့လျှောက်လာရင်း " ချန်းရှောင်ရဲ့
ဂုဏ်သတင်းကို ထင်းရှူးစီရင်စုတခွင်မှာ
ကျော်ကြားလာမဲ့အချိန်ကို
စောင့်ချင်လို့ ငါ့ရဲ့ကျင့်ကြံမှုကို
ဖိနှိပ်ထားခဲ့တာ။ ကံမကောင်းစွာပဲ၊

သူ့အခုသေသွားပြီ။ ရပါတယ်။ မင်းနဲ့ မင်းနဲ့
သက်ဆိုင်သူအားလုံးကို
သူနဲ့အတူပို့ပေးလိုက်မယ်"

စကားပြောပြီးသည်နှင့် သူ့ညာလက်ကို
ဆန့်ထုတ်လိုက်ရာ ယန်ယွဲ့၏
ပတ်ပတ်လည်ရှိ
အာကာသဟင်းလင်းပြင်က ချက်ချင်း
အေးခဲသွားတော့သည်။

ကြားနေရာတွင် အမျိုးသမီးတစ်ဦး၏ အသံက ရုတ်တရက် အသံပေါ်လာသည်

"နှစ်ပေါင်းများစွာကြာသွားတာတောင် နင်က ဒီအတိုင်းပဲ"

ခွမ်း!

အသံဆုံးသွားသည်နှင့် တစ်ချိန်တည်းတွင် အေးခဲနေသော အာကာသဟင်းလင်းပြင်က အပိုင်းပိုင်းကွဲထွက်သွားသည်။

၁၃၂၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၈ -

ကောင်းကင်တာအိုမျက်လုံးကို

ဆင့်ခေါ်ခြင်း

"ဟမ်" လော့ချန်းယွင်က ယန်ယဲ၏ရှေ့တွင်

ရပ်နေသော အမျိုးသမီးကို စိုက်ကြည့်ရင်း

အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ သူက
အမျိုးသမီးကို ခဏလောက်
စိုက်ကြည့်ပြီးနောက် မျက်လုံးများ ချက်ချင်း
ကျဉ်းမြောင်းသွားသည်
"အင်ပါယာအဆင့်ရတနာလက်နက်တစ်ခု
လား"

အမျိုးသမီးက လော့ချန်းယွင်ကို
ဂရုမစိုက်ပေ။ သူမက တစ်ဖက်လှည့်ပြီး

ယန်ယဲ့၏နဖူးအလယ်ဗဟိုကို
ပုတ်လိုက်သည်။

အောင်း!

အလင်းတန်းတစ်ခုက ယန်ယဲကို
ချက်ချင်းဖုံးလွှမ်းသွားသကဲ့သို့ စူးရှသော
ဓားအူသံ ထွက်ပေါ်လာသည်။ မကြာခင်မှာပဲ
သွေးနီရဲနေသော ယန်ယဲ့၏အသွင်အပြင်က
ပုံမှန်အတိုင်းပြန်ဖြစ်သွားကာ

ကောင်းကင်အုတ်ဂူဟာ နောက်တစ်ကြိမ် ဖိနှိပ်ခံလိုက်ရသည်။

ယန်ယဲ့သည် မျက်လုံးများကို ဖြည်းညှင်းစွာ ပြန်ဖွင့်လိုက်သည်။ ခဏအကြာတွင် သူ့အကြည့်များက အမျိုးသမီးဆီသို့ ကျဆင်းလာကာ “မင်းနိုးလာပြီလား”

သူ့ရှေ့မှ အမျိုးသမီးဟာ နှစ်ပေါင်းများစွာတိုင် အိပ်မောကျနေသည့် ဓားဝိညာဉ်မှလွဲ၍ အခြားသူမဟုတ်ပေ။

ဓားဝိညာဉ်က ယန်ယဲ့ကို ပေါ့ပေါ့တန်တန်
ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်
လော့ချန်းယွင်ကို လှည့်ကြည့်ကာ
“အဲဒီလူက အရမ်းသန်မာတယ်။ သူက
အခုလက်ရှိ နင်တိုက်ခိုက်နိုင်တဲ့လူ
မဟုတ်ဘူး။ ဒါပေမဲ့
သူ့ရဲ့အဆင့်အတန်းအရဆို ဒီလောကကနေ
ချက်ချင်း ထွက်သွားသင့်ပြီ"

ဓားဝိညာဉ်က ခေါင်းကို မော့ကာ ကောင်းကင်ဆီသို့ မျှော်ကြည့်ရင်း အချိန်အတော်ကြာအောင် တိတ်ဆိတ်သွားခဲ့သည်။ ထို့နောက်မှသာ "ငါနားလည်ပြီ။ သူက ဒီမြို့ရဲ့ အထက်ကောင်းကင်မှာ အစွမ်းထက်ဝက်ပါအစီအရင်တစ်ခုနဲ့ ဖုံးကွယ်ထားတာကိုး။ အဲဒါကြောင့် ဒီကမ္ဘာရဲ့ ကောင်းကင်ဘုံတာအိုက သူ့ကို သတိမထားမိခဲ့တာပဲ"

ယန်ယဲ့က "ပြီးတော့"

"ဝက်ပါအစီအရင်ကို ချိုးဖျက်လိုက်။
ပြီးကျရင် ကောင်းကင်တာအိုကို
ဆင့်ခေါ် ပြီး သူနဲ့ထိပ်တိုက်တွေ့ပေးလိုက်"
ဓားဝိညာဉ်က အသံလှိုင်းဖြင့်
ပြောနေသောကြောင့်
ယန်ယဲ့တစ်ယောက်သာလျှင်
ကြားနိုင်ခဲ့သည်။

ဘမ်း!

ဤအခိုက်တွင် ကောင်းကင်ယံအထက်ရှိ
အာကာသဟင်းလင်းပြင်က ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် ယန်ယဲ့၏
မျက်နှာသည်
အနည်းငယ်ဖျော့တော့သွားခဲ့သည်။ ထို့နော
က်တွင်တော့
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
သိုင်းသူတော်စင် ၅ ယောက်
ပေါ်လာကြသည်။

ယန်ယဲ့သည် သိုင်းသူတော်စင် ၅ ယောက်ကို
မြင်သောအခါ
အသက်ပြင်းပြင်းရှူလိုက်မိသည်။ အနက်
ရောင်အရိပ် ၁၀ ခုလုံး
ပျက်စီးသွားသောကြောင့်ပင်။အနက်ရောင်
အရိပ် ၁၀ ခုက အနည်းဆုံးတော့
သိုင်းသူတော်စင် ၁၀ ယောက်ကို
အချိန်တော်တော်ကြာထိ
ဆွဲထားနိုင်လိမ့်မည်ဟု
သူထင်ထားခဲ့သည်။ သို့သော်လည်း
ယခုအချိန်တွင်တော့ သူဟာ

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

သိုင်းသူတော်စင်များကို

လျှော့တွက်မိကြောင်း

သဘောပေါက်သွားသည်။

"အင်ပါယာအဆင့်ရတနာလက်နက်။ ဒီက

မှော်ကြီးမှာ

အင်ပါယာအဆင့်လက်နက်ရှိတယ်ဆိုတာ

ဘယ်တုန်းကမှ

မျှော်လင့်မထားခဲ့ဘူး။ အံ့သြစရာပဲ” လော့ချ

န်းယွန်၏ အကြည့်သည် ဓားဝိညာဉ်ပေါ်သို့

ကျဆင်းသွားသည်။ သူက "ငါက အခုမှ အင်ပါယာအဆင့် ကို ရောက်တာဆိုတော့ သင့်တော်တဲ့ လက်နက်တစ်ခု မရှိသေးဘူး။ ငါ့ထံ လက်အောက်ခံလိုက်ပါ။ မင်းအသက်ကို ငါ ချမ်းသာပေးမယ်”

“နင်က မြို့အပေါ်မှာ ဖုံးကွယ်ထားတဲ့ ဝက်ပါအစီအရင်ကို ဖျက်ဆီးလိုက်။ အဲဒီအချိန်မှာ ငါက သူ့ကိုတားဆီးထားမယ်။ နင့်ရဲ့ဓားနယ်မြေကို သုံးပြီး ဖျက်ဆီးပါ။ နင်လည်း သဘောတရားကို

နားလည်နိုင်လိမ့်မယ်" ဓားဝိညာဉ်၏
အသံသည် ယန်ယဲ့၏ စိတ်ထဲတွင်
ပဲ့တင်ထပ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့သည်
ထိတ်လန့်မှုပင်မပျယ်သေးပေ။
ဓားဝိညာဉ်ကတော့ စကားဆုံးသည်နှင့်
သူမ၏ခန္ဓာကိုယ်ကနေ
ဓားစွမ်းအင်အမြောက်အများ ထွက်လာပြီး
ကောင်းကင်သို့ ပစ်လွှတ်ပြီး

လော့ချန်းယွန်အား ချက်ချင်း
ဖုံးအုပ်လိုက်လေသည်။

သို့သော် လော့ချန်းယွန်၏
မထီမဲ့မြင်ပြုသော အသံက
ရုတ်ချည်းထွက်ပေါ်လာလေသည်။
"ပုရွက်ဆိတ်တွေ၊ မင်းတို့က
သေချင်နေမှတော့ မင်းတို့ရဲ့ဆန္ဒကို
ငါဖြည့်ဆည်းပေးမယ်"

ယန်ယှဲ့သည် အချိန်မဖြုန်းတော့ဘဲ
ချက်ချင်းဆိုသလိုပင် သူ၏ဓားနယ်မြေကို
ချက်ချင်း အသက်သွင်းလိုက်တော့သည်။
ထို့နောက်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
လေထဲသို့ တဟုန်ထိုး
ခုန်တက်လိုက်တော့သည်။

ပစ်လွှတ်လိုက်သော
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားခဲ့သည်။

နောက်ထပ် အသက်ရှူ၂
ရှိုက်စာအကြာတွင်....

ဂျိန်း!

ကောင်းကင်ယံတစ်ခုလုံးဟာ ပြင်းထန်စွာ
တုန်ခါသွားပြီးနောက်
ကောင်းကင်ယံအထက်တွင် တစ်စုံတစ်ရာ
ပျောက်ကွယ်သွားပုံရသည်။ မျက်စိတစ်မှိတ်
အတွင်းမှာပင် မရေမတွက်နိုင်သော

အနက်ရောင်တိမ်တိုက်များ
ကောင်းကင်ယံတွင် စတင်စုရုံးလာပြီး ရောမ
မျက်လုံးကြီးတစ်လုံး ပေါ်လာသည်။

"ကောင်းကင်တာအိုမျက်လုံး "

ပတ်ဝန်းကျင်ရှိ မရေမတွက်နိုင်သော
ကျင့်ကြံသူများဟာ
ကောင်းကင်တာအိုမျက်လုံး ရုတ်တရက်
ထွက်ပေါ်လာမှုကြောင့်
ထိတ်လန့်သွားကြသည်။

ဤအချိန်တွင် ဓားစွမ်းအင်များ ပြန့်ကျဲသွားကာ ဓားဝိညာဉ်က ယန်ယဲ့ထံ ပြန်ရောက်လာခဲ့သည်။ သို့သော် သူမ၏မျက်နှာသည် ဖြူဖျော့နေပြီး သူမ၏ပုံသဏ္ဍာန်ကလည်း ပို၍ပင် ပါးလွှနေသည်။

ယန်ယဲ့က အံ့အားသင့်သွားပြီး "မင်းအဆင်ပြေရဲ့လား"

သူမ ယန်ယဲ့ကို စိုက်ကြည့်လိုက်ရင်း
"ငါ့ရဲ့နောက်ဆုံးဘဝမှာ
နင့်ကိုအကြွေးတင်ခဲ့တာ သေချာပါတယ်"

ယန်ယဲ့ဟာ စကားမပြောနိုင်တော့ပေ။

ရှစ်!

ကောင်းကင်ယံအထက်မှ
အလွန်တရာကြောက်မက်ဖွယ်ကောင်းသော
ဖိအားလှိုင်းကြီးတစ်ခု ကျဆင်းလာပြီး

မရေမတွက်နိုင်သော
နတ်လျှပ်စီးကြောင်းများ
တဖျပ်ဖျပ်လင်းလက်သွားသည်။

ဤအခိုက်အတန့်တွင်
ကောင်းကင်မြို့တော်ရှိ လူတိုင်း
တုန်လှုပ်နေကြသည်။

သို့သော် ခဏအကြာတွင်
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်သည် မြို့ထဲမှ

ထွက်ပေါ်လာပြီး
ကောင်းကင်တာအိုမျက်လုံးမှ
စွမ်းအားများကို
ပိတ်ဆို့လိုက်သည်။ တစ်ချိန်တည်းမှာပင်
လော့ချန်းယွန်၏ အေးစက်စက်အသံက
"ကောင်းကင်တာအိုလား။ ငါ့ကို
ဘာလုပ်နိုင်မလဲ။ ငါ့ရဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
သိုင်းသူတော်စင်တွေ၊ သူ့ကိုတားလိုက်”

စကားပြောပြီးသည်နှင့် လော့ချန်းယွင်၏
ပုံရိပ်က  ကောင်းကင်ယံသို့
လွင့်မျောလာခဲ့သည်။

"ငါတို့ထွက်သွားရမယ်" ဓားဝိညာဉ်က
လေးနက်တည်ကြည်စွာ ပြောခဲ့သည်
"ကောင်းကင်တာအိုမျက်လုံးက
ဖျက်ဆီးခြင်းခြင်းနတ်လျှပ်စီးကြောင်းကို
လွှတ်မချရင် သူ့ကို ဖိနှိပ်နိုင်မဟုတ်ဘူး။
ဆန့်ကျင်ဖက်အနေနဲ့ သူက

ကောင်းကင်တာအိုမျက်လုံးနဲ့
ရင်ဆိုင်ပြီးတာနဲ့ ငါတို့သေမှာသေချာတယ်”

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး
သူ၏ဆရာ တာ အိုသခင်ဂူ
လဲကျသွားသည့်နေရာကို
တစ်ချက်ကြည့်လိုက်သည်။

ယန်ယဲ့သည် တာအိုသခင်ဂူ ကို
မြင်သောအခါ နာကျင်စွာဖြင့်
သူ့မျက်လုံးများကိုမှိတ်ထားလိုက်သည်။

တာအိုသခင်ဂူ က
အသက်ရှင်နေသေးသော်လည်း
သူ့ခန္ဓာကိုယ်ပုံစံက
အတော်လေးကိုဆိုးရွားနေခဲ့သည်။

"ယန်ယဲ့... ယန်ယဲ့... အသက်ရှင်...
ရှင်သန်..." ထိုစကားပြောပြီးသည်နှင့်
သူ့ခန္ဓာကိုယ်ထဲကနေ၍
မရေမတွက်နိုင်သော စွမ်းအင်များ
စိမ့်ထွက်လာပါသည်။ သိပ်မကြာလိုက်ပေ၊
ပတ်ဝန်းကျင်တစ်ခုလုံးဟာ

ဝိညာဉ်စွမ်းအင်များ
ကျဆင်းလာပါတော့သည်။

"သူတို့ကို တားလိုက်" လော့ချန်းယွန်၏
ဒေါသတကြီးအော်ဟစ်သံက ရုတ်ချည်း
ပွဲတင်ထပ်လာသည်။ ထို့နောက်တွင်
သိုင်းသူတော်စင် ၅ ဦးနှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
မရေမတွက်နိုင်သော အဖွဲ့ဝင်များက
ယန်ယဲ့နှင့် ဓားဝိညာဉ်တို့ကို ချက်ချင်း
တိုက်ခိုက်လိုက်ကြသည်။

ဓားဝိညာဉ်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းလာပြီး လက်ညှိုးကို ပွတ်ဆွဲလိုက်သည်။

အောင်း!

ဓားစွမ်းအင်လှိုင်းလုံးကြီး ထွက်ပေါ်လာပြီးနောက် ကောင်းကင်ဘုံခန်းမ၏

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
၁၀၀၀ နီးပါးကို နှစ်ပိုင်းခွဲပစ်လိုက်သည်။

"သွားကြရအောင်" ဓားဝိညာဉ်က
ယန်ယဲ့၏ပုခုံးကို ဆုပ်ကိုင်လိုက်ပြီး
မိုးကုတ်စက်ဝိုင်းထဲသို့
ပျောက်ကွယ်သွားခဲ့သည်။ သူတို့ မြို့ပြင်သို့
ဖြတ်ကျော်ခါနီးတွင်မှ ရှေ့တွင်
ရောမအနက်ရောင်အလင်းတန်းကြီးတစ်ခု
ပေါ်လာပြီး နှစ်ယောက်လုံးအပေါ်
ကျရောက်လာပါတော့သည်။

ဘမ်း!

နှစ်ယောက်စလုံး မြို့ထဲသို့
နောက်ပြန်လွင့်ထွက်လာကြသည်။

"ချုပ်နှောင်ခြင်းဝက်ပါအစီအရင်" ဓားဝိညာဉ်
က ချက်ချင်း မျက်နှာပျက်သွားသည်။
သူမက ဝိုင်းရံထားသော
သိုင်းသူတော်စင်များနှင့်
သူတော်စင်တစ်ပိုင်းအဆင့်များစွာကို

တစ်ချက်ကြည့်ရင်း
တိုက်ခိုက်ဖို့ ပြင်လိုက်ပြီးမှ "ယန်ယဲ့၊ နင်
သူတို့ကို ခဏလောက်တားဆီးထားလိုက်။
ငါ ဝက်ံပါအစီအရင်ကို ဖျက်ဆီးလိုက်မယ်"
စကားပြောပြီးသည်နှင့် သူမထံကနေ
မရေမတွက်နိုင်သော ဓားအလင်းတန်းများ
ထွက်ပေါ်လာသည်။ ဓားအလင်းတန်းများက
အလွန်လျင်မြန်ပြီး
အနက်ရောင်အတားအဆီးကို
အဆက်မပြတ် ထိမှန်သွားကြသည်။

ဤအချိန်တွင် ယန်ယဲ့သည်
ခရမ်းရောင်သလင်းကျောက်ကို
ထုတ်ယူကာ
မျိုချလိုက်သည်။ ထို့နောက်တွင်
သူ့လက်ကိုယမ်းလိုက်ရာ
သွေးဓားတစ်ချောင်းပေါ်လာခဲ့သည်။
တစ်ဆက်တည်းပင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
ထောင်ချီသောကျင့်ကြံသူများအား
စူးစိုက်ကြည့်နေခဲ့သည်။

အောင်း!

အလင်းတန်းတစ်ခု လင်းလက်သွားပြီး
ဓားအုူသံတစ်ခုပါ ထွက်ပေါ်လာပြီးနောက်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
ထောင်ချီသောအဖွဲ့ဝင်များဟာ ခေါင်းများ
ပြုတ်တောက်သွားခဲ့တော့သည်။
တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော
သွေးစီးကြောင်းများက လေထဲသို့
စီးထွက်လာပြီး ယန်ယဲ့၏ လက်ထဲမှ
သွေးဓား ဆီသို့

စီးဝင်သွားကြလေသည်။ ထို့အပြင်
ကောင်းကင်မြို့တော်တစ်ခုလုံးမှ
ကျင့်ကြံသူများ ပင်လျှင် သွေးဆားကနေ
ထွက်လာသော သွေးညှီနံ့ကို
ရှင်းရှင်းလင်းလင်းခံစားလိုက်ရလေသည်။

...

ကောင်းကင်အထက် တစ်နေရာ......။

ဤအခိုက်အတန့်တွင် ဆံပင်နီအဘိုးအို ဦးဆောင်သော လူ ၁၄ ဦး ရှိပြီး အဘိုးအို၏ နံဘေးတွင်တော့ ရှူဝူရှန်း ရပ်နေခဲ့သည်။

"အဖေ အခုစလုပ်ကြရအောင်" ရှူဝူရှန်းက ယန်ယွဲ့နှင့် ဓားဝိညာဉ်တို့ ပိတ်မိသွားသည်ကို ကြည့်နေစဉ် လေးနက်စွာ ပြောဆိုခဲ့သည်။

ခဏကြာပြီးနောက် ဆံပင်နီအဘိုးအိုက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ရှုဝူရှန်းက  မျက်မှောင်ကြုတ်ကာ "ဒါဆို ဘယ်တော့ စမှာလဲ"

"လော့ချန်းယွန် ဒီကမ္ဘာကထွက်သွားတဲ့အခါ" ဆံပင်နီဘိုးအို က “သူမထွက်ခွာခင် ငါတို့အဲဒီမှာ ခေါင်းငုံ့တိုးဝင်လိုက်ရင် အသက်စွန့်တာနဲ့ မတူဘူးလား”

ရှုဝူရှန်းက "သူက ကောင်းကင်တာအိုကို ခုခံနိုင်ပါ့မလား"

ဆံပင်နီအဘိုးအိုက “သူ ဒီလောကကနေ
ချက်ချင်း
ထွက်သွားသင့်တယ်။ ဘာကြောင့်လဲဆို
တော့ ကောင်းကင်တာအိုကို
ဆန့်ကျင်တာက လူမိုက်မှပဲလုပ်လိမ့်မယ်။
ဒါပေမဲ့ လော့ချန်းရှောင်က သေသွားပြီ။
ဒီတော့ ယန်ယွဲ့ကိုမသတ်နိုင်တဲ့အပြင်
ရှေးဟောင်းဓားကျောင်းတော်နဲ့
တိမ်ပင်လယ်အကယ်ဒမီကို
မဖျက်ဆီးနိုင်ရင်

အတွင်းစိတ်နတ်ဆိုးတွေကို သေချာပေါက်

ခံစားရတော့မယ်။

ကောင်းကင်တာအိုကတော့

ကောင်းကင်တာအိုမျက်လုံးကို

မဖျက်ဆီးသရွေ့ သူ့ကို တိုက်ခိုက်မှာ

မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးကျ

သူက အင်ပါယာအဆင့် မှာရှိနေတာလေ။

ကောင်းကင်တာအို တောင်မှ

ဒီလိုတည်ရှိမှုကို

နည်းနည်းလောက်မျက်နှာသာပေးရလိမ့်မ

ယ်"

၁၃၂၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၂၉ -  ရှေးဟောင်းနတ်ဓား

ရှုဝူရှန်းက ရုတ်တရက်ပြောလိုက်သည်
"သူတို့နဲ့ပေါင်းပြီးတာနဲ့ သူက ငါတို့ကို
သတ်နိုင်လိမ့်မယ်လို့မထင်ဘူးလား"

ဆံပင်နီအဘိုးအိုက မျက်နှာပျက်သွားသည်။

အဘိုးအို၏နောက်ကွယ်မှ
သိုင်းသူတော်စင်တစ်ဦးက
အခြားတစ်ဖက်သို့ ရှုတ်တရက်
စူးစိုက်ကြည့်ကာ “ဂိုဏ်းသခင်၊
မကောင်းတော့ဘူး။
ကောင်းကင်နတ်ဆိုးကျားကလန်ရဲ့
သိုင်းသူတော်စင်တွေ ရောက်လာပြီ”

ဆံပင်နီအဘိုးအိုက "သူတို့ကို တားလိုက်"

"ဂိုဏ်းသခင်" ဆံပင်နီအဘိုးအိုနောက်ကွယ် ရှိ အဘိုးအိုတစ်ယောက်က "ယန်ယွဲ့နဲ့ ဒီလှိုဂူကျက်ဆန်းကြယ်တဲ့မိန်းမက အခွင့်အရေးမရှိဘူး”

ဆံပင်နီအဘိုးအိုက “ဝူရှန်း ပြောတာမှန်ပါတယ်။ သူတို့မှာ အခွင့်အရေးရှိပါစေ၊ မဟုတ်ရင် လော့ချန်း ယွန်က ငါတို့ကို လွှတ်ပေးမှာ

မဟုတ်ဘူး။ အဲဒီလိုဆိုတော့ ငါတို့က သူ့ကိုဘာလို့ ဒုက္ခမပေးသင့်တာလဲ။ ရှုဝူရှန်း၊ မင်းက ဂိုဏ်းထဲကို ပြန်သွားပြီး ဘိုးဘေးဖိတ်ခေါ် ခြင်း အခမ်းအနားကို ချက်ချင်းစလိုက်။ အရာရာတိုင်းက ထိန်းချုပ်မှုကနေ လွတ်သွားရင် ငါတို့ရဲ့ တည်ထောင်သူဘိုးဘေးကို ဒီကမ္ဘာကို ချက်ခြင်းဆင့်ခေါ်ပါ”

ရှုဝူရှန်းက ခေါင်းညိတ်လိုက်ပြီး မိုးကုတ်စက်ဝိုင်းထဲ သို့

ပျောက်ကွယ်သွားသည် ။ ဤအချိန်တွင်
ဆံပင်နီအဘိုးအိုနှင့်
အခြားသိုင်းသူတော်စင်များသည်လည်း
ချက်ချင်းပျောက်ကွယ်သွားကာ
ကောင်းကင်နတ်ဆိုးကျားကလန် နှင့်
ရွှေဖျက်ကြွက်မျိုးနွယ်မှ သူတော်စင်များကို
တားဆီးလိုက်ကြသည်။

ကောင်းကင်မြို့တော်

ယန်ယဲ့သည် သိုင်းသူတော်စင် ၅ ဦးနှင့်
ကောင်းကင်မြို့တော်မှ အဆုံးမရှိသော
ကျင့်ကြံသူများနှင့်
ရင်ဆိုင်နေရသည်။ ကောင်းကင်အုတ်ဂူကို
သုံးပြီး ရင်ဆိုင်နေသော်လည်း
သူ့အခြေအနေက အတော်လေး
ဆိုးရွားနေခဲ့သည်။

ဤအခိုက်အတန့်တွင် အဝေးရှိ လူအုပ်ထဲမှ
ပုံရိပ် ၄ ခု

ရုတ်တရက် ထွက်ပေါ်လာပြီး
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
အဖွဲ့ဝင်များအား တရကြမ်း
တိုက်ခိုက်လိုက်ကြသည်။

"ယန်ယဲ့၊ အခုထွက်သွားတော့။
မင်းအသက်ရှင်နေသရွေ့
တိမ်ပင်လယ်အကယ်ဒမီနဲ့
ရှေးဟောင်းဓားကျောင်းတော်က
ထာဝရတည်ရှိနေမယ်ဆိုတာ

သတိရပါ” စစ်မြေပြင်မှ အသံတစ်သံ
ထွက်ပေါ်လာသည်။

"နည်းပြဆရာကျူး...." ယန်ယဲ့သည်
ထိုပုံရိပ် ၄ ခုကို စိုက်ကြည့်နေပြီး
သူ့မျက်လုံးများတွင် အံ့သြမှု
အရိပ်အယောင်များ
ရှိနေသည်။ အကြောင်းအရင်းကတော့
သူတို့ ၄ ယောက်က
တိမ်ပင်လယ်အကယ်ဒမီကနေ
နှင်ထုတ်ခဲ့သော နည်းပြဆရာကျူးနှင့်

အခြားအာဏာပိုင် ၃ ဦး
ဖြစ်နေသောကြောင့်ပါ။ သူတို့က
ကောင်းကင်မြို့တော်သို့ ရောက်လာပြီး
ကူညီလိမ့်မည်ဟု မမျှော်လင့်ထားပေ။

ယန်ယွဲ့သည် အသက်ပြင်းပြင်းရှူပြီး
"ဆရာကျူး၊ မင်းတို့အားလုံး
မတ်တပ်ရပ်ကြ"

နည်းပြဆရာကျူးနှင့် အခြားသူများက
တွန့်ဆုတ်မနေဘဲ နောက်ပြန်ဆုတ်လာပြီး
ယန်ယဲ့၏ နံဘေးတွင်
ရပ်လိုက်ကြသည်။ တစ်ချိန်တည်းမှာပဲ
ယန်ယဲ့သည် စိတ်ဆန္ဒတစ်မျှင်ကို
ထုတ်လွှတ်လိုက်သည်။ အလင်းတန်း ၃၀၀၀
ကျော်ဟာ သူ့နောက်ကျောရှိ
ဓားသေတ္တာထဲကနေ လင်းလက်လာပြီး
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
အဖွဲ့ဝင်များထံ ပစ်လွှတ်လိုက်တော့သည်။
ခဏတာ တိတ်ဆိတ်သွားပြီးနောက်

မရေမတွက်နိုင်သော အလင်းတန်းများသည်
ပတ်ဝန်းကျင်တစ်ခုလုံး
လင်းလက်တောက်ပလာတော့သည်။

“အား..” များပြားလှသော ငိုကြွေးသံများ
အဆက်မပြတ် ထွက်ပေါ်လာပြီး
မရေမတွက်နိုင်သော သွေးစီးကြောင်းများ
လေထဲသို့
ပန်းတက်လာကြသည်။ အဆုံးတွင် လေထဲရှိ
သွေးစီးကြောင်းများက ယန်ယဲ့၏လက်ထဲမှ
သွေးဓား ဆီသို့ စီးဝင်လာခဲ့လေသည်။

ဤတစ်ကြိမ်တွင်မူ သွေးဓားက
အဆက်မပြတ်တုန်ခါလာပြီး
သွေးစီးကြောင်းများကို
ဆက်တိုက်စုပ်ယူနေလေသည်။

ခဏအကြာတွင် အလင်းတန်းများ
ပျောက်ကွယ်သွားပြီး
သူတော်စင်အဆင့်ဓားများအားလုံးက
ယန်ယဲ့၏ နောက်ကျောပေါ် ရှိ ဓားသေတ္တာ
ထဲပြန်ရောက်သွားကြတော့သည်။

ဤအချိန်တွင်

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏

သိုင်းသူတော်စင်၂ဦးသာ စစ်မြေပြင်တွင်

ကျန်ရှိခဲ့ပြီး ကျန်လူများအားလုံးက

အသတ်ခံခဲ့ရသည်။သို့မဟုတ်

ကောင်းကင်မြို့တော်တွင် သက်ရှိများ

မကျန်တော့ဟု ဆိုရပေမည်။

နောက်ဆုံးတွင် ယန်ယဲ့ နှင့်

ကောင်းကင်ဘုံနတ်ဘုရားခန်းမမှ

သိုင်းသူတော်စင်များကြား တိုက်ပွဲမှ

ရိုက်ခတ်မှုဟာ ကျင့်ကြံသူ
ထောင်ပေါင်းများစွာကို
ချေမှုန်းပစ်လိုက်သည် ။

ဤအခိုက်အတန့်တွင်
မရေမတွက်နိုင်သောလူများက
အသက်ရှင်ဖို့ အော်ဟစ်နေကြသည်၊
အားလုံး ထိတ်လန့်တကြားအော်ဟစ်ကာ
မြို့အနှံ့ အရူးများကဲ့သို့ ကျိန်ဆဲနေကြသည်။

ဂျုန်း!

ရုတ်တရက်ဆိုသလိုပဲ ကောင်းကင်
မြို့တော်တစ်ခုလုံး တုန်ခါသွားပြီးနောက်
မြို့ကို ဖုံးအုပ်ထားသည့်
အနက်ရောင်အလင်းတန်းကြီးက အပိုင်းပိုင်း
ကွဲအက်သွားသည်။

ဤမြင်ကွင်းကြောင့် မြို့ထဲမှ
အသက်ရှင်ကျန်ရစ်သူများဟာ
ဝမ်းသာသွားပြီး မြို့ပြင်သို့ ရူးသွပ်စွာ
ထွက်ပြေးကြတော့သည်။

ဤအချိန်တွင် ဓားဝိညာဉ်က
ယန်ယဲ့ဖက်တွင် ပေါ်လာပြီး "သွားရအောင်"

သို့သော်လည်း ယန်ယဲ့သည်
ခေါင်းခါလိုက်သည်။

ဓားဝိညာဉ်သည် အံ့အားသင့်သွားကာ
နည်းပြဆရာကျူး နှင့် အာဏာပိုင်များ
ပင်လျှင် အံ့သြသွားခဲ့သည်။

ယန်ယဲ့က "ဆရာကျူး၊ မင်းတို့အားလုံး တိမ်ပင်လယ်အကယ်ဒမီကို ချက်ချင်းပြန်သွားကြ"

"ယန်ယဲ့... မင်းအသက်ရှင်နေချိန်မှာ ကလဲ့စားချေဖို့ မျှော်လင့်ချက်ဆိုတာ အမြဲရှိတယ်"

နည်းပြဆရာကျူးက စကားထပ်ပြောဖို့ ပြင်သော်လည်း ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ဆရာကျူး၊ ငါ့ကို

ဒဿနမှူးအဖြစ် အသိအမှတ်ပြုသေးရင် အခုပဲ အကယ်ဒမီကို ပြန်သွားလိုက်ပါ။ ငါ့အတွက် ငါ့မှာ ရွေးချယ်ခွင့်ရှိတယ်”

ဤအချိန်တွင် ဓားဝိညာဉ်က ရုတ်တရက် တိုးတိုးလေး ပြောလိုက်သည် "အားလုံးပဲ ထွက်သွားတော့"

စကားပြောပြီးသည်နှင့် သူမက ယန်ယဲ့၏လက်ကိုဆွဲကာ လူတိုင်းအား

အလင်းတန်းများဖြင့် ချက်ချင်းဖုံး လိုက်ပြီး
ပျောက်ကွယ်သွားသည်။

"ဓားဝိညာဉ်၊ မင်းလည်း ထားခဲ့"
သို့သော်လည်း ယန်ယွဲ့သည် သူမကို
စိုက်ကြည့်ကာ တိုးတိုးလေးပြောလိုက်၏
"ငါမင်းကို နောက်တစ်ခါ
ဆွဲမချနိုင်တော့ဘူး"

"ကောင်းကင်တာအိုမျက်လုံးက
ဒီလောကမှာ သူရှိနေတာကို

ကြာကြာသည်းခံနေမှာမဟုတ်ဘူး။ ငါတို့ထွ
က်သွားပြီး အချိန်တစ်ခုယူရမယ်။
သိပ်မကြာခင်မှာ သူ့ကို ဒီလောကကနေ
ထွက်သွားခိုင်းလိမ့်မယ်" ဓားဝိဉာဉ်က
ပြောလိုက်သည် ။

ယန်ယဲ့က ခေါင်းခါပြီး “ငါတို့
ထွက်ပြေးနိုင်ပေမယ်လို့
ရှေးဟောင်းဓားကျောင်းတော်နဲ့
တိမ်ပင်လယ်အကယ်ဒမီက
ပြေးနိုင်မှာလား။ သူတို့

မလုပ်နိုင်ဘူး။ နောက်ပြီး ငါကိုယ်တိုင်လည်း မပြေးချင်ဘူး။ ငါ့ရဲ့အန်နန်ကျင်းကို သူတို့လုပ်ခဲ့တဲ့အတွက် လော့ချန်းရှောင် သေရုံလောက်နဲ့ ဘယ်တော်နိုင်ပါဦးမလဲ။ ငါက လော့ချန်းယွန်နဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမတစ်ခုလုံးကို ပေးဆပ်စေချင်တယ်”

ယန်ယဲ့သည် သူ့ဝတ်ရုံရှည်ကို ဆုတ်ဖြဲလိုက်ရာ "ချုန်းချီ"ဟူသော တက်တူးက သူ့အရေပြားအောက်ကနေ

ချက်ချင်းထွက်လာပါတော့သည်။ ချုန်းချီ၏
အသွင်အပြင်က
အလွန်ရက်စက်ကြမ်းကြုတ်ကာ
လောကတစ်ခုလုံးအား
မျိုချချင်နေပုံရသည်။

ဓားဝိညာဉ်က ယန်ယဲ့၏လက်မောင်းကို
ရုတ်တရက် ဆုပ်ကိုင်လိုက်ကာ
"ချုန်းချီ"တက်တူးကို စိုက်ကြည့်ရင်း သူမ၏
မျက်လုံးများတွင်
ကြောက်ရွံ့မှုတစ်ခုပေါ်လာခဲ့သည်။

ခဏကြာပြီးနောက် သူမက
ခေါင်းကိုခါယမ်းကာ "ဒါက ဘာလဲဆိုတာ
ငါမသိဘူး၊ ဒါပေမဲ့ နင်အတင်းအကြပ်
ဆင့်ခေါ်ရင် ပထမဆုံး အသတ်ခံရမှာက
နင်ပဲဆိုတာ သေချာတယ်"

"ငါ့မှာ တခြားရွေးချယ်စရာမရှိဘူး"
ယန်ယဲ့သည် ခေါင်းယမ်းလိုက်သည်။
ယခုအချိန်တွင် လော့ချန်းယွန်က
ကောင်းကင်တာအိုမျက်လုံးနှင့် တိုက်ခိုက်
နေသဖြင့် ထွက်ပြေးနိုင်ပါသည်။

သို့သော်လည်း သူသည်
တိမ်ပင်လယ်အကယ်ဒမီ နှင့်
ရှေးဟောင်းစားကျောင်းတော်တို့အား
ချန်ထားပြီး ထွက်မပြေးနိုင်ပေ။

ထို့အပြင် သူသည် အန်နန်ကျင်း ကိုယ်စား
လက်စားချေဖို့ ကျိန်ဆိုခဲ့သည်။
တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း
တို့နှစ်ဦးလုံးဟာ မည်သည့်အတွက်နှင့်မှ
မသေဆုံးနိုင်ဟု ငြင်းဆိုခဲ့သည်။

"လော့ချန်းရှောင် ရဲ့သေဆုံးမှုက ငါ ပြန်ရလိုက်တာနဲ့စာရင်မလုံလောက်သေးဘူး "

ဓားဝိညာဉ်က ရုတ်တရက် “နင့်မှာ တခြားရွေးချယ်စရာရှိသေးတယ်”

ယန်ယွဲ့သည် သူမကို စူးစိုက်ကြည့်ကာ အချိန်တော်တော်ကြာမှ သူမဆိုလိုသည်ကို နားလည်လိုက်သည်။ သူက ချက်ချင်း ခေါင်းယမ်းလိုက်ပြီး "ငါ မင်းကို ထပ်ပြီး မထိခိုက်စေချင်တော့ဘူး"

"လက်ရှိနင်က

အရင်နဲ့မတူတော့ဘူး" ဓားဝိညာဉ်က

ဆက်ပြောလေသည် “နင့်ရဲ့ရုပ်ခန္ဓာ၊ နင့်ရဲ့

ဓားစိတ်ဆန္ဒ ဒါမှမဟုတ်

နင့်ရဲ့ကျင့်ကြံမှုအဆင့် အားလုံးက

အရင်ကထက်

အဆပေါင်းမရေမတွက်နိုင်အောင်

အားကောင်းနေပြီ။ ဒါကြောင့် ဒီတစ်ကြိမ်မှာ

အတိတ်ကလိုမျိုး တူညီတဲ့

အကျိုးဆက်တွေကို ခံစားရမှာ

မဟုတ်ဘူး။ သေချာပါတယ်၊ တုံ့ပြန်မှုအချို့တော့ရှိကောင်းရှိလိမ့်မယ်။ ဒါပေမဲ့ နောက်ဆုံးအကြိမ်ကလောက်တော့ လုံးဝပြောင်းထန်မှာမဟုတ်ဘူး၊ ပြီးတော့ နှင့်ရဲ့တက်တူးထဲက သက်ရှိကို လွှတ်ပေးလိုက်သလိုမျိုး လုံးဝပြောင်းထန်မှာမဟုတ်ဘူး”

ယန်ယဲ့သည် ဓားဝိညာဉ်ကို ခဏလောက် စိုက်ကြည့်ပြီးနောက် အဆုံးတွင် ခေါင်းညိတ်လိုက်သည်။

ဓားဝိညာဉ်က ယန်ယဲ့ကို
တစ်ချက်ကြည့်ပြီးနောက်
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားခဲ့၏။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏
ဘယ်ဖက်လက်ထဲ၌
ရှေးဟောင်းဓားအိမ်ပေါ်လာပြီး
ညာဖက်လက်ထဲတွင်
ရှေးဟောင်းနတ်ဓားတစ်ချောင်းပေါ်လာသ
ည်။

ထို့နောက် ချက်ချင်းဆိုသလိုပင်
ရှေးဟောင်းနတ်ဓားက ဓားအိမ်ထဲသို့
ဝင်သွားသည်။

အောင်း!

စူးရှသော ဓားအူသံကြီး
ပဲ့တင်ထပ်လာပြီးနောက်
တလက်လက်တောက်ပနေသော
ဓားတစ်ချောင်းက

အထက်ကောင်းကင်ယံကို ထိုးဖောက်သွား
သည်။

ဤအခိုက်အတန့်တွင်
ထင်းရှူးစီရင်စုတစ်ခုလုံးဟာ
ထိုစားအူသံကြီးကို ရှင်းရှင်းလင်းလင်း
ကြားလိုက်ရသည်။

"အဲဒါက
အင်ပါယာအဆင့်ရတနာစားမဟုတ်ဘူး" ဆံ
ပင်နီအဘိုးအို၏ မျက်လုံးများသည်

ချက်ချင်းပင် ကျဉ်းမြောင်းသွားကာ
သူ့မျက်လုံးများက အံ့သြမှုများ
ထွက်ပေါ်လာလေသည်။

ဤအခိုက်တွင် လော့ချန်းယွန်က
ကောင်းကင်မြို့တော်၏
အထက်ကောင်းကင်၌ ရပ်နေပြီး
သူ့နောက်ကွယ်တွင်တော့
ကောင်းကင်တာအိုမျက်လုံးက  လွင့်
မျောနေခဲ့သည်။ သို့သော် ဤအချိန်တွင်
ကောင်းကင်တာအိုမျက်လုံးက သူ့ကို

မကြည့်ဘဲ ယန်ယဲ့အား
စိုက်ကြည့်နေလေသည်။

လော့ချန်းယွန်၏ မျက်လုံးများဟာ
အနည်းငယ် ကျဉ်းမြောင်းသွားပြီးနောက်
သူ့အကြည့်များသည် ယန်ယဲ့၏ လက်ထဲမှ
ရှေးဟောင်းနတ်ဓား အပေါ်သို့
ကျဆင်းသွားကာ "တကယ်တော့ ဓားနဲ့
ဓားအိမ်ကို ပေါင်းစည်းထားတဲ့အခါ
နဂိုအဆင့်ထက်
ကျော်သွားတယ်ဆိုတဲ့သဘောပေါ့။ ဒီလိုမျိုး

ဒဏ္ဍာရီလာရတနာလက်နက်က
ဒီလောကမှာ တကယ်ပဲ
ထွက်ပေါ်လာတယ်။ ယန်ယဲ့၊ မင်းက
အခုထက်နည်းနည်းလေး
ပိုသန်မာတယ်ဆိုရင် ငါ့ကို
ခြိမ်းခြောက်နိုင်တယ်။ ဒါပေမဲ့ အခု... မင်းက
ပုရွက်ဆိတ်တစ်ကောင်ပဲဖြစ်နေတုန်းပါ"

စကားပြောပြီးသည်နှင့် လော့ချန်းယွန်က
သူ့လက်ဝါးကို အသာပုတ်လိုက်ရာ
ရောမလက်ဝါးကြီးတစ်ဖက်က

ကောင်းကင်ယံကို ဆုတ်ဖြဲ၍ အောက်သို့ ဆင်းသက်လာခဲ့သည်။

ရောမလက်ဖဝါးကြီးက အလွန်ငြိမ်သက်နေပုံရပြီး ထူးဆန်းစွာပင် ကောင်းကင်မြို့တော်အား ဖျက်ဆီးသွားခြင်းမရှိခဲ့ပေ။

သို့သော်လည်း ယန်ယဲ့၏ မျက်နှာသည် စာရွက်တစ်ရွက်အလား ချက်ချင်းဖျော့တော့သွားခဲ့သည်။သေချာပါ

သည်၊ ထိုရောမလက်ဝါးကြီးက
သူတစ်ယောက်တည်းကိုသာ
ဦးတည်နေခဲ့ခြင်းပင်။

"ခုတ်ပိုင်းစမ်း" ယန်ယွဲ့သည်
ကောင်းကင်ယံအထက်မှ
ဆင်းသက်လာနေသော
ရောမလက်ဝါးကြီးကိုစိုက်ကြည့်နေရင်း
ရှေးဟောင်းနတ်ဓားကို ဆတ်ခနဲဆွဲထုတ်
ခုတ်ပိုင်းချလိုက်တော့သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၃၀ - မြောက်ပိုင်းဒေသ

ပျက်စီးခြင်း

အောင်း!

ကောင်းကင်ယံအထက်၌ ကျယ်လောင်စွာ
ထွက်ပေါ်လာသော ဓားသံနှင့်အတူ
ဓားစွမ်းအင်အလင်းတန်းကြီးတစ်ခုဟာ
ကောင်းကင်အထက် ထိုးတက်လာခဲ့သည်။

ဝုန်း...ဂျုန်း..

ကောင်းကင်မြို့တော်တစ်ခုလုံးနှင့်
မြို့ထဲရှိအရာအားလုံးဟာ ချက်ချင်းပင်
အမှုန့်အဖြစ် ပြောင်းလဲသွားခဲ့တော့သည်။

မြေခွေးကေရှိ၊ ဆံပင်နီအဘိုးအိုနှင့်
အခြားသိုင်းသူတော်စင်များ
ဖန်တီးထားသည့်
အာကာသဟင်းလင်းပြင်နေရာများပင်
ကွဲအက်သွားခဲ့သည်။အားလုံး
ထိတ်လန့်သွားပြီး
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍
ကမန်းကတန်းထွက်ပြေးကြတော့သည် ။
ထို့အပြင် လောချန်းယွန်၏ နောက်ကွယ်မှ
ကောင်းကင်တာအိုမျက်လုံးဟာ ယန်ယဲ့

ဓားဆွဲထုတ်လိုက်သည် နှင့် ရုတ်ချည်းပင်
ထွက်ပြေးသွားခဲ့သည်။

.....

တစ်ချိန်တည်းမှာပင် အင်မော်တယ်ကျွန်းရှိ
မြေပြင်ပေါ်တစ်နေရာ၌
အမျိုးသမီးတစ်ဦးက
တင်ပျဉ်ခွေလျက်ထိုင်နေခဲ့သည်။
ဤအခိုက်တွင် အမျိုးသမီးက ရုတ်တရက်
မျက်လုံးပွင့်လာပြီး ခေါင်းမော့၍

ကောင်းကင်မြို့တော်ဖက်သို့
လှမ်းကြည့်လိုက်သည်။

ခဏအကြာတွင် အမျိုးသမီးက
ချက်ချင်းဆိုသလိုမနေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်မြို့တော်တွင်ကား....။

ယန်ယဲ့က ရှေးဟောင်းနတ်ဓားကို
ဆွဲထုတ်လိုက်သောအခါ လော့ချန်းယွန်၏

မျက်လုံးများသည် ချက်ချင်းပင် ပြူးကျယ်သွားပြီး ထိတ်လန့်မှုများ သိသိသာသာပေါ်လာခဲ့သည်။ ယန်ယဲ့ ထုတ်ဖော်လိုက်သည့် ဓားနည်းစနစ်က အစွမ်းထက်သော်လည်း အင်ပါယာအဆင့် တစ်ပါးအတွက်တော့ ကလေးကစားစရာတစ်ခုသာသာပင်။ သူက ယန်ယဲ့၏ ဓားနည်းစနစ်ကို အလေးအနက်မထားခဲ့ပေ။

သို့သော်လည်း ယန်ယဲ့က နတ်ဓားကို
ဆွဲထုတ်လိုက်ချိန်တွင်တော့
သူ၏စိတ်အာရုံအသိပင်
ပျောက်ကွယ်လုနီးပါး ဖြစ်သွားခဲ့သည်။
အကြောင်းမှာ သူက
အလွန်ကြောက်စရာကောင်းသော
အန္တရာယ်ကို ခံစားမိလိုက်သောကြောင့်ပင်။

"မမြင်နိုင်တဲ့အန္တရာယ် "

သို့သော် လော့ချန်းယွန်က

တွေဝေမနေဝံ့ပေ။

ချက်ချင်းပင် လက်နှစ်ဖက်လုံးကို

ဝှေ့ယမ်းလိုက်ရာ မိုင်ထောင်ချီခန့်အကွာရှိ

ဧရိယာတစ်ခုလုံးမှ ဝိညာဉ်စွမ်းအင်များက

သူ့ထံ ချက်ချင်း တိုးဝင်လာသည်။အဆုံးတွင်

ဝိညာဉ်စွမ်းအင်များက

သူ၏ညာဘက်လက်ဖဝါးပေါ်တွင်

ပေါင်းစည်းသွားသည်။ ထို့နောက်

ဒေါသတကြီး အော်ဟစ်ကာ ယန်ယွဲ့အား

ဖိချလိုက်တော့သည်။

တစ်ချိန်တည်းမှာပင် သူ့လက်ကို
ထပ်မံဝှေ့ယမ်းလိုက်ရာ ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်က
အထပ်ထပ်ပေါင်းစည်းသွားခဲ့၏။
အာကာသဟင်းလင်းပြင်က သိပ်သည်းစွာ
ထပ်နေသောကြောင့်
နေရာအနှံ့အက်ကြောင်းများ
ပေါ်လာခဲ့သည်။ ထို့အပြင်
လောချန်းယွန်ထံမှ မရေမတွက်နိုင်သော
ခရမ်းရောင်အလင်းတန်းများ ထွက်လာပြီး

အထပ်ထပ်ပေါင်းစပ်ကာ
သူ့ပတ်ပတ်လည်၌
စွမ်းအင်အတားအဆီးများ
ဖြစ်ပေါ်လာခဲ့သည်။

အုန်း!

လော့ချန်းယွန်ထံမှ ဖိအားက ယန်ယဲ့ရပ်နေသော အောက်မြေပြင်ကို
ကွဲထွက်သွားစေကာ
အလွှာတစ်ခုပြီးတစ်ခုပြိုကျလာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့၏
ဓားစွမ်းအင်အလင်းတန်းက
လော့ချန်းယွန်၏ လက်ဝါးကို
တိုက်ရိုက်ထိုးဖောက်သွားကာ
ဒုတိယမြောက်လက်ဝါးကိုလည်း
အသာလေး ဖျက်ဆီးပစ်ခဲ့သည်။
ဓားစွမ်းအင်က ရပ်တန့်မသွားခဲ့ပေ။
သို့သော်လည်း
ဒုတိယမြောက်တိုက်ခိုက်မှုနှင့် ရင်ဆိုင်
တွေ့ချိန်တွင်မူ နှစ်ခုလုံးဟာ ပြင်းထန်စွာ

တုန်လှုပ်သွားကြသည်။ သို့သော်
သိပ်မကြာလိုက်ပေ၊ လော့ချန်းယွန်း
ဒုတိယမြောက်တိုက်ခိုက်မှုကလည်း
အပိုင်းပိုင်းပေါက်ကွဲသွားခဲ့လေသည်။
ထို့နောက်တွင် ဓားစွမ်းအင်က
အတားအဆီးမရှိ ရှေ့သို့ဆက်လက်
တိုးဝင်သွားကာ လော့ချန်းယွန်၏
ရှေ့မှကာဆီးထားသော
စွမ်းအင်အတားအဆီးကို ထိမှန်သွားသည်။

ခွမ်း!

ထိုခဏလေးအတွင်း
ပေါက်ကွဲသံကြီးတစ်ချက်
ထွက်ပေါ်လာပါသည်။ ထို့နောက်
မရေမတွက်နိုင်သော
အထပ်ထပ်ပေါင်းစပ်ထားသည်
စွမ်းအင်အတားအဆီးက ချက်ချင်း
ကွဲအက်သွားပါတော့သည်။
ကောင်းကင်ယံအထက်သို့ ဓားစွမ်းအင်များ
ပြန့်နှံ့လာပြီးနောက် ပြင်းထန်သော
အော်ဟစ်သံများပါ ပဲ့တင်ထပ်လာခဲ့သည်။

ဂျိန်း!

ကောင်းကင်ယံထက်ရှိ
မိုင်ထောင်ချီဝေးသောနေရာကနေ
စွမ်းအင်တိမ်တိုက်တစ်ခု ကောင်းကင်ယံ၌
အဝေးမှ ပေါ်လာခဲ့လေသည်။
စွမ်းအင်တိမ်တိုက်က
ကမ္ဘာဖျက်အရှိန်အဝါများ ထင်ဟပ်နေကာ
အားလုံးလည်း အကြီးအကျယ်
တုန်လှုပ်သွားခဲ့ကြလေသည်။

ဂျုန်း...ဘမ်း...ဘမ်း!

ဤအချိန်တွင်
ထင်းရှူးစီရင်စုတစ်ခုလုံးသည် ပြင်းထန်စွာ
တုန်လှုပ်သွားပါတော့သည်။ ထင်းရှူးစီရင်စု
တစ်ခုလုံးမှ မရေမတွက်နိုင်သော
တောင်တန်းများနှင့် မြေပြင်တစ်လျှောက်
အက်ကွဲကာ ပြိုကျစပြုလာပါသည်။
သို့သော် ထိုမျှနှင့် မပြီးသေးပေ၊ စီရင်စု၏
မြေပေါ်မြေအောက်နှစ်ခုလုံးမှ
မီးတောင်များအားလုံး

စတင်ပေါက်ကွဲထွက်လာခဲ့သည်။
တစ်ချိန်တည်းမှာပဲ စီရင်စုတစ်ခုလုံးရှိ
ပင်လယ်သမုဒ္ဒရာအသီးသီးမှ
ရေမမရေလှိုင်းလုံးကြီးများ မြင့်တက်လာပြီး
လေထဲသို့ တက်သွားကာ
မိုင်ပေါင်းထောင်သောင်းချီ၍
ကျယ်ဝန်းသော မြေပြင်အား
ဖုံးလွှမ်းသွားတော့သည်။

သို့သော် ထိုထက်ပို၍
ကြောက်စရာအကောင်းဆုံးမြင်ကွင်းကား

မြောက်ပိုင်းဒေသရှိ ဝိညာဉ်စွမ်းအင်များဟာ
လုံးဝထုတ်ယူလိုက်သလိုပင်၊
မည်သည့်ဝိညာဉ်စွမ်းအင်
အရိပ်အယောင်မျှပင်
လုံးလုံးလျားလျားပျောက်ကွယ်သွားခဲ့သည်။
ပျောက်ကွယ်သွားသည်က
ဝိညာဉ်စွမ်းအင်သာမဟုတ်ဘဲ မြေအောက်ရှိ
ဝိညာဉ်စွမ်းအင်သွေးကြောများပင် တစ်စစီ
ပျက်စီးသွားခဲ့ပါသည်။ အတိုချုပ်ဆိုရသော်
ဤအခိုက်အတန့်ကား ထင်းရှူးစီရင်စု၏
အဆုံးသတ်နေ့ရောက်လာသလိုပင်။

ကောင်းကင်မြို့တော်.... မဟုတ်ပေ၊

ဤအချိန်တွင် ကောင်းကင်မြို့တော်က ပျော

က်ကွယ်သွားပြီ ဖြစ်သည်။ မူလက

ကောင်းကင်မြို့တော်ရှိရာနေရာတွင်ကား

အောက်ခြေမသိနိုင်သော

ရောမချောက်နက်ကြီးတစ်ခုသာ

ကျန်တော့၏။

ဤအခိုက်အတန့်၌ ယန်ယွဲ့သည်

ချောက်နက်ကြီး အောက်ခြေမှ

မြေပြင်ပေါ်တွင်
လဲလျောင်းနေခဲ့သည်။အချိန်အတော်ကြာမှ
သူ့မျက်လုံးကို ဖြည်းညှင်းစွာ မဖွင့်ခင်
သူ၏စိတ်အာရုံအသိကို သူ့ခန္ဓာကိုယ်ထဲသို့
ပို့လွှတ်လိုက် "ဓားဝိညာဉ်၊ ဓားဝိညာဉ်....

သူမ ထံမှ စကားပြန်မကြားရပေ။

ယန်ယွဲ့၏ နှလုံးသားက ချက်ချင်း
တင်းမာသွားပြီး ထိတ်လန့်မှုများ
တားဆီးမရအောင်

ပေါ်လာခဲ့သည်။ကံကောင်းထောက်မစွာ ဤအချိန်တွင် အားနည်းနေသော အသံက သူ့စိတ်ထဲ၌ တိုးညှင်းစွာပင် ထွက်လာခဲ့သည် “ငါ... အဆင်ပြေပါတယ်....”

သူမ အဆင်ပြေနေသည်ကို ကြားလိုက်မှသာ ယန်ယဲ့သည် သက်ပြင်းတစ်ချက်ချကာ ချက်ချင်းပင် "ငါ့ရဲ့ဆန်းကြယ်ရွှေချိုကန်.... ရွှေချိုကန် ဘယ်မှာလဲ"ဟု စိုးရိမ်တကြီး အော်လိုက်လေသည်။

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
ဆန်းကြယ်ရွှေချိကန်က အနည်းငယ်
လှုပ်ပတ်သွားသည်။ ယန်ယဲ့လည်း
ဆန်းကြယ်ရွှေချိကန်
အကောင်းတိုင်းရှိနေသည်ကို မြင်လိုက်ရာ
စိတ်သက်သာရာရသွားပါတော့သည်။

ဓားဝိညာဉ် နှင့် ဆန်းကြယ်ရွှေချိကန်
နှစ်ခုလုံး အဆင်ပြေနေသရွေ့ သူ့အတွက်
ကောင်းပါသည်။

ထို့နောက် ယန်ယဲ့သည် နှုတ်ခမ်းထောင့်တွင်
အပြုံးတစ်ခု ရစ်ဝဲလာသည်။ သူက
မတ်တပ်ထရပ်ဖို့ ပြင်လိုက်စဉ်
အမှန်တကယ် မလှုပ်ရှားနိုင်တော့သည်ကို
သတိပြုမိပြီး
အံ့အားသင့်သွားခဲ့သည်။ သူ့ခန္ဓာကိုယ်ကို
အလျင်အမြန် စစ်ဆေးကြည့်လိုက်ပြီး
အချိန်တော်တော်ကြာသော် အကူအညီမဲ့စွာ
ရယ်မောလိုက်လေသည်။ ဓားဝိညာဉ်နှင့်
ဆန်းကြယ်ရွှေချီကန်က
မဆင်ပြေနေသော်လည်း

သူကိုယ်တိုင်ကတော့ အတော်လေး
ဆိုးရွားလှသည်။

ဤအခိုက်အတန့်တွင် သူ၏ခန္ဓာကိုယ်ထဲ၌
မည်သည့် ဆန်းကြယ်ချီစွမ်းအင်မျှ
မကျန်တော့ဘဲ သူ့တစ်ကိုယ်လုံးပါ
ကွဲအက်သွားခဲ့သည်။ သူ၏
ခန္ဓာကိုယ်သွေးကြောများပါ
ကွဲအက်သွားသည်။ တစ်ခုတည်းသော
ကျန်ရှိနေသည့်အရာက သူ၏ကျင့်ကြံမှုဟာ
ကျဆင်းမသွားခဲ့ပေ။

ရုတ်တရက်ဆိုသလို သူ့အောက်တွင်
တစ်ခုခု စီးဆင်းနေသလို ခံစားလိုက်ရပြီး
နောက်ကျောပြင်တစ်ခုလုံး
ပူလောင်သွားလေသည်။ ယန်ယဲ့သည်
ချက်ချင်းပင် ခေါင်းကို စောင်းငဲ့ပြီး
ကြည့်လိုက်ရာ
အလွန်တုန်လှုပ်သွားတော့သည်။
အကြောင်းမှာ ချော်ရည်ပင်လယ်ကြီး
ဖြစ်နေကြောင့်အင်။ ချော်ရည်များက
သူ့ကိုခြိမ်းခြောက်မှု မရှိသော်လည်း

ချော်ရည်ပင်လယ်ထဲတွင်
မနစ်မြုပ်ချင်ပေ။ ခဏအကြာတွင်
သူခံစားရသည့် ဒဏ်ရာများက
အနည်းငယ်သက်သာလာပြီး ဖြည်းညှင်းစွာ
မတ်တပ်ထရပ်လိုက်သည်။

ထို့နောက်တွင်
မူလခရမ်းရောင်သလင်းကျောက်တစ်တုံးကို
ထုတ်ယူလိုက်ပြီး မျိုချလိုက်သည်။
အချိန်အနည်းငယ် ကုန်ဆုံးသွားပြီးနောက်
သူ့ခန္ဓာကိုယ်ထဲ၌ ဆန်းကြယ်ချီစွမ်းအင်များ

ပေါ်လာကာ ဆန်းကြယ်ရွှေချိုကန်ကလည်း
လျှင်မြန်စွာ
လည်ပတ်နေတော့သည်။ တစ်ချိန်တည်းတွ
င် ဆန်းကြယ်ရွှေချိုကန်ထဲကနေ
သိပ်သည်းသော
မူလခရမ်းရောင်စွမ်းအင်လှိုင်းများ
စီးထွက်လာပြီး သူ့ခန္ဓာကိုယ် အနှံ့
ပြန့်နှံ့သွားကာ ပြုပြင်ပေးခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့သည် သူ၏ခန္ဓာကိုယ်တစ်ခုလုံးက

အနည်းငယ်လှုပ်ရှားနိုင်စွမ်းရှိလာခဲ့သည်။
ထို့နောက် သူ၏ခြေဖဝါးကို ထိန်းချုပ်ကာ
ချောက်နက်ထဲကနေ မြေပြင်အထက်သို့
ဖြည်းညှင်းစွာ ပျံတက်လာခဲ့သည်။
သို့သော်လည်း ဤအခိုက်အတန့်တွင်
သူ့မျက်စိရှေ့မှ မြင်လိုက်ရသော
မြင်ကွင်းကြောင့် ယန်ယွဲ့သည် အလွန်တရာ
အံ့အားသင့်သွားခဲ့လေသည်။

ကောင်းကင်မြို့တော်ကို
မည်သည့်နေရာတွင်မှ မတွေ့တော့ဘဲ

ပတ်ဝန်းကျင်သည် မပြတ်စီးဆင်းနေသော

သွေးစီးကြောင်းများသာ ဖုံးလွှမ်းနေပြီး

ခြေပြတ်၊လက်ပြတ်များ

အထပ်ထပ်ပုံနေခဲ့သည်။

ရုတ်တရက်ဆိုသလိုပင်

ပတ်ဝန်းကျင်တစ်ခုလုံးရှိ

သွေးစီးကြောင်းများက

ကောင်းကင်ယံအထက်သို့ စုရုံးသွားကာ

သူ့ခန္ဓာကိုယ်ထဲသို့ စီးဝင်လာပါသည်။

အဆုံးတွင် သွေးစီးကြောင်းများက သူ၏

သတ်ဖြတ်ခြင်းနှလုံးသားထဲသို့
စုပ်ယူခံလိုက်ရသည်။

သို့သော် ယန်ယဲ့သည်
သွေးစီးကြောင်းများကို ဂရုမစိုက်ဘဲ
ပတ်ဝန်းကျင်တစ်ခုလုံးကို
အဆက်မပြတ်ရှာဖွေနေခဲ့သည်။

" လောင့်ချန်းယွန် ဘယ်မှာလဲ "

သူ၏တိုက်ခိုက်မှုသည်
ကောင်းကင်တာအိုမျက်လုံးကိုပင်
ဖျက်ဆီးပစ်နိုင်သော်လည်း
လော့ချန်းယွန်ကတော့ အင်ပါယာအဆင့်
ကျင့်ကြံသူ ရှိနေခဲ့သည်။ လော့ချန်းယွန်က
ကောင်းကင်တာအိုမျက်လုံးထက်သာလွန်
သော တည်ရှိမှုတစ်ခုဖြစ်ခဲ့သည်။

ယန်ယဲ့သည် ကောင်းကင်အထက်သို့
အချိန်တော်တော်ကြာ မော့ကြည့်နေပြီး
အနီးပတ်ဝန်းကျင်ကို

စစ်ဆေးကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ သူ့မျက်လုံးများက

ရုတ်တရက် ကျဉ်းမြောင်းသွားခဲ့ပြီး

ဟာကျူလီယံဓားကို ဖြည်းညှင်းစွာ

ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

သူ့ရှေ့တည့်တည့်ကို

စူးစိုက်ကြည့်နေလေသည်။ အကြောင်းမှာ

သူနှင့် မီတာ ၃၀ ခန့်အကွာ၌ လူတစ်ယောက်

ရပ်နေသောကြောင့်ပင်။

ထိုလူက ခန့်မှန်းစရာမလိုအောင်ပင်
လောချန်းယွန် ပါ။ ဤအခိုက်အတန့်တွင်
လောချန်းယွန်၏ ခန္ဓာကိုယ်က
တည်ငြိမ်နေသော်လည်း
သူ့မျက်လုံးအစုံကတော့
အသက်မဲ့နေပုံရသည်။ သူသည် ယန်ယဲ့၏
ဓားနည်းစနစ်ကြောင့်
အံ့အားသင့်တုန်လှုပ်သွားပုံပါ။

လောချန်းယွန်က ယန်ယဲ့
ရောက်ရှိလာသည်ကို သတိပြုမိသဖြင့်

ခေါင်းကို ဖြည်းညှင်းစွာမော့လိုက်ပြီး
ယန်ယဲ့ကို စိုက်ကြည့်နေသည်။
အချိန်အနည်းငယ် ကြာပြီးနောက်
သူက စိတ်ဆင်းရဲစွာဖြင့် ရယ်မောလိုက်ကာ
“ငါလော့ချန်းယွန်က
နှစ်ပေါင်းထောင်နဲ့ချီကျင့်ကြံခဲ့တယ်။
နောက်ဆုံးတော့ အင်ပါယာအဆင့်ကို
အောင်အောင်မြင်မြင်နဲ့ တက်လှမ်းနိုင်ခဲ့ပြီ။
ပြီးတော့ အပြင်လောကရဲ့နေရာမျိုးစုံကို
လွတ်လွတ်လပ်လပ် စူးစမ်းလေ့လာဖို့
ရည်ရွယ်ထားခဲ့ပေမဲ့

အင်ပါယာအဆင့်ကျင့်ကြံသူ
မရှိတဲ့လောကမှာ သေရလိမ့်မယ်လို့
ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့ဖူးဘူး၊
ဒါ့အပြင် ငါ့ကို သတ်ခဲ့တဲ့သူကလည်း
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေလိမ့်မယ်လို့ တစ်ခါမှတောင်
မတွေးထားဖူးဘူး"

၁၃၃၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၃၁ - အင်ပါယာတစ်ပါး

ကျဆုံးခြင်း/ ကောင်းကင်ဘုံ၏အပြစ်သား

ယန်ယဲ့က

စကားမပြောပေ။ ဓားစိတ်ဆန္ဒဓားတစ်ချော

င်းကို ဖန်တီးလိုက်ပြီး လော့ချန်းယွန်

ဆီသို့ပိုင်းချလိုက်သည်။

သို့သော်လည်း "ယန်ယဲ့၊
မင်းကအနိုင်ရပြီလို့ထင်လား" လော့ချန်းယွ
န်၏ မျက်နှာပေါ်တွင် ကြီးကျယ်သော
အပြုံးတစ်ခု ပေါ်လာသည်။ သူက ယန်ယဲ့ကို
စိုက်ကြည့်ကာ "မင်းပတ်ဝန်းကျင်က
ကမ္ဘာကို
တစ်ချက်ကြည့်လိုက်။ မင်းကိုယ်တိုင်
ဒီလောကရဲ့တစ်ဝက်လောက်နီးပါးကို
ဖျက်ဆီးပစ်ခဲ့တယ်။ မြေအောက်က
မရေမတွက်နိုင်တဲ့ ဝိညာဉ်သွေးကြောတွေနဲ့
ဝိညာဉ်စွမ်းအင်ကြောတွေပါ

ပျက်စီးသွားပြီ။ ဒါ့အပြင်
ထင်းရှူးစီရင်စုတစ်ခုလုံးရဲ့
ဝိညာဉ်စွမ်းအင်တွေက မကြာခင်မှာ
ခမ်းခြောက်သွားတော့မယ်။
မဟုတ်သေးဘူး၊ အဲဒီမှာပဲ အဆုံးသတ်တာ
မဟုတ်ဘူး။ အခုကစပြီး မြေအောက်က
ဝိညာဉ်သွေးကြောတွေ
ပျောက်ကွယ်သွားတဲ့အခါကျရင်
ချော်ရည်ပူတွေက ဒီလောကထဲကို
စိမ့်ဝင်လာလိမ့်မယ်။ နောင်နှစ်ပေါင်း ၁၀၀
အတွင်းမှာ ထင်းရှူးစီရင်စုက

လူသားမျိုးနွယ် ဒါမှမဟုတ် နတ်ဆိုးမျိုးနွယ်
တွေ မရှိတော့တဲ့ လောကတစ်ခုအဖြစ်
ပြောင်းသွားမှာ သေချာတယ်"

ယန်ယဲ့က "ဒါဆို မင်းငါ့ကို သတ်ခွင့်ပေးပြီး
ငါကပြန်မတိုက်ခိုက်သင့်ဘူးလို့
ပြောနေတာလား"

"ယန်ယဲ့၊ မင်းရဲ့လုပ်ရပ်တွေက
ကောင်းကင်ဘုံကို
လုံးလုံးဆန့်ကျင်လိုက်ပြီ။ မင်းငါ့ကိုသတ်ခဲ့

ပေမဲ့ ဒီလောကက မင်းကို အသက်ရှင်ခွင့်မပြုတော့ဘူးဆိုတာ သတိရပါ။ ဒီလောကရဲ့ ကောင်းကင်ဘုံတာအိုက မင်းကို အသက်ရှင်ခွင့်မပြုတဲ့အပြင် ရောင်စဉ်ဖြာဒေသရဲ့အုပ်ချုပ်သူတွေတောင် မင်းကို အသက်ရှင်ခွင့် မပေးနိုင်ဘူး။ ယန်ယွဲ့၊ မင်းဟာ သေမဲ့နေ့ကို စောင့်နေရုံပဲ"

ထိုစကားပြောပြီးသည်နှင့် လော့ချန်းယွန်၏ ပုံရိပ်သည် ဖြည်းညှင်းစွာ ပြန့်ကျဲလာသည်။

ဤအချိန်တွင် ဓားဝိညာဉ်၏ စိုးရိမ်တကြီး
ပဲ့တင်ထပ်လာသည်
“ဒါမကောင်းပါဘူး။ အင်ပါယာတွေက
သူတို့ရဲ့
အသိစိတ်တစ်ပိုင်းတစ်ကျန်နေရင်တောင်
ပြန်လည်မွေးဖွားနိုင်သေးတယ်။
ဒီလောချန်းယွန်က ခန္ဓာကိုယ်ပျက်စီးသွား
ပေမဲ့ သူ့ရဲ့စိတ်ဝိညာဉ်က
တည်ငြိမ်နေတုန်းပဲ။ တခြားသူတစ်ယောက်
ရဲ့ခန္ဓာကိုယ်ကို အပိုင်စီးပြီး ပြန်လည်

ဝင်စားခြင်းသံသရာစက်ဝန်းထဲကို
ဝင်ရောက်ဖို့ အလားအလာ
တော်တော်များတယ်”

ယန်ယဲ့သည် ချက်ချင်း မျက်နှာပျက်သွားပြီး
"သူ့ရဲ့စိတ်ဝိညာဉ်အသိကို
ငါဘယ်လိုဖျက်ဆီးပစ်ရမလဲ"

ဓားဝိညာဉ်က လေးနက်စွာပြောခဲ့သည် “နင်
မလုပ်နိုင်ဘူး။ နင့်ရဲ့လက်ရှိခွန်အားက
အဲဒီအဆင့်မှာ မဟုတ်ဘူး။ ဒီဟာ့ နင်က

သူ့ရဲ့အသိစိတ်ကို ချက်ချင်းဖျက်ဆီးလို့ မရဘူး”

ယန်ယဲ့ဟာ နှလုံးသားတစ်ခုလုံး နစ်မြုပ်သွားသည်။

ရုတ်တရက်ဆိုသလိုပင် သူ့ရင်ဘတ်ပေါ် ရှိ ချုန်းချီတက်တူးမှ ပြိုးပြိုးပြက်ပြက်ပြက်လက်နေသော အနီရောင်အလင်းတန်းများ

ထွက်ပေါ်လာပြီး အားကောင်းသော

စုပ်ယူအားလှိုင်းများ ထွက်ပေါ်လာခဲ့သည်။

"အား!..ဒါ.... ဒါက ဘာ

ကြီးလဲ" တစ်ချိန်တည်းမှာပင်

လော့ချန်းယွန်၏ အော်ဟစ်သံများ

ထွက်ပေါ်လာသည်။

သို့သော် သိပ်မကြာလိုက်ပေ၊

လော့ချန်းယွန်၏ အသံက

ပျောက်ကွယ်သွားပြီး

အနီရောင်အလင်းတန်းလည်း
ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့ဟာ အတော်လေးအံ့သြသွားသည်။

တစ်ချိန်တည်းမှာပဲ ဓားဝိညာဉ်၏အသံက
ထပ်မံ ထွက်ပေါ်လာခဲ့သည်။ သူမက
ထိတ်လန့်နေသော အသံဖြင့်
"နင့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဲဒီသက်ရှိက
လော့ချန်းယွန်ရဲ့
စိတ်ဝိညာဉ်အသိတစ်ခုလုံးကို

ဝါးမျိုပစ်လိုက်တယ်။ ဒါက ဘာလဲ...
ဘယ်လို ဘီလူးမျိုးလဲ"

ယန်ယွဲ့လည်း တုန်လှုပ်သွားမိသည်။
ချုန်းချီက မည်သို့သော တည်ရှိမှုမျိုး
ဖြစ်ကြောင်း သူလည်း သိချင်နေပါသည်။
ဓားဝိညာဉ်ပင် ကြောက်ရွံ့နေသည်မဟုတ်ဘဲ
နတ်ဘုရားကဲ့သို့အစွမ်းထက်သော
ထိုအမျိုးသမီးပင်လျှင် ချုန်းချီကို
ကြောက်ရွံ့ခဲ့သည်။အရေးအကြီးဆုံးက
တော့ ဆန်းကြယ်ရှေ့ချီကန် ပင် ၎င်းကို

ချုပ်နှောင်ဖို့ မဖြစ်နိုင်လုနီးပါးပါ။ အကယ်၍
ချုန်းချီသာ လွတ်မြောက်လာပါက သူ
တားဆီးနိုင်ပါမည်လော။

မည်သို့ပင်ဆိုစေကာမူ သူသည်
လုံးဝမတတ်နိုင်ပေ။သို့သော် ချုန်းချီက
နောက်တစ်နှစ်ကြာမှသာ
ချိတ်ပိတ်ထားခြင်းကနေ
လွတ်မြောက်နိုင်ပါလိမ့်မည်။
သို့သော်လည်း အဆိုးဆုံးက
လောချန်းယွန်၏ စိတ်ဝိညာဉ်ကို

ဝါးမျိုပြီးနောက် ချုန်းချီက
ပိုအားကောင်းလာခြင်းပင်။

"ငါ ဒီသက်ရှိကို ဖိနှိပ်ထားဖို့ နည်းလမ်းတစ်ခု
အမြန်ဆုံးရှာမှရမယ်" ယန်ယဲ့က
စိတ်ထဲတွင် ဆုံးဖြတ်ချက်ချလိုက်သည်။

ဂျိန်း!

ဤအခိုက်အတန့်တွင် ကောင်းကင်ယံ၌
ပေါက်ကွဲသံတစ်ခု ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် ရောမ
မျက်လုံးကြီးတစ်လုံး ပေါ်လာခဲ့သည်။

" ကောင်းကင်တာအိုမျက်လုံး..." ယန်ယဲ့၏
မျက်နှာသည် သိသိသာသာ
ပြောင်းလဲသွားပါတော့သည်
"သောက်ကျိုးနည်း တာအိုမျက်လုံးက
ဒီကိုဘာလာလုပ်ပြန်တာလဲဟ " ထိုလူက
ဒီမှာ ဘာပြန်လုပ်နေတာလဲ။

သို့သော် ကောင်းကင်တာအိုမျက်လုံး၏

အကြည့်က ယန်ယဲ့ အပေါ်သို့

ကျဆင်းသွားသည်။ ထို့နောက်တွင်

အနက်ရောင်နတ်လှျပ်စီးတိုင်လုံးတစ်ခုကို

ယန်ယဲ့ ဆီသို့

တည့်တည့်ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့သည်

ဤရုတ်တရက်အခြေအနေကြောင့်ပါးစပ်

ထောင့်များ

လှုပ်ယမ်းသွားသည်။ ဤအချိန်တွင်

သူ၏ခွန်အားဖြင့်
ကောင်းကင်တာအိုမျက်လုံးကို မည်သို့
ရင်ဆိုင်နိုင်မည်နည်း။

သို့သော် အမျိုးသမီးတစ်ယောက်က
ယန်ယဲ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး
သူမ၏လက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်ရာ
နတ်လျှပ်စီးတိုင်လုံးက ချက်ချင်း
ပျောက်ကွယ်သွားသည်။

"နတ်ကေရီ..." ယန်ယဲ့လည်း
အံ့အားသင့်သွားသည် "သူမ ဒီမှာ
ဘာလုပ်နေတာလဲ"

ဤအချိန်တွင်
ကောင်းကင်တာအိုမျက်လုံးကနေ
မရေမတွက်နိုင်သော
နတ်လျှပ်စီးကြောင်းများ ထွက်ပေါ်လာပြီး
နတ်လျှပ်စီးတိုင်လုံး (၁၀၀၀) နီးပါးက
သူတို့နှစ်ယောက် အပေါ်
ကျဆင်းလာပါတော့သည်။

အမျိုးသမီးက ကောင်းကင်တာအိုမျက်လုံးကို လေးနက်စွာ ကြည့်နေပြီး ရုတ်တရက် သူမ၏လက်ကို ဆန့်ထုတ်ကာ ယန်ယွဲ့၏ အပေါ်ဖက်သို့ ပုတ်လိုက်သည်။

ဘမ်း!

ယန်ယွဲ့သည် ဖြစ်ပျက်သွားသည့်အရာများကို

ရှင်းရှင်းလင်းလင်း မမြင်နိုင်သော်လည်း
ကောင်းကင်ယံအထက်ရှိ
နတ်လှျပ်စီးတိုင်လုံး(၁၀၀၀)ကျော်က
ချက်ချင်းပျောက်ကွယ်သွားသည်ကို
မြင်လိုက်ရလေသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များက
ဤမြင်ကွင်းကြောင့်
တဆတ်ဆတ်တုန်လှုပ်သွားရသည်။
လော့ချန်းယွန်က အင်ပါယာတစ်ပါးဖြစ်ပြီး
နတ်ကေရီလည်း

အင်ပါယာအဆင့်ကျင့်ကြံသူဟု
သူခံစားမိသည်။ သို့သော်လည်း အင်ပါယာ ၂
ပါးကြားမှ ခွန်အားကွာဟချက်က
မည်သည့်အတွက် ကြီးမားနေသည်ကို
နားမလည်နိုင်ပေ။

ဤအချိန်တွင် နတ်ဧကရီက
ကောင်းကင်အထက်သို့ရုတ်တရက်
လွင့်မျောလာပြီး
ကောင်းကင်တာအိုမျက်လုံးရှေ့သို့
ရောက်သွားသည်။

“ထားလိုက်ပါ! ဒါမှမဟုတ်သေ..." နတ်ဧကေ

ရီက ကောင်းကင်တာအိုမျက်လုံးကို

စိုက်ကြည့်နေရင်း

အေးစက်စက်ပြောလိုက်သော

စကားကြောင့် ယန်ယဲ့သည်

အလွန်တုန်လှုပ်သွားခဲ့သည်။

"အဲဒါက

ကောင်းကင်တာအိုမျက်လုံးလေ။ ကောင်း

ကင်တာအိုရဲ့မျက်လုံးလေ...."

ယန်ယဲ့သည် သူ့နှလုံးသားထဲတွင်
အပြင်းအထန် အော်ဟစ်နေခဲ့သည် " သူမက
တကယ်ပဲ ကောင်းကင်ဘုံတာအိုကို
ခြိမ်းခြောက်နေတာလား။ ဒီလောကမှာ
ဘာတွေဖြစ်နေလဲ။
ကောင်းကင်တာအိုရဲ့မျက်လုံးက
ဘယ်တုန်းကများ ဒီလိုအနိုင်ကျင့်ခံရတာလဲ"

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်တွင်
ကောင်းကင်တာအိုမျက်လုံးသည်
ရုတ်တရက် ပေါက်ကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် နဖူးထက်
စူးရှ ရှနာကျင်မှုကို ခံစားမိပြီး
မျက်နှာတစ်ပြင်လုံး ချက်ချင်း
ဖျော့တော့သွားသည်။ ဤအချိန်တွင်
နတ်ကေရီက သူ့ရှေ့တွင် ပေါ်လာသဖြင့်
အနည်းငယ် အံ့သြသွားသည်။

နတ်ကေရီက စကားမပြောဘဲ
ရှုပ်ထွေးသောအမူအရာများဖြင့်သာ
ယန်ယဲ့ကို စိုက်ကြည့်နေခဲ့သည်။

ယန်ယဲ့က "ဘာဖြစ်နေတာလဲ"

နတ်ဧကရီက စကားမပြောဘဲ
ကြေးမုံတစ်ချပ်ကို ထုတ်ယူပြီး
ယန်ယဲ့ရှေ့တွင် ပြလိုက်သည်။ ယန်ယဲ့သည်
ကြေးမုံပြင်ထဲ၌ ပေါ်လာသည့် သူ့နဖူးကို
မြင်လိုက်ရာ
အံ့သြသွားခဲ့သည်။ အကြောင်းမှာ သူ၏နဖူး
တွင် အပြစ်ဒဏ်ကိုကိုယ်စားပြုသော '罪'
စာလုံးရှိနေသောကြောင့်ပါ။

ယန်ယဲ့သည် အံ့သြနေသောအမူအရာဖြင့်
နတ်ကေရီကို စိုက်ကြည့်ကာ
"ဘာလဲ...အဲဒါကဘာလဲ"

နတ်ကေရီက စကားမစခင် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီးမှ
ပြန်ပြောခဲ့သည် “ကောင်းကင်ဘုံကို
ဆန့်ကျင်တဲ့သူတွေရှိရင် ဒါမှမဟုတ်
ကောင်းကင်တာအိုမျက်လုံးက သူတို့အပေါ်
ဘာမှမလုပ်နိုင်ရင် ခိုကိုးရာမဲ့ သူ့အလိုလို
စတေးပြီး

အဲဒီလူကို လောကရဲ့အပြစ်သားလို့ သတ်မှတ်လိမ့်မယ်။ ဒီလောမှာ ဘယ်သူမဆို အဲဒီကောင်းကင်အပြစ်သားကို သတ်နိုင်တယ်။ ဒါ့အပြင် သတ်နိုင်တဲ့လူက ဒီလောကရဲ့အကာအကွယ်နဲ့ ကောင်းကင်ဘုံကံကြမ္မာစွမ်းအားကို ရရှိလိမ့်မယ်"

ဤအထိ ပြောပြီးနောက် နတ်ကေရီက ယန်ယဲ့ကို တစ်ချက်ကြည့်ကာ "ကံကြမ္မာစွမ်းအားကို ရရှိတဲ့လူက

အတားအဆီးတစ်စုံတစ်ရာ မရှိဘဲနဲ့
ကျင့်ကြံနိုင်တယ်။ ဒါ့အပြင်
လောကတစ်ခုလုံးက ထူးခြားတဲ့
ကံကြမ္မာကောင်းချီးတွေကို
ပိုင်ဆိုင်မှာဖြစ်သလို မကြာခဏလည်း
ရနိုင်တယ်။ လောကရဲ့အကာအကွယ်ကို
ရထားတဲ့အတွက် အဲဒီလူတွေက
အန္တရာယ်ရှိနေတယ်ဆိုရင်
ကောင်းကင်တာအိုမျက်လုံးက ပေါ်လာပြီး
သူတို့ကို ကူညီပေးလိမ့်မယ်။

ပြီးတော့ အနာဂတ်မှာ သူတို့ရဲ့
ကျင့်ကြံမှုတွေအဆင့်တက်ခဲ့ရင်
ကောင်းကင်ဘုံအတိဒုက္ခကနေ
လွတ်မြောက်နိုင်ခွင့်တောင် ရတယ်"

ယန်ယဲ့သည် ခဏကြာ အံ့အားသင့်သွားပြီး
အချိန်အတော်ကြာမှ အကူအညီမဲ့စွာ
ရယ်မောလိုက်ပြီး "မင်းပြောသမျှကို
အခြေခံရရင် လူတိုင်း
ငါ့ကိုလိုက်သတ်လိမ့်မယ် မဟုတ်လား"

နတ်ကေရီက “ဒီထက်ဆိုးတဲ့သတင်း
ရှိသေးတယ်။နင် ဒါကိုကြားချင်လား"

ယန်ယဲ့၏ ခန္ဓာကိုယ်သည် အနည်းငယ်
တောင့်တင်းလာပါသည်။ သူက
မတတ်သာစွာ ရယ်မောရင်း
"ဆက်ပြောပါ...၊
ကြားပါရစေ။ ဒီ့ထက်ဆိုးတာ ဘာလဲ ဆိုတာ
နားထောင်ကြည့်ရအောင်”

နတ်ကေရီက "ရောင်စဉ်ဖြာဒေသရဲ့
အုပ်ချုပ်သူတွေက နင့်နောက်ကို
လိုက်ဖမ်းလိမ့်မယ်"

ယန်ယဲ့သည် အံ့သြသွားပြီး
"ရောင်စဉ်ဖြာဒေသရဲ့အုပ်ချုပ်သူတွေ လား
"

“သူတို့က ကျူးကျော်သူတွေကို
ကာကွယ်ပေးတဲ့ ရောင်စဉ်ဖြာဒေသရဲ့
အုပ်ချုပ်သူတွေ။ ပြီးတော့လည်း
ကောင်းကင်ဘုံကို ဆန့်ကျင်တဲ့သူတွေနဲ့

ရောင်စဉ်ဖြာဒေသရဲ့အပြစ်သားတွေကို
သေဒဏ်ပေးနိုင်တယ်"

ယန်ယဲ့က "သူတို့အရမ်းသန်မာနေသလား"

နတ်ကေရီက ယန်ယဲ့ကို စိုက်ကြည့်ကာ
ပြောလိုက်လေသည် "ငရဲခန်းမမှာ
ဒီလိုအပြစ်သားတစ်ယောက်ရှိတယ်ဆိုတာ
အုပ်ချုပ်သူတွေ သိသွားတော့တဲ့
ဘာဖြစ်သွားလဲ နင်သိလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

နတ်ကေရီက ဆက်ပြောခဲ့သည် “အဲဒီလူက သေတယ်။ ငရဲခန်းမရဲ့ အဆင့်မြင့်အာဏာပိုင်တွေ ရှေ့မှာပဲ အသတ်ခံလိုက်ရတယ်"

ယန်ယဲ့၏ မျက်နှာသည် အေးခဲသွားပြီး "ငါတော့ပြီးပြီ" ဟု တစ်လုံးတည်းသာ ပြောလိုက်တော့သည်။ နောက်ဆုံးတွင် သူသည် ငရဲခန်းမ၏ အင်အား

မည်မျှကြောက်စရာကောင်းသည်ကို
လက်တွေ့မြင်ခဲ့ရသည်။
သို့သော် ထိုထူးခြားဆန်းကြယ်သော
အင်အားစုပင်လျှင် ရောင်စဉ်ဖြာဒေသ၏
အုပ်ချုပ်သူများကို ခုခံဖို့မဝံ့ခဲ့ပေ။
ထိုသို့ဆိုလျှင် သူက မည်သို့
ရင်ဆိုင်မည်နည်း။

ချုန်းချီကို လွှတ်ပေးလိုက်လျှင်....။
မဖြစ်နိုင်ဟု သူ ခံစားမိသည်။ ချုန်းချီက
သန်မာသော်လည်း ငရဲခန်းမကို

ဖျက်ဆီးပစ်နိုင်မည်လော။ ထို့အပြင်
ချုန်းချီသာ လွတ်မြောက်လာပါက သူသည်
အရင်ဆုံးသေရပေလိမ့်မည်။

၁၃၃၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၃၃၂ - ငါက နင့်ရဲ့ဇနီးလား

“နှင့်ရဲ့နှဖူးက အဲဒီစာလုံးအကြောင်း
ဘယ်သူမှ မတွေ့ပါစေနဲ့။ မဟုတ်ရင်
ဘယ်သူမှ နှင့်ကို ကယ်နိုင်မှာ
မဟုတ်ဘူး” စကားပြောနေစဉ် နတ်ဧကရီက
အနက်ရောင်ပဝါကို လှန်လိုက်ပြီး
ယန်ယွဲ့ဧ၏နှဖူးတစ်ဝိုက်ကို
စည်းပေးလိုက်သည်။ ထို့နောက် သူမက
"ဒါက အင်ပါယာတွေရဲ့
နတ်ဘုရားစိတ်အာရုံအသိကို
တားဆီးပေးနိုင်တယ်။ ဒါပေမဲ့ ဒီလောကမှ

ထူးခြားဆန်းကြယ်တဲ့ပညာရှင်တွေ
မရေမတွက်နိုင်အောင် ရှိနေတယ်။ ဒီတော့
နင့်ဆီမှာရှိတဲ့ အပြစ်သားတံဆိပ်ကို
ဘယ်သူမှမသိဘူးလို့တော့
ငါအာမမခံနိုင်ဘူး။ တိုတိုပြောရရင်တော့
အားလုံးဟာ
ကိုယ့်ရဲ့ကံကြမ္မာနဲ့ကိုယ်ပဲဆက်သွားရမယ်။
ဒါအပြင် နောင်အနာဂတ်မှာ နင်က
ဒီနတ်ဓားကို လုံးဝမသုံးသင့်ဘူး"

ယန်ယဲ့သည် ရှေးဟောင်းနတ်ဓားကို စိုက်ကြည့်ကာ အံ့သြသောလေသံဖြင့် "ဘာလို့လဲ" ဟု မေးလိုက်သည်။

နတ်ကေရိက "အဲဒါက အင်ပါယာအဆင့် မှာရှိတယ်။ ဒါပေမဲ့ ဓားအိမ်နဲ့ ပေါင်းလိုက်တဲ့အခါကျ အင်ပါယာအဆင့် ထက်ကျော်သွားတယ်။ ဒီလိုမျိုး ဒဏ္ဍာရီလာရတနာလက်နက်က ဒီလောကမှာ ရှိမနေသင့်ဘူး။ အဲဒါက ကောင်းကင်တာအိုမျက်လုံးကို

သေချာပေါက်ဆွဲချလိမ့်မယ်။ ဒါ့အပြင်
အပြင်ကိုသတင်းပေါက်ကြားသွားတာနဲ့
မရေမတွက်နိုင်တဲ့ ကျင့်ကြံသူတွေက
သိမ်းပိုက်ဖို့ ကြိုးစားလာနိုင်တယ်။ နင်က
ဒီစီရင်စုတစ်ခုလုံး သဘာဝအတိုင်း
ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ပေမဲ့
ဗဟိုနတ်ဘုရားစီရင်စုမှာ
မရေမတွက်နိုင်အောင် ရှိနေတယ်”

"ငါနားလည်ပါတယ်" ယန်ယဲ့သည်
နဖူးပေါ် ရှိ အနက်ရောင် ပဝါကို

တို့ထိလိုက်ပြီး သူမကို ကြည့်ကာ "ဘာလို့ အဲဒီနေ့က စွန့်လွှတ်လိုက်တာလဲ" သူသည် နတ်ကေရီ လိုချင်ခဲ့သည့် ဆန်းကြယ်ရွှေချိကန်အကြောင်း မေးလိုက်၏။ ထိုနေ့တွင် သူ့ရှေ့မှ အမျိုးသမီးက ဆန်းကြယ်ရွှေချိကန်အား တမင်ယူဆောင်မသွားသည်ကို မယုံခဲ့ပေ။ သို့သော် ယခုအချိန်တွင်မူ ယုံကြည်ရန်ကလွဲလို့ ရွေးချယ်စရာမရှိပေ။ အကြောင်းမှာ သူမက သူ့အပေါ် ဆိုးဆိုးရွားရွား ရည်ရွယ်ချက်များ

ရှိမနေသောကြောင့်ပါ။ ထိုသို့မဟုတ်လျှင် ဤအထိလာပြီး ကူညီမှာမဟုတ်ပေ။

နတ်ကေရီက စကားမပြောဘဲ တိတ်တိတ်နေခဲ့သည်။

ယန်ယဲ့က ရုတ်တရက် ခေါင်းခါလိုက်ပြီး "ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်။ မင်းက ငါ့ရဲ့ဆန်းကြယ်ရှေ့စေတီကို ဘာကြောင့် လိုချင်တာလဲ မသိပေမဲ့ အခု ငါ မင်းကို အမှန်အတိုင်း ပြောနေတာ၊ ငါ တကယ်

မထိန်းချုပ်နိုင်သေးဘူး။ ဒါ့ထက် အဲဒါက
ဆန်းကြယ်စေတဲ့ မဟုတ်ဘူး”

“ငါ့ခြားတွေကို ငါ့ဆီပြန်ပေးပါ”
နတ်ဧကရီက ယန်ယဲ့ကို
ခက်ကြာစိုက်ကြည့်ရင်း
ပြောလိုက်လေသည်။

ယန်ယဲ့သည် အနည်းငယ်
အံ့အားသင့်သွား၏။ သို့သော်လည်း
သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ထို့နောက် နတ်ကေရီထံမှ သိမ်းယူထားသော အနက်ရောင်ဓား ၄ ချောင်းက သူ့ရှေ့တွင် ပေါ်လာသည်။ သူက အနက်ရောင်ဓား ၄ ချောင်းစလုံးကို စစ်ဆေးဖူးသော်လည်း ထူးခြားမှုတစ်စုံတစ်ရာပင် မတွေ့ခဲ့ပေ။ နောက်ဆုံးတွင်တော့ အနက်ရောင်ဓား ၄ ချောင်းအား ဖယ်ထားလိုက်တော့သည်။

နတ်ကေရီက သူမ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ဓား ၄ ချောင်းလုံး ပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့သည် ရုတ်တရက် ပြောလိုက်၏ "မင်း... မင်း ကိုယ့်ကိုကိုယ် ထပ်ပြီး ထပ်မလုပ်တော့ဘူး မဟုတ်လား" နတ်ကေရိုက ထိုဓား ၄ ချောင်းဖြင့် သူမ၏ခြေလက်များကို ပြန်ထိုးစိုက်ထားသောမြင်ကွင်းအား သူ့စိတ်ထဲ၌ မှတ်မိနေသေးသည်။

နတ်ကေရိုက ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "နင့်ရဲ့

ကောင်းကင်အုတ်ဂူက ဘယ်မှာလဲ" ဟု
မေးလိုက်သည်။

ယန်ယဲ့သည် သူမထံက
ကောင်းကင်အုတ်ဂူအကြောင်း
မေးလာသည်ကို ကြားလိုက်ရာ အနည်းငယ်
အံ့အားသင့်သွားခဲ့သည်။ တစ်ချိန်တည်းမှာပ
င် နတ်ဧကရီက ဆက်ပြောလေသည်
“အဲဒါက သွေးအဆီအနှစ်တွေကို
အဆက်မပြတ်စုပ်ယူထားတော့
ဆင့်ကဲပြောင်းလဲတော့မယ်"

ယန်ယဲ့က ဝမ်းသာသွားပြီး "ဒါက ကောင်းတာပဲ"

"နင် ငရဲသွားချင်နေတာလား"

ယန်ယဲ့သည် သူမ၏ စကားကြောင့် ဘာပြောရမှန်းမသိ ဆွံ့အသွားသည်။

နတ်ကေရီက “သိုင်းသူတော်စင်တွေနဲ့ အင်ပါယာတစ်ပါး အပါအဝင်

ကျင့်ကြံသူများစွာရဲ့ သွေးအဆီအနှစ်တွေကို ဆက်တိုက် စုပ်ယူခဲ့တယ်။ ဒီတော့ အဆင့်တက်တော့မယ်။ ဒါပေမဲ့ အဆင့်တက်တာ အောင်မြင်သွားရင် နင်က အရင်ဆုံးသေရမဲ့သူဖြစ်လိမ့်မယ် "

"ငါ အဲဒါကို တည်ငြိမ်အောင်လုပ်ပြီးပြီ" ယန်ယဲ့ကပြောခဲ့သည် "သူက ငါ့ကို အန္တရာယ်ပြုဖို့ မကြိုးစားတော့ဘူး"

နတ်ကေရီက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး “ဒါက
သူ့ဘာသာသူ မလုပ်ရင်တောင် သူ့ရဲ့
မကောင်းဆိုးဝါးစွမ်းအင်နဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို နှင်ခံနိုင်ရည်
ရှိမှာ မဟုတ်ဘူး။ အင်ပါယာအဆင့်က
နှင်ထင်ထားသလောက် မရိုးရှင်းဘူးဆိုတာ
သိသင့်တယ်။ ပြီးတော့ အခုနှင်ကိုင်ထားတဲ့
ဒီဓားနဲ့ပတ်သက်ရင် သူမရဲ့
ဉာဏ်ရည်ဉာဏ်သွေးက ရင့်ကျက်ပြီး နှင့်ကို
အသိအမှတ်ပြုတယ်။ အဲဒါက

သတ်ဖြတ်ခြင်းများ မဟုတ်တဲ့အပြင်

နင့်ကိုလည်း ဒုက္ခပေးမှာမဟုတ်ဘူး။ဒါပေမဲ့

ကောင်းကင်အုတ်ဂူက

သတ်ဖြတ်ခြင်းများတစ်လက်ပဲ။

အင်ပါယာအဆင့်ကို ရောက်တာနဲ့

သူ့ဆီကနေ ထွက်လာမဲ့

မကောင်းဆိုးဝါးစွမ်းအင်နဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒတွေက

ပိုင်ရှင်ဖြစ်တဲ့ နင်က အရင်ဆုံး ခံစားရမယ်။

လက်ရှိနင်က အဲဒါတွေကို

ခုခံနိုင်မှာမဟုတ်ဘူး"

ယန်ယဲ့သည် ခဏလောက်
လေးလေးနက်နက် စဉ်းစားရင်း "ဒါဆို
ငါဘာလုပ်ရမလဲ"

နတ်ဧကရီက အပိုစကား
မပြောခဲ့ပေ။ ယန်ယဲ့ ဆီသို့ လျှောက်လာပြီး
သူ့ရင်ဘတ်ကို
အသာပုတ်လိုက်သည်။ ထိုခဏလေးအတွ
င်း သွေးတိုင်လုံးတစ်ခုက
ကောင်းကင်အထက်သို့ ထိုးတက်လာပြီး

ယန်ယဲ့၏ လက်ထဲ၌ သွေးစားတစ်ချောင်း ပေါ်လာသည်။

ယန်ယဲ့သည် သူ့လက်ထဲရှိ သွေးစားက ရုပ်ဝတ္ထုအသွင်ပြောင်းနေသည်ကို သတိပြုမိပြီး အံ့ဩသွားတယ်။ ထို့အပြင် သွေးစားဟာ သူ့လက်ထဲမှ ရုန်းနေလေသည်။

ဤအခိုက်တွင် ကောင်းကင်အုတ်ဂူ၏ စိုးရိမ်နေသောအသံ ရုတ်တရက်

ထွက်ပေါ်လာလေသည် "ယန်ယဲ့၊ ငါတို့က
အခု တစ်ဖက်တည်းမှာ ရှိနေပြီလို့
မင်းရဲ့ဇနီးကိုပြောပေး။
သူမကိုဘာမှမလုပ်ခိုင်းပါနဲ့"

နတ်ဧကရီက ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ငါက နင့်ရဲ့ဇနီးလား"

ယန်ယဲ့သည် သူမ၏အမေးကြောင့်
ဘာပြောရမှန်းမသိပေ။

ကောင်းကင်အုတ်ဂူက “ဟုတ်တယ်၊ မင်းကအရမ်းလှတယ်လို့တောင် ပြောသေးတယ်”

"ပါးစပ်ပိတ်ထားစမ်း" ယန်ယွဲ့၏ မျက်နှာသည် လုံး၀ မည်းမှောင်သွားသည် ။

ငင်းအချိန်တွင် သူ့အပေါ်ရောက်နေသော အမျိုးသမီး၏ အကြည့်စူးစူးများက အတော်လေးကို စိတ်မသက်မသာ ဖြစ်စေသည်။ ခဏအကြာတွင် သူ က

ရှက်ရွံ့စွာ ပြုံးပြလိုက်ပြီး
“အဲဒီသောက်ရူးဓားက ဒေါသတကြီး
လုပ်လိုက်မှာကို စိုးရိမ်လို့…”

နတ်ဧကရီက လက်ကိုဖြန့်ကာ
ယန်ယွဲ့၏ရင်ဘတ်ကိုအသာထုလိုက်သည်။
ထိုခဏလေးမှာပဲ နောက်ထပ်
သွေးတိုင်လုံးတစ်ခုကဟာ
ကောင်းကင်ထက်သို့ ထိုးတက်သွားသည်။

နတ်ကေရီက "မကန့်ကွက်နဲ့။ နင့်ကို
အင်ပါယာအဆင့်ရောက်အောင်
ငါကူညီပေးမယ်"

ကောင်းကင်အုတ်ဂူက
အလွန်ဝမ်းသာသွားသည်
"ကျေးဇူးတင်ပါတယ်... နတ်ကေရီ"

ကောင်းကင်အုတ်ဂူက ချက်ချင်းပင် ခုခံမှုကို
ရပ်တန့်လိုက်သည်။ ဤအချိန်တွင်
နတ်ကေရီက သူမ၏ ညာလက်ကို

ငှေ့ယမ်းလိုက်ရာ မရေမတွက်နိုင်သော
သွေးစီးကြောင်းများ ကောင်းကင်ယံမှ
ဆင်းလာခဲ့သည်။အဆုံးတွင်
သွေးစီးကြောင်းအားလုံးသည် ယန်ယဲ့၏
ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာပြီး
သတ်ဖြတ်ခြင်းတာအိုနှလုံးသားကနေ
စုပ်ယူသွားခဲ့သည်။ ယန်ယဲ့၏
သတ်ဖြတ်ခြင်းနှလုံးသားက တဖြည်းဖြည်း
အားကောင်းလာ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
သိပ်သည်းထားခဲ့သည်။

နတ်ကေရီက သူမ၏လက်ချောင်းထိပ်ကနေ

သွေးတစ်စက်ကို ရုတ်တရက်

ဖောက်ထုတ်ပြီး ယန်ယဲ့၏ ရင်ဘတ်ထဲသို့

ပစ်လွှ

တ်လိုက်သည်။ သတ်ဖြတ်ခြင်းနှလုံးသားက

ချက်ခြင်းစုပ်ယူလိုက်ချိန်မှာပဲ ယန်ယဲ့၏

မျက်လုံးများသည် ချက်ချင်းပင် နီရဲလာကာ

မကောင်းဆိုးဝါးစွမ်းအင်များနှင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ

တဟုန်ထိုးပေါက်ကွဲထွက်လာခဲ့လေသည်။

ဤအခိုက်အတန့်တွင်
အထက်ကောင်းကင်ကြီးတစ်ခုလုံးဟာ
သွေးရောင်အတိလွှမ်းခြုံထားခဲ့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
မကောင်းဆိုးဝါးစွမ်းအင်များက ကီလိုမီတာ
ထောင်သောင်းချီအကွာကနေပင်ရှင်းရှင်းလ
င်းလင်း ခံစားမိနိုင်သည် ။

နတ်ကေရီက သူမ၏လက်ကို ဆန့်ထုတ်ပြီး
ယန်ယွဲ့၏ ခေါင်းအထက် ဖိချလိုက်ရာ

မကောင်းဆိုးဝါးစွမ်းအင်နှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ကျုံ့လာပြီး
သတ်ဖြတ်ခြင်းနှလုံးသားထဲသို့
ပြန်ဝင်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည် တဖြည်းဖြည်း
ပုံမှန်ပြန်ဖြစ်လာသည်။ သူ့မျက်လုံးကို
ပြန်ဖွင့်လိုက်သောအခါ အနည်းငယ်
ကြောက်ရွံ့စိတ်များပင်ပေါ်လာသည်။အစော
ပိုင်းက
သူ၏သတ်ဖြတ်ခြင်းနှလုံးသားမှထွက်လာ

သော မကောင်းဆိုးဝါးစွမ်းအင်နှင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ
သူ၏စိတ်အာရုံအသိကို လွှမ်းမိုးသွားပြီး
လောကကို ဖျက်ဆီးပစ်လိုသော
စိတ်ဆန္ဒများ ဖြစ်ပေါ်လာခဲ့သည်။

သို့သော်လည်း ဤစိတ်ဆန္ဒများက
ကောင်းကင်အုတ်ဂူ၏
ရည်ရွယ်ချက်မဟုတ်ကြောင်း
သိနေပေသည်။ ကောင်းကင်အုတ်ဂူက
အင်ပါယာအဆင့် သို့တက်လှမ်းပြီးနောက်

သူ့ကိုယ်ပိုင်ခွန်အားက နိမ့်ကျလွန်းသဖြင့် ခုခံနိုင်စွမ်းမရှိခြင်းသာ။

အချိန်တော်တော်ကြာပြီးနောက်တွင် နတ်ကေရိက သူမ၏လက်ကို ဖယ်လိုက်ပြီး "အဲဒီဓားရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့ မကောင်းဆိုးရွာစွမ်းအင်တွေကိုအားလုံးကို တော့ နင့်ရဲ့သတ်ဖြတ်ခြင်းနှလုံးသားထဲကို ငါပေါင်းပေးထားပြီ။ နောင်မှာ ကောင်းကင်အုတ်ဂူကို အလွယ်တကူထုတ်မသုံးမိစေဖို့ သတိရပါ။

ဘာကြောင့်လဲဆိုတော့ နင့်ရဲ့

သတ်ဖြတ်ခြင်းနှလုံးသားထဲမှာအဆုံးအစမဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနဲ့

မကောင်းဆိုးဝါးစွမ်းအင်တွေ

သိပ်သည်းထားတယ်။ အဲဒါတွေကို

လွှတ်ချလိုက်တာနဲ့

ဒီလောကတစ်ခုလုံးကိုတောင် ဖျက်ဆီးပစ်ဖို့

လုံလောက်တယ်။ အဲဒီအချိန်မှာ

နင့်ရဲ့အသိစိတ်နဲ့ စိတ်ဆန္ဒတွေကို

မခုခံနိုင်ရင် နင်လည်း

သေချာပေါက်သေသွားနိုင်တယ်"

ယန်ယဲ့သည် နှလုံးသားတစ်ခုလုံး
တုန်ခါသွားပြီး “ငါ့ဒါကို မှတ်ထားမှာပါ”

နတ်ကေရီက ပေါ့ပေါ့ပါးပါး
ခေါင်းညိတ်ပြပြီး
"နင်ကကံကောင်းလိုက်တာ "

စကားပြောပြီးသည်နှင့် လှည့်ထွက်သွားဖို့
ပြင်လိုက်သည်။ သို့သော်လည်း သူမက
ရုတ်တရက် လှည့်ကြည့်လိုက်ရင်း

“တစ်ချိန်တုန်းက တစ်စုံတစ်ယောက်က ငါ့ကို သူ့ဇနီးလို့ ပြောခဲ့တယ်။ အဲဒီလူ ဘာဖြစ်သွားလဲ သိလား"

ယန်ယဲ့က ဘာမှမပြောဘဲ နှုတ်ဆိတ်နေခဲ့သည်။

နတ်ကေရီက ယန်ယဲ့ကိုကြည့်ကာ “သူသေပြီ၊ သူက အင်ပါယာတစ်ပါးပဲ။ နင်ကရော.."

ယန်ယဲ့သည် လုံး၀ စကားမပြောနိုင်သလို ခံစားလိုက်ရတော့သည်။

"နင့်မှာ ခွန်အားမရှိရင် တချို့အရာတွေကို လွယ်လွယ်မပြောမိစေနဲ့" ထိုစကား ပြောပြီးသည်နှင့် နတ်ကေရီ၏ ပုံရိပ်က နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

###Book.79